
စိတ်ကူးချိုချိုအနုပညာ

mgyoe.com



# ပြည်တော်သာ ပြည်ထောင်စုပန်းတိုင်

## ဦးနု

mgyoe.com

mgyoe.com

ဆရာကြီးဦးသိန်းဟန် (ဆရာဇော်ဂျီ)

ရွေးချယ်စီစဉ်ခဲ့သော

ထိုစဉ်က ဝန်ကြီးချုပ်ဦးနု၏

၁၉၄၇ မှ ၁၉၅၂ ထိ ဟောပြောချက်အချို့

ပြည်ထောင်စုပန်းတိုင် နှင့်

၁၉၅၂ မှ ၁၉၅၅ ထိ ဟောပြောချက်အချို့

ပြည်တော်သာပန်းတိုင်

စာအုပ်နှစ်အုပ်အား

ပြန်လည်စုစည်းထုတ်ဝေခြင်း

UNU0006
3,500.00 KS

mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၃၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၃၅၀၀ ကျပ်

၈၀၈・၈၄
ပြည်တော်သာပြည်ထောင်စုပန်းတိုင်
ဦးနု၊ -ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၃၊
စာမျက်နှာ ၃၄၄ မျက်နှာ၊ ၁၃ စင်တီ× ၂၀・၅ စင်တီ
(၁) ပြည်တော်သာပြည်ထောင်စုပန်းတိုင်

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ပြည်တော်သာ
# ပြည်ထောင်စုပန်းတိုင်
## ဦးနု

ပြည်ထောင်စုပန်းတိုင်နှင့်
ပြည်တော်သာပန်းတိုင်
နှစ်အုပ်ပေါင်း ရိုက်နှိပ်ခြင်း

နှစ်အုပ်ပေါင်းပထမအကြိမ်

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

ဦးနု

# ပြည်တော်စု ပန်းတိုင်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


– စုစည်းရွေးချယ်ခဲ့သူ၏ နိဒါန်း ၅

## ပြည်ထောင်စုအရေး

၁။ ဗိုလ်ချုပ်အပေါ်မှာ မေတ္တာရှိကြတယ်ဆိုရင် ၇
၂။ လက်ဝဲနိုင်ငံ ၁၃
၃။ ပြည်ထောင်စုနိုင်ငံ ၂၄

## စည်းလုံးရေး

၄။ ပြည်ထောင်စုနှင့် တို့တာဝန် ၂၉
၅။ ပြည်ထောင်စု၏ အရေးအကြီးဆုံးအရာ ၃၉

## ဒီမိုကရေစီအရေး

၆။ ၁၉၄၉ ခုနှစ်က ပြည်ထောင်စုအခြေအနေ ၄၄
၇။ ဒီမိုကရေစီနည်း ၅၄


mgyoe.com

mgyoe.com

## ပြည်တော်သာအရေး


| | | |
|---|---|---|
| ၈။ | တစ်နှစ်အတွင်း ငြိမ်းချမ်းရေး | ၆၆ |
| ၉။ | ငြိမ်းချမ်းရေးမှ တည်တံ့ခိုင်မြဲရေးသို့ | ၇၇ |
| ၁၀။ | ပါလီမန် ရွေးကောက်ပွဲ | ၉၇ |
| ၁၁။ | ဗလငါးတန် မဏ္ဍိုင်ငါးရပ် | ၁၀၁ |
| ၁၂။ | ပြည်တော်သာစီမံကိန်းများ | ၁၀၆ |
| | မှတ်စုမှတ်ရာများ | ၁၂၃ |
| | အမှာစာ | ၁၄၀ |
| | နောက်ဆက်တွဲ | ၁၄၂ |


mgyoe.com

mgyoe.com

## စုစည်းရွေးချယ်ခဲ့သူ၏ နိဒါန်း

ဤစာအုပ်သည် ၁၉၄၇ ခုနှစ်၊ ဇူလိုင်လမှ ၁၉၅၂ ခုနှစ်၊ ဩဂုတ်လ အထိ၊ အသံလွှင့်ဌာနမှလည်းကောင်း၊ လူထု တရားပွဲများ၌လည်းကောင်း၊ အသင်းအဖွဲ့ တရားပွဲများ၌လည်းကောင်း နိုင်ငံတော်ဝန်ကြီးချုပ် မိန့်ကြား ခဲ့သော မိန့်ခွန်းတစ်ရာခန့်မှ၊ မိန့်ခွန်း ၁၂ ခုမျှကိုသာ ရွေးချယ်ဖော်ပြလိုက် ပါသည်။

ရွေးချယ်ရာတွင် အချက်သုံးချက်ကို မူတည်၍ ရွေးချယ်ပါသည်။ ထိုသုံးချက်မှာ (၁) **"ပြည်ထောင်စုပန်းတိုင်"** ဟူသော အမည်နှင့် လိုက် အောင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ မည်သို့ ဖြစ်ပေါ်လာ၍ ခြောက်နှစ် အတွင်း မည်သို့ ဖြစ်ပျက်ခဲ့ပုံ သဘောကိုလည်းကောင်း၊ ပြည်ထောင်စု ဟူ၍ ဖြစ်ပေါ်လာပြီးနောက် နိုင်ငံတော်၌ မည်သို့သော ရည်ရွယ်ချက်မျိုး ထားရှိပုံသဘောကိုလည်းကောင်း၊ ရည်ရွယ်ချက်အတိုင်း အကောင်အထည် ပေါ်လာအောင် မည်သို့ အားထုတ်နေပုံ သဘောကိုလည်းကောင်း ထင်ရှား စေရန် ရည်ရွယ်ပါသည်။ (၂) အထက်ပါ သဘောသုံးခုကို ပေါ်အောင် ဖော်ရာတွင် မြစ်မကြီးသဖွယ် ဖြစ်သော မိန့်ခွန်းမျိုး ပါရှိစေရန် ရည်ရွယ် ပါသည်။ (၃) မြန်မာစကားပြေ ရေးသားပုံ၌လည်းကောင်း၊ ပရိသတ် နားရှင်း၍ စိတ်ညွတ်လာအောင် ဆိုတတ်မိန့်တတ်ပုံ၌လည်းကောင်း လွယ် လွယ်ကူကူ နည်းယူနိုင်မည်ဖြစ်သော မိန့်ခွန်းမျိုးလည်း ပါရှိစေရန် ရည် ရွယ်ပါသည်။

mgyoe.com

mgyoe.com

စာသင်သားများသည် ဤမိန့်ခွန်းတစ်ဆယ့်နှစ်ခုကို သေချာစွာ လေ့လာလျှင် အထက်ပါ အချက်သုံးချက်၏ အလိုအတိုင်း မိမိတို့ နိုင်ငံ၏ လွတ်လပ်ရေး ရစ သမိုင်းအပြင် မြန်မာစကားပြေ အရေးအသား အဆို အမိန့်ကိုပါ သိနားလည်လာကြမည်ဟု ထင်မြင်ပါသည်။ လွယ်လွယ်ကူကူ သိနားလည်နိုင်အောင်လည်း မိန့်ခွန်းများအဆုံး၌ မိန့်ခွန်းအသီးသီးအတွက် မှတ်စုမှတ်ရာများကို ဖော်ပြထားပါသည်။ ထို့ပြင် စကားပြေအရေးအသား အဆိုအမိန့် လေ့လာနည်းအတွက်လည်း အမှာစာကို ထည့်ထားပါသည်။

ဦးသိန်းဟန်
ရန်ကုန်တက္ကသိုလ် ပိဋကတ်တိုက်မှူး
ကျောင်းသုံးစာအုပ် ထုတ်လုပ်မှု ညွှန်ကြားရေးဝန်

mgyoe.com

mgyoe.com

## ၁။ ဗိုလ်ချုပ်အပေါ်မှာ မေတ္တာရှိကြတယ်ဆိုရင်

### ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၂၁ နေ့၊ အသံလွှင့်မိန့်ခွန်း

ကျုပ်တို့ရဲ့ဗိုလ်ချုပ်နဲ့၊ ရဲဘော်ကြီးများ ဖြစ်ကြတဲ့ သခင်မြ၊ ဦးဘချို မန်းဘခိုင်၊ မိုင်းပွန်စော်ဘွားကြီး၊ ဆရာကြီး ဦးရာဇတ်၊ ဦးဘဝင်းတို့ဟာ ရန်သူရဲ့လက်ချက်နဲ့ ကျဆုံးကြရပြီဆိုတာကို တိုင်းပြည်က အသိဖြစ်နေပါပြီ။ ကျွန်တော်လည်း ဒီအကြောင်းနဲ့ပတ်သက်ပြီး တိုင်းပြည်ကို အသံလွှင့်ဖို့သင့်တာ အတော်ကြာသွားပြီ။ ဒါပေမဲ့ စိတ်တွေက နောက်ကျိကျိဖြစ်နေတာနဲ့ စကားရှည်ရှည်တယ် မပြောချင်လို့ ယခုထက်တိုင် အချိန်ကြာသွားရခြင်း ဖြစ်ပါတယ်။

ဗမာ့လွတ်လပ်ရေးတိုက်ပွဲ အကြိတ်အနယ် ဖြစ်နေတဲ့ အချိန်အခါမှာမှ တစ်တိုင်းတစ်ပြည်လုံးရဲ့ လက်ရုံးကြီးတွေ ကျဆုံးသွားရတာကို လွတ်လပ်ရေး လိုချင်သူအပေါင်းကတော့ အင်မတန်မှ နှမြောတသ ယူကျုံးမရ ဖြစ်ကြမှာပဲ။ ဖြစ်မယ်ဆိုရင်လည်း ဖြစ်ထိုက်ပါပေတယ်။

ဗိုလ်ချုပ်အကြောင်းဆိုရင် တစ်တိုင်းတစ်ပြည်လုံးက ကောင်းကောင်းသိတာပဲ။ ကျွန်တော်ထပ်ပြီး ဖော်ပြနေစရာ မလိုသလောက်ပါဘဲ။ ဒါပေမဲ့ နည်းနည်းတော့ ကျွန်တော် ပြောချင်သေးတယ်။ ဗိုလ်ချုပ်ရဲ့ ဖြူစင်တဲ့ စေတနာတွေ၊ တည်ကြည်တဲ့ သမာဓိတွေရဲ့ အားကိုးနဲ့ ကျွန်တော်တို့

mgyoe.com

တစ်သက်မှာ တစ်ခါမှ မကြုံဘူးအောင် တစ်တိုင်းတစ်ပြည်လုံးဟာ ထူးထူးကဲကဲကြီး စည်းလုံးညီညွတ်လာပါတယ်။

ရှမ်း၊ ချင်း၊ ကချင် အစရှိတဲ့ တောင်တန်းသားများ ဆိုရင်လည်း တခြားအရှိန်တွေထက် ဗိုလ်ချုပ်ရဲ့အရှိန်ကြောင့် ဗမာတွေနဲ့ ပိုမိုရင်းနှီးစည်းလုံးလာခဲ့ကြပါတယ်။ ကရင်အမျိုးသားတွေဆိုရင်လည်း ဗိုလ်ချုပ်ကို ပုဂ္ဂိုလ်စွဲနဲ့ ကြည်ညိုယုံကြည်တာက အစပြုပြီး ဗမာတွေနဲ့ ပိုမိုရင်းနှီးသွေးစည်းခဲ့ကြပါတယ်။ ဗမာလူထုဆိုတာကတော့ အထူးပြောစရာ မလိုဘူး။ လူထုနဲ့ ဗိုလ်ချုပ်၊ ဗိုလ်ချုပ်နဲ့ လူထုဆိုတာ ခွဲမရအောင်ပင် ဖြစ်ခဲ့ရပါတယ်။ အမှန်စင်စစ် အဲဒီလို ရှင်ခွဲ ခွဲမရလို့ သေကွဲ ကွဲအောင် ဒီလူယုတ်မာတွေက ဗိုလ်ချုပ်ကို သေကြောင်း ကြံကြတာပါပဲ။ ဒီလောက်အထိ ဗိုလ်ချုပ်ရဲ့အရှိန်ကို ခိုပြီး တစ်နိုင်ငံလုံးဟာ စည်းရုံးလာခဲ့ပါတယ်။ နှစ်ပေါင်း ၂၀၀ ကျော်ရှိတဲ့ မြန်မာရာဇဝင်တစ်ခုလုံးကို လှန်လှောရှာဖွေလိုက်ရင် မြန်မာတွေ ဒီလိုစည်းလုံးခဲ့တာမျိုးဟာ (၁) အနော်ရထာမင်းစော လက်ထက်မှာ တစ်ကြိမ်၊ (၂) ဘုရင့်နောင်လက်ထက်မှာတစ်ကြိမ်၊ (၃) အလောင်းဘုရားလက်ထက်မှာ တစ်ကြိမ်၊ (၄) ဆင်ဖြူရှင်မင်းလက်ထက် မှာတစ်ကြိမ်၊ ပေါင်း လေးကြိမ်ပဲ ရှိခဲ့ဖူးပါတယ်။

ရဲဘော်သခင်မြဆိုရင်လည်း ရိုးသားတယ်၊ တည်ကြည်တယ်၊ ဖြောင့်မတ်တယ်၊ သဘောကောင်းတယ် အစရှိတဲ့ ဂုဏ်ပုဒ်တွေကိုတော့ တိုင်းပြည်က အသိပါပဲ။ ဒါပေမဲ့ လူရင်းတွေလောက်သာ သိပြီး တိုင်းပြည်က ကောင်းကောင်း မသိသေးတဲ့ အချက်တွေလည်း ရှိပါသေးတယ်။ ကျွန်တော်တို့အထဲမှာ ဖြစ်ပေါ်လာတဲ့ ကိစ္စတိုင်းကို ခပ်အေးအေး စဉ်းစားဝေဖန်ဆုံးဖြတ်တဲ့လူဟာ သခင်မြပါပဲ။ ဗိုလ်ချုပ်တို့ ကျွန်တော်တို့က ရှူးရှူးရှားရှားဖြစ်ပေမဲ့ သခင်မြဟာ ဘယ်တော့မှ ရှူးရှူးရှားရှားဖြစ်ပေမဲ့ မဖြစ်ဘူး။ ဒီတော့ အရေးကြီးတဲ့ ဆုံးဖြတ်ချက်တစ်ခုခုကို ချမှတ်စရာရှိရင် သခင်မြက ခေါင်းညိတ်လိုက်မှ ဆုံးဖြတ်ချက်ကိုချမှတ်လို့ ပြီးတယ်။ သခင်မြက ဒီလိုခေါင်းညိတ်လိုက်မှလည်း ကျွန်တော်တို့ရဲ့ ဆုံးဖြတ်ချက်ဟာ အလွန်အကျွံတွေ မပါဘူး။ အတိမ်းအစောင်း မဖြစ်နိုင်ဘူးလို့ ကျွန်တော်တို့ကိုယ်တိုင်က ယုံကြည်ယူဆကြတယ်။ သခင်မြဟာ ပုံပန်းသဏ္ဌာန်အားဖြင့်

mgyoe.com

ခပ်အေးအေး ခပ်နုနု ဖြစ်ပေမယ့် ဘယ်လောက်ကြမ်းတဲ့ ဆုံးဖြတ်ချက်ကိုပဲ ချချ သခင်မြ မလိုက်နာနိုင်တာ မရှိဘူး။

ဦးဘချိုကတော့ ကျွန်တော် ကောလိပ်ကျောင်းမှာ ပညာသင်ကြားနေတဲ့ အချိန်ကတည်းက စပြီး ဆရာသမားအရင်းအဖြစ်နဲ့ ကိုးကွယ်ခဲ့ပါတယ်။ ကျွန်တော်ကို အကြောင်းပြုပြီး ဗိုလ်ချုပ်အစရှိတဲ့ ကျွန်တော်တို့ရဲဘော်တစ်စုဟာ ဦးဘချိုကို ဆရာသမားအဖြစ်နဲ့ပဲ အမှတ်ထားကြပြီး ဆရာလို့ပဲ ရိုရိုသေသေ ခင်ခင်မင်မင် ခေါ်ကြပါတယ်။ ဆရာချိုဟာ ကျန်းမာရေးချို့တဲ့ပြီး အတော်အားအင်ချည့်နဲ့နေပေမဲ့လည်း ကျွန်တော်တို့ တပည့်တွေအပေါ်မှာ သံယောဇဉ်ငြိပြီး ကျွန်တော်တို့ရဲ့ ကြိုးပမ်းမှုတိုင်းမှာ တစ်နည်းမဟုတ် တစ်နည်းနဲ့ ပါလာခဲ့ပါတယ်။ ဆရာချိုကို အားအကိုးရဆုံး ကိစ္စကတော့ တခြားမဟုတ်ဘူး။ ဗမာနိုင်ငံရေးမှာ ကွက်ကျော်တွေ ကလိမ်ခြုံတွေကို ရှင်းပြတဲ့နေရာမှာဖြစ်ရင် သူမတူအောင် ရှင်းပြနိုင်ပါတယ်။ အားကိုးရလောက်အောင်လည်း မှန်ပါပေတယ်။

မန်းဘခိုင်ကတော့ ကရင်အမျိုးသားတွေထဲမှာ ဗိုလ်ချုပ်နှင့်တကွ ကျွန်တော်တို့ အယုံအကြည်ဆုံး၊ အားအကိုးဆုံး ကရင်ခေါင်းဆောင်ကြီး တစ်ဦး ဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီးလို့ ဖ၊ ဆ၊ ပ၊ လ သာ အစိုးရဖွဲ့နိုင်ရင် မန်းဘခိုင်ကို ဒုတိယ ဝန်ကြီးချုပ် ခန့်မယ်လို့ ဖ၊ ဆ၊ ပ၊ လ အလုပ်အမှုဆောင် အစည်းအဝေးတိုင်းမှာလိုလိုပဲ ဗိုလ်ချုပ်ဟာ မကြာခဏ ထုတ်ဖော်ပြောခဲ့ဖူးပါတယ်။ ဗိုလ်ချုပ်ဟာ စေတနာမရှိဘဲ ဘယ်သူ့ကိုမှ လောကွတ်ပြောတဲ့ လူစားမဟုတ်ဘူးဆိုတာ တစ်နိုင်ငံလုံး အသိပဲ။ ဒီတော့ မန်းဘခိုင်ကို ဘယ်လောက် ကြည်ညိုလို့၊ ဘယ့်လောက်စေတနာထားလို့၊ ဘယ့်လောက်အားကိုးလို့ ဒီစကားကို ခဏခဏ ထုတ်ဖော်ပြောတယ်ဆိုတာဟာ အပုံကြီး ရှင်းပါတယ်။ မန်းဘခိုင်ဟာ ပြောစရာရှိရင် ဘွင်းဘွင်းပြောတတ်တဲ့ ဘွင်းဘွင်းသမားဆိုတော့ ဘွင်းဘွင်းကြိုက်တဲ့ ဗိုလ်ချုပ်ရဲ့ သိပ်တည့်တာပေါ့။ ကရင်ဗမာရဲ့ နောင်ရေးကိုလည်း အမြင်ကျယ်ကျယ်ထားပြီးကောင်းမယ်၊ မှန်မယ်ထင်တာကို ဘယ်သူ့ကိုမှ အားနာခြင်း၊ ကြောက်လန့်ခြင်း၊ ကိုယ်ကျိုးငဲ့ခြင်းမရှိဘဲ တည့်တည့်မတ်မတ် ဆောင်ရွက်လေ့ရှိပါတယ်။

mgyoe.com

mgyoe.com

မိုင်းပွန်စော်ဘွားကြီးဆိုတာမှာလည်း ကျွန်တော်နဲ့ဆိုရင် ဂျပန်လက်ထပ်ကတည်းက အလွန် ခင်မင်ရင်းနှီးခဲ့ပါတယ်။ ရှမ်း ဗမာညီညွတ်သွေးစည်းရေးကို အထူးစိတ်ဝင်စားရုံသာမက မဖြစ်မြောက် ဖြစ်မြောက်အောင် လုပန်း စိတ်ပန်းခံပြီး ကြိုးစားခဲ့သူတစ်ဦး ဖြစ်ပါတယ်။ စော်ဘွားကြီးရဲ့ စိတ်ထားကောင်းခြင်း၊ တည်ကြည် ဖြောင့်မတ်ခြင်းတို့ကြောင့် ရှမ်းလူထုရဲ့ အကြည်ညိုကိုလည်း အများဆုံး ခံယူရသူတစ်ဦးလည်း ဖြစ်ဖြစ်ပါသည်။

ဆရာကြီး ရာဇတ်မှာဆိုရင် မန္တလေးက နိုင်ငံရေး တော်လှန်ရေးတို့မှာ စွမ်းစွမ်းတမံ လုပ်ခဲ့တဲ့ လူငယ်လူရွယ်တွေမှန်သမျှဟာ သူ့တပည့်တွေသာ များတာပဲ။ ဖ၊ ဆ၊ ပ၊ လ အပေါ်မှာ သစ္စာအရှိဆုံး ပုဂ္ဂိုလ်တွေထဲမှာ ဆရာကြီးရာဇတ်လည်း တစ်ဦးအပါအဝင်ပဲ။

ဦးဘဝင်းကတော့ ကျွန်တော်နဲ့ ကောလိပ်ကျောင်းမှာ နေစဉ်ကတည်းက ကျောင်းနေဖက်ဖြစ်တယ်။ နိုင်ငံရေးမှာ ရိုးသား ဖြောင့်မတ်တဲ့ ဂုဏ်တွေကြောင့် သူလုပ်ကိုင်သွားတဲ့ ဝန်ကြီးနေရာမှာ သူ့ကို ခန့်ထားဖို့နဲ့ ကျွန်တော် မေမြို့မှာ ဗိုလ်ချုပ်နှင့် တွေ့တုန်းက ကျွန်တော်ကပဲအကြံပေးခဲ့ပါတယ်။

ဒီလိုအရည်အချင်းတွေနဲ့ ပြည့်စုံတဲ့ ကျုပ်တို့ရဲ့ဗိုလ်ချုပ်နဲ့ ကျုပ်တို့ရဲ့ ရဲဘော်ကြီးတွေဟာ ယခုတော့ဖြင့်ရင် ကြက်ငှက်ကလေးများလို ရန်သူတွေရဲ့ လက်ချက်နဲ့ ကျဆုံးသွားကြရှာပြီ။ ကျွန်တော်တို့တစ်တွေမှာ စိတ်တွေကိုသာ ချုပ်တည်းထားရတယ်။ အသည်းတွေကတော့ ဆတ်ဆတ်ကို တုန်နေတာပါပဲ။ စိတ်ကို အတင်းချုပ်တည်း ထားရတာက တခြားကြောင့် မဟုတ်ပါဘူး။ ပန်းတိုင်နားကို ရောက်လုနီးနေအောင် ဗိုလ်ချုပ်နဲ့ ကျုပ်တို့ရဲ့ ရဲဘော်ကြီးများ ချသွားတဲ့ လမ်းစဉ်ကြီးအတိုင်း ဗမာနိုင်ငံကြီးကို ပန်းတိုင်ကြီးသို့ ရောက်အောင်ပို့ပေးစေချင်တယ်ဆိုရင် ကျုပ်တို့တစ်တွေဟာ စိတ်ကို အတင်းချုပ်တည်းထားကြရမှာပဲ။ အဲဒီပန်းတိုင်ကြီးကိုမျက်ခြည်မပြတ်ဘဲ ချီတက်ချင်ကြတယ်ဆိုရင် ကျုပ်တို့တတွေဟာ စိတ်ကိုအတင်းချုပ်တည်း ထားကြရမှာပဲ။ အဲဒီပန်းတိုင်ကြီးကို အာရုံထဲ စွဲပြီး

mgyoe.com

ချီတက်ချင်ကြတယ်ဆိုရင် ကျုပ်တို့တစ်တွေဟာ စိတ်ကို အတင်းချုပ်တည်းထားကြမှာပဲ။

ဗိုလ်ချုပ်အပေါ်မှာ ကျုပ်တို့တစ်တွေ မေတ္တာရှိကြတယ် ဆိုရင်၊ ဗိုလ်ချုပ်အပေါ်မှာ ကျုပ်တို့တစ်တွေ သစ္စာရှိကြတယ် ဆိုရင်၊ ဗိုလ်ချုပ်ကိုယ်တိုင် အပြီးသတ်မသွားနိုင်တဲ့ လုပ်ငန်းကြီးကို ကျုပ်တို့တစ်တွေ အင်တိုက် အားတိုက် အပြီးသတ် လုပ်ပေးကြရလိမ့်မယ်။ ဗိုလ်ချုပ်နဲ့တကွ ကျဆုံးသွားကြတဲ့ ရဲဘော်ကြီးများ အပေါ်မှာ ကျုပ်တို့တစ်တွေ မေတ္တာသစ္စာရှိကြရန်မှာ ဒီနည်းလမ်းအပြင် အခြားနည်းလမ်း မရှိတော့ဘူး။ ကျွန်တော်နှင့်တကွ ယခု အသစ်ဖွဲ့စည်းလိုက်တဲ့ ဖ၊ ဆ၊ ပ၊ လ အလုပ်အမှုဆောင်အဖွဲ့ဝင်များဟာ၊ သစ္စာရှိသော ရဲဘော်များပီပီ ကျုပ်တို့ရဲ့ ဗိုလ်ချုပ်နှင့်ကျုပ်တို့ရဲ့ ရဲဘော်ကြီးများ လက်စသတ်မသွားနိုင်ရှာသော လုပ်ငန်းကြီးကို လက်စသတ်အောင်၊ ဆုံးခန်းတိုင်ရောက်အောင်၊ အစွမ်းကုန် အင်တိုက်အားတိုက် ကြိုးပမ်းကြရန် သစ္စာ အဓိဋ္ဌာန်ပြုပြီးကုန်ကြပြီ။ တိုင်းပြည်နဲ့လူထုကသာ ဗိုလ်ချုပ်နှင့်တကွ ကျဆုံးသွားကြသော ရဲဘော်ကြီးများကအသက်ရှိစဉ်က ကဲ့သို့ ဥမကွဲ သိုက်မပျက် ကြိုးစားကြပါကုန်။ လွတ်လပ်ရေး တစ်ခုတည်းသို့ အားသွန်၍ မဲနေကြသော ကျွန်ုပ်တို့အား အာရုံထွေပြားခြင်း မဖြစ်စေရလေအောင် လူမျိုးရေး အဓိကရုဏ်းများကိုလည်းကောင်း၊ စည်းမဲ့ ကမ်းမဲ့ ဆူပူသောင်းကျန်းမှုများကိုလည်းကောင်း အထူးဂရုပြု၍ တားမြစ်ကြပါကုန်။

ကျွန်ုပ်တို့၏ သွေးချင်းသားချင်း ဖြစ်ကြကုန်သော ရှမ်း၊ ချင်း၊ ကချင်၊ ကရင် အစရှိသည်တို့အားလည်း ကျွန်ုပ်တို့သည် ဗိုလ်ချုပ်၏ သစ္စာရှိသော ရဲဘော်များ ပီသစွာ ရှမ်း၊ ချင်း၊ ကရင်၊ ကချင် အစရှိသည်တို့နှင့် ပတ်သက်၍ ဗိုလ်ချုပ်ကိုယ်တိုင် ထင်ရှားစွာ ပြခဲ့ဖူးသော စေတနာတို့ကို အနည်းငယ်မျှ တိမ်းပါးချွတ်ချော်ခြင်း မရှိဘဲ အကောင်အထည် ဖြစ်လာအောင် အားသွန်၍ ဆောင်ရွက်မည်ဖြစ်ကြောင်း ကျွန်ုပ်တို့က ထပ်မံ ကတိပြုပါတယ်။ အဆွေတော် သွေးချင်း သားချင်းတို့ကလည်း ဗိုလ်ချုပ် ရှိစဉ်အခါကကဲ့သို့ပင် လွတ်လပ်ရေးလုပ်ငန်းကြီးကိုစည်းစည်းလုံးလုံးနှင့် ဝိုင်းဝန်းဆောင်ရွက်ကြပါကုန်။ "နွားကွဲလျှင် ကျား

mgyoe.com

mgyoe.com

ကိုက်" ဟူသော စကားပုံကဲ့သို့ ကျွန်တော်တို့တစ်တွေ ကွဲလျှင် ကျေကုန်ကြလိမ့်မည်ဖြစ်ရာ အကျေခံရသည့် ဘဝသို့ မရောက်ဘဲ ကျွန်တော်တို့အားလုံး ချစ်မြတ်နိုးကြကုန်သော လွတ်လပ်ရေးပန်းတိုင်ကြီးသို့ အလျှင်အမြန် ရောက်ကြရလေအောင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် ဆက်လက်ချီတက်ကြပါစို့။ ။

❐

mgyoe.com

mgyoe.com

# ၂။ လက်ဝဲနိုင်ငံ

## ၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့၊ တိုင်းပြည်ပြု လွှတ်တော် တတိယညီလာခံ အစည်းအဝေး အခြေခံဥပဒေအဆိုသွင်းမိန့်ခွန်း

**ဥက္ကဋ္ဌကြီးခင်ဗျား...**

ပြည်ထောင်စု မြန်မာနိုင်ငံရဲ့ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြင်ဆင်ထားတဲ့အတိုင်း ဒီလွှတ်တော်ကြီးက အတည်ပြုရန် အဆိုကို ကျွန်တော် တင်သွင်းပါတယ်။

ဤလွှတ်တော်ကြီးက ကျွန်တော်၏ အဆိုကို မစဉ်းစားမီ ကျွန်တော် တင်သွင်းတဲ့ ပြည်ထောင်စု မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ ပတ်သက်ပြီး ကျွန်တော်ရဲ့ ထင်မြင် ယူဆချက်များကို အနည်းငယ် ရှင်းလင်း ပြောပြလိုပါတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုတာဟာ နိုင်ငံတစ်နိုင်ငံရဲ့ အခြေခံအုတ်မြစ်တစ်ခုပါပဲ။ တိုက်တစ်တိုက် တည်တဲ့နေရာမှာ အုတ်မြစ်ကို ကြည့်လိုက်ရင် ဒီတိုက်ဟာ အရှည်ဖြစ်မလား၊ အဝိုင်းဖြစ်မလား၊ လေးထောင့် ဖြစ်မလားဆိုတာကို ကျွန်တော်တို့ အကဲခတ်နိုင်ပါတယ်။ အဲဒီလိုပဲ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ကြည့်တာနဲ့ နိုင်ငံတစ်နိုင်ငံဟာ ဘယ်ဘက်ကို ယိမ်းသလား၊ ညာဘက်ကို ယိမ်းသလား၊ ဗဟိုမှာ နေသလား၊ နောက်ဘက်ကို ပြန်ဆုတ်နေသလားဆိုတာကို ကောင်းကောင်းကြီး ကျွန်တော်တို့ အကဲခတ်နိုင်ပါတယ်။

mgyoe.com

ဒီတော့ ကျွန်တော် တင်သွင်းထားတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအုတ်မြစ်ကြီးအပေါ်မှာ ဗမာနိုင်ငံတော်ကြီးကို တည်ဆောက်လိုက်ရင် ဗမာပြည်ကြီးဟာ ဘယ်ဘက်ကို ယိမ်းမလား၊ ညာဘက်ကို ယိမ်းမလား၊ ဗဟိုမှာနေမှာလား၊ နောက်ဘက်ကို ပြန်ဆုတ်မလားဆိုတာကို ကျွန်တော်ပြောဖို့ လိုပါလိမ့်မယ်။ အခု အခြေခံအုတ်မြစ်ကြီးအပေါ်မှာ တည်ဆောက်မယ့် ဗမာနိုင်ငံတော်ကြီးဟာ အမှန်အတိုင်း ပြောရရင် ဘယ်ဘက်ကို (ဝါ) လက်ဝဲဘက်ကို ယိမ်းနေတာ တွေ့ကြရပါလိမ့်မယ်။ ဒီတော့ လက်ဝဲဘက်ကို ယိမ်းနေတဲ့ နိုင်ငံဆိုတာဟာ ဘယ်နိုင်ငံမျိုးလဲဆိုတာကို ကျွန်တော် ထပ်ပြီး ရှင်းပြဖို့ လိုပါလိမ့်ဦးမယ်။

လက်ဝဲနိုင်ငံဆိုတာဟာ ခပ်တိုတို ပြောရမယ်ဆိုရင် တခြားဟာမဟုတ်ပါဘူး။ မြေပေါ် မြေအောက်မှာ ရှိတဲ့ ပစ္စည်းတွေကို လူ့အသုံးအဆောင် ပစ္စည်းဖြစ်လာအောင်၊ နိုင်ငံသူ နိုင်ငံသား အားလုံးက အစွမ်းရှိသမျှ ဝိုင်းဝန်း လုပ်ပေးကြပြီး၊ အဲဒီလို လုပ်ပေးလို့ရတဲ့ ပစ္စည်းတွေကို နိုင်ငံသူ နိုင်ငံသားတွေ လိုသလောက် ခံယူသုံးစွဲနိုင်တဲ့စနစ် တီထွင်နေတဲ့ နိုင်ငံပါပဲ။ ဒီလိုစနစ်မျိုးရှိတဲ့ နိုင်ငံဟာ လက်ဝဲနိုင်ငံပဲ။ ဒီလိုနိုင်ငံမျိုးမှာ လက်တစ်ဆုပ်လောက်ရှိတဲ့ လူတွေက မကုန်နိုင်မခန်းနိုင်တဲ့ မြေပေါ်မြေအောက်ပစ္စည်းတွေကို လက်ဝါးကြီးအုပ်ထားပြီး ဆင်းရဲငတ်ပြတ်နေတဲ့ လူတွေကတော့ ဒုနဲ့ဒေးဆိုတဲ့ အဖြစ်အပျက်မျိုး မရှိရဘူး။ ဒီလိုနိုင်ငံမျိုးမှာ ကုန်ပစ္စည်းတွေ လုပ်ကြတယ်ဆိုတာဟာ အမြတ်ရဖို့အတွက် မဟုတ်ဘူး။ နိုင်ငံသူ နိုင်ငံသားတွေ လူတန်းစေ့နေနိုင်အောင် အသုံးပြုနိုင်ဖို့သာဖြစ်တယ်။ နောက်ပြီးတော့ ဒီလို နိုင်ငံမျိုးမှာ ခိုင်းတဲ့ လူတန်းစား၊ အခိုင်းခံရတဲ့ လူတန်းစား၊ ဒါထက် လွယ်လွယ်ခေါ်ရရင်၊ သခင် လူတန်းစား၊ ကျွန်လူဘန်းစား၊ အုပ်စိုးတဲ့ လူတန်းစား၊ အုပ်စိုးခံရတဲ့ လူတန်းစား အစရှိသဖြင့် လူတန်းစားတွေ ကွဲပြားခြားနားခြင်း မရှိဘူး။ အကျဉ်းချုပ်ပြောရရင် အခုပြောခဲ့တဲ့ နိုင်ငံမျိုးဟာ လက်ဝဲနိုင်ငံပါပဲ။

အဲဒီလို လက်ဝဲနိုင်ငံဆီသို့ ဗမာပြည်ကြီးကို တွန်းပို့ပေးမဲ့ မျိုးစေ့တွေဟာ၊ ယခုလွှတ်တော်ကြီးက အတည်ပြုရမယ့်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြီးထဲမှာ အမြောက်အမြား ပါနေပါတယ်။ ဒီအခြေခံဥပဒေကြီးကို

mgyoe.com

mgyoe.com


ဂရုစိုက်သူတိုင်း ဒီမျိုးစေ့ကြီးများကို ထင်ထင်ရှားရှားကြီး တွေ့ကြရပါလိမ့်မယ်။ ဒါကြောင့်မို့လည်း ဒီအခြေခံဥပဒေအုတ်မြစ်ကြီးပေါ်မှာ တည်ဆောက်မယ့် ဗမာနိုင်ငံတော်ကြီးဟာ လက်ဝဲဘက်ကို ယိမ်းနေတာ တွေ့ကြရလိမ့်မယ်လို့ ကျွန်တော်အဆိုရဲ့အစ အဦးမှာ ကျွန်တော် ပြောခဲ့ခြင်း ဖြစ်ပါတယ်။

အဲဒီနေရာမှာ ဗမာနိုင်ငံတော်ကြီးကို လက်ယာဗဟို အစရှိသည့်ဘက်များသို့ မယိမ်းစေဘဲ ဘာကြောင့် လက်ဝဲဘက်သို့ ယိမ်းစေရသလဲဆိုတဲ့ မေးခွန်းကို အမတ်မင်းများက မေးသင့်ကြပါတယ်။ ဒီမေးခွန်းရဲ့ အဖြေကို ကောင်းကောင်း နားလည်နိုင်ဖို့အတွက် ဗမာ့စီးပွားရေးအခြေအနေကို အမတ်မင်းများ ကောင်းစွာသဘောပေါက်ထားကြဖို့ လိုပါတယ်။ ဗမာနိုင်ငံတော်ကြီးဟာ မြေတွင်းမြေပြင်ပစ္စည်းတွေ အလွန်ကြွယ်ဝပေါများချမ်းသာတဲ့ တိုင်းပြည်ဖြစ်တယ်ဆိုတာကို အမတ်မင်းများ ကောင်းစွာ သိကြပါလိမ့်မယ်။ အဲဒီလို ကြွယ်ဝချမ်းသာတဲ့ ဗမာနိုင်ငံတော်ကြီးအတွင်းမှာ ဗမာတွေ ချမ်းသာကြရဲ့လား။ မချမ်းသာကြပါဘူး။ အဲဒီလို မြေပြင်မြေအောက် ကြွယ်ဝချမ်းသာတဲ့ ဗမာနိုင်ငံတော်ကြီးအတွင်းမှာ ပထမ အချမ်းသာဆုံးဆိုတဲ့ လူတွေက ဗြိတိသျှအရင်းရှင်ကြီးတွေပဲ၊ ဒုတိယ အချမ်းသာဆုံးက ကုလား အရင်းရှင်ကြီးတွေပဲ။ တတိယ အချမ်းသာဆုံးက တရုတ် အရင်းရှင်ကြီးတွေပဲ။ ဗမာတွေကတော့ အောက်ဆုံးတန်းက အမွဲဆုံးနေရာမှာနေရပြီး၊ ဒီဗြိတိသျှအရင်းရှင်ကြီးတွေ၊ ကုလားအရင်းရှင်ကြီးတွေ၊ တရုတ်အရင်းရှင်ကြီးတွေရဲ့ စားကျန်စားကြွင်း အရိုးအရင်းကလေးတွေနဲ့ တင်းတိမ်နေကြရတယ်။

အဲဒီအခြေအနေတွေကို ဗမာတွေက ခေါင်းငုံ့ပြီး လက်ခံထားတာဟာ ကြိုက်လွန်းလှလို့ မဟုတ်ဘူး။ ဒီအခြေအနေကို တစ်ပြိုင်တည်း ဖျက်ဆီးနိုင်တဲ့ နိုင်ငံအာဏာကို ဗမာတွေ မရကြသေးလို့သာ ခေါင်းငုံ့ပြီး လက်ခံထားနေရခြင်း ဖြစ်ပါတယ်။ နိုင်ငံအာဏာရတာနဲ့ တစ်ပြိုင်နက် ဒီလို မမျှမတ တစ်ဖက်စောင်းနင်း ဖြစ်နေတဲ့ ဗမာ့စီးပွားရေး အခြေအနေကို ကျွန်တော်တို့ ဖျက်ဆီးပစ်ကြရလိမ့်မယ်။

ဒါပေမဲ့ ဒီမမျှမတ တစ်ဖက်စောင်းနင်း ဖြစ်နေတဲ့ ဗမာ့စီးပွားရေး အခြေအနေကို ဖျက်ဆီးပစ်ရုံနဲ့ မပြီးသေးဘူး။ ဖျက်ဆီးပစ်လိုက်တဲ့ နေရာ

mgyoe.com

mgyoe.com

မှာ စီးပွားရေး အခြေအနေသစ် တစ်ခုကို ပြန်လည်တည်ဆောက်ကြရဦး မယ် ဆိုတာကိုလည်း အမတ်မင်းများ သတိမမေ့စေချင်ဘူး။

အဲဒီတော့ ဒီနေရာမှာ ဘယ်လိုစီးပွားရေး အခြေအနေသစ်မျိုးကို ပြန်လည်တည်ဆောက် ပေးရမလဲဆိုတဲ့ ပြဿနာတစ်ရပ် ပေါ်လာတယ်။ ဗမာ့စီးပွားရေးကို ခြယ်လှယ်နေတဲ့ ဗြိတိသျှအရင်းရှင်ကြီးတွေနဲ့ ကုလား အရင်းရှင်ကြီးတွေ၊ တရုတ်အရင်းရှင်ကြီးတွေကို ဖယ်ရှားပစ်ပြီး သူတို့ နေရာတွေမှာ ဗမာအရင်းရှင်ကြီးတွေ ထိုးထည့်တဲ့ စီးပွားရေး အခြေအနေ သစ်ကို တည်ဆောက်ကြမလား။ ဒီလို တည်ဆောက်လိုက်ရင် ခုတင်က ကျွန်တော် ပြောခဲ့တဲ့ မမျှမတ တစ်ဖက်စောင်းနင်း ဖြစ်နေတဲ့ မြန်မာ့စီးပွား ရေး အခြေအနေဆိုးကြီးဟာ တရားမျှတတဲ့ စီးပွားရေးအခြေအနေသို့ ပြောင်းသွားရောလား။

ဒီမေးခွန်းကို ကျွန်တော်တို့ လေးလေးနက်နက် စဉ်းစားကြရလိမ့် မယ်။ အမှန်တကယ် ကြည့်လိုက်ရင် ဗြိတိသျှ အရင်းရှင်ကြီးတွေ၊ ကုလား အရင်းရှင်ကြီးတွေ၊ တရုတ်အရင်းရှင်ကြီးတွေ စားနေတဲ့ နေရာမှာ ဗမာ အရင်းရှင်ကြီးတွေ တက်ပြီး စားရတယ်ဆိုရင် ကောင်းသလိုလို၊ တရားမျှတ သလိုလို ထင်စရာပဲ။ အမှန်စင်စစ်တော့ ဒီလို ဗြိတိသျှ အရင်းရှင်ကြီး တွေ၊ ကုလားအရင်းရှင်ကြီးတွေ တရုတ် အရင်းရှင်ကြီးတွေရဲ့ နေရာမှာ ဗမာအရင်းရှင်ကြီးတွေကို ထိုးတင်လိုက်ရုံနဲ့ ကျွန်တော်ပြောခဲ့တဲ့ မမျှမတ တစ်ဖက်စောင်းနင်း ဖြစ်နေတဲ့ စီးပွားရေး အခြေအနေဟာ တရားမျှတ တဲ့ စီးပွားရေးအခြေအနေသို့ ပြောင်းလာမှာ မဟုတ်ပါဘူး။ ဗြိတိသျှ အရင်းရှင်ကြီးတွေ၊ ကုလားအရင်းရှင်ကြီးတွေ၊ တရုတ်အရင်းရှင်ကြီးတွေရဲ့ နေရာမှာ ဗမာအရင်းရှင်ကြီးတွေကို ထိုးထည့်ပေးလိုက်ရင် ထူးခြားမယ့် ဟာကတော့ ကျွန်တော်မြင်သလောက် တစ်ခုပဲ ရှိပါတယ်။ အဲဒါဟာ တခြားမဟုတ်ဘူး။ ဘောင်းဘီနဲ့ ဒိုတီဝတ်ပြီး ဗမာလူထုကြီးကို သွေးစုပ် နေတဲ့နေရာမှာ ဘောင်းဘီနဲ့ ဒိုတီပျောက်သွားပြီး ပုဆိုးတောင်ရှည်နဲ့လူတွေ ရောက်လာတာသာ ထူးခြားလာမှာပဲ။

ဒါမျိုးလောက်ကို ကျွန်တော်တို့ အလိုမရှိပါဘူး။ ဘယ်နည်းနဲ့မှ အလိုမရှိနိုင်ဘူး။ ဒီလိုဘောင်းဘီ၊ ဒိုတီ အစရှိသည်တို့နဲ့ ပုဆိုးတောင်ရှည်

mgyoe.com

တို့ရဲ့ အပြောင်းအလဲလောက်သာ လုပ်ရမှာ ဖြစ်ရင် မလုပ်တာဘဲ ကောင်းပါသေးတယ်။ ပြီးတော့လည်း ဘောင်းဘီ၊ ဒိုတီ အစရှိသည်တို့နဲ့ ပုဆိုးတောင်ရှည်တို့ကို နေရာချင်း အလဲခိုင်းတယ် ဆိုတာဟာ လူမျိုးရေးခွဲခြားရာလည်း ရောက်ပါတယ်။ အမှန်စင်စစ် ယနေ့ ဗမာပြည်ကြီးကို ဦးစီးကြိုးကိုင်လုပ်နေတဲ့ လူတွေမှာ လူမျိုးခွဲခြားရေးစိတ်ဓာတ် လုံးဝမရှိဆိုတာကို အမတ်မင်းများ ကောင်းစွာ သတိချပ်စေချင်ပါတယ်။

ယနေ့ ဗမာပြည်ကြီးကို ဦးစီးကြိုးကိုင် လုပ်နေတဲ့ လူတွေမှာ ဗြိတိသျှ၊ တရုတ်၊ ကုလား၊ ဗမာရယ်လို့ လူမျိုးခွဲခြားခြင်း မရှိပါဘူး။ လက်တစ်ဆုပ်လောက်ရှိတဲ့ လူတစ်စုက လက်ဝါးကြီး အုပ်စားပြီး ဗမာလူထုကြီးမှာတော့ အဆင်းရဲ သံသရာကြောမှာ မျောနေရမဲ့ စီးပွားရေးစနစ်ဆိုးကြီး ဆိုရင်တော့ ဗြိတိသျှ အရင်းရှင်ပဲ လုပ်လုပ်၊ ကုလားအရင်းရှင်ပဲ လုပ်လုပ်၊ တရုတ်အရင်းရှင်ပဲ လုပ်လုပ်၊ ဗမာအရင်းရှင်ပဲ လုပ်လုပ် ဖြုတ်ရမှာပဲ။ ဒီလိုမှ မဟုတ်ဘဲ အလုပ်လုပ်တဲ့နေရာမှာ အစွမ်းကုန် ဝိုင်းလုပ်ကြပြီး ကိုယ့်မှာ လိုတန်သလောက်သာ ပြန်ယူတဲ့စနစ်ကို လက်ခံကြမယ်ဆိုရင်တော့ ဗြိတိသျှပဲလုပ်လုပ်၊ ကုလားပဲ လုပ်လုပ်၊ တရုတ်ပဲ လုပ်လုပ်၊ ဗမာပဲ လုပ်လုပ် ဝိုင်းပြီး လုပ်ကြပါ။ ကျွန်တော်တို့ လက်ခံနိုင်ပါတယ်။

ဒီလို လုပ်ကြမှာပဲ မွေးကတည်းက တစ်ခါမှ လူတန်းစေ့အောင် မနေရခဲ့ဘူးတဲ့ ဗမာလူထုကြီးဟာ လူတန်းစေ့နေရတဲ့ ဘဝကို ရောက်မှာပဲ။

ဒီလိုမှမဟုတ်ဘဲ ဘောင်းဘီ၊ ဒိုတီ အစရှိသည်တို့နဲ့ ပုဆိုးတောင်ရှည်တွေကို နေရာချင်း လဲလိုက်တဲ့အလုပ်မျိုးလောက်သာ ဆိုရင်တော့ ဗမာလူထုကြီးဟာ မျောက်လောင်း မျောက်လောင်းပဲ ဖြစ်နေကြမှာပဲ။ ဒီလိုဖြစ်မဲ့ အဖြစ်မျိုးကိုတော့ ကျွန်တော်တို့တစ်တွေ ဘယ်နည်းနဲ့မှ သည်းခံနိုင်လိမ့်မယ် မဟုတ်ပါ။ ဗမာပြည်ကြီး လွတ်လပ်တယ်ဆိုတာဟာ ဗမာလူထုကြီးပါ လွတ်လပ်ပါမှ အဓိပ္ပာယ် ရှိနိုင်ပါလိမ့်မယ်။ ဗမာလူထုကြီးဟာ မျောက်လောင်း မျောက်လောင်းပဲဖြစ်ပြီး ပုဆိုးတောင်ရှည်တွေသာ ဘောင်းဘီ၊ ဒိုတီတို့ နေရာကို တက်နိုင်တဲ့ လွတ်လပ်ရေးမျိုးဟာတော့ ကျွန်တော်တို့အတွက် အဓိပ္ပာယ် မရှိပါ။

mgyoe.com

mgyoe.com


ဒီတော့ လွတ်လပ်တယ်ဆိုရင် တကယ့်အဓိပ္ပာယ်ရှိတဲ့ လွတ်လပ်ခြင်းမျိုးနဲ့ လွတ်လပ်ရအောင် ကျွန်တော်တို့ဟာ ဗမာနိုင်ငံသစ်ကြီးကို လက်ဝဲယိမ်းနေတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် ထူထောင်ရပါတယ်လို့ အမတ်မင်းများအား ကျွန်တော် အတည့်အလင်း ရှင်းပြခြင်း ဖြစ်ပါတယ်။

ဒါပေမဲ့ ဒီနေ့ သရက်ပင်စိုက် မနက်ဖြန် သရက်သီး စားချင်တဲ့ လူစားမျိုးကတော့ ကျွန်တော်တို့ ရေးဆွဲထားတဲ့ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေကြီးကို ပျော့တယ်၊ နှေးတယ် ဆိုပြီး ကြိုက်ကြဦးမှာ မဟုတ်ဘူး။ ယခုလို အခွင့်ကြုံတဲ့အခါမှာ ဒီလို လူစားတွေကို ကျွန်တော် အတည့်အလင်း သတိပေးချင်တယ်။

ရောမမြို့ကြီးကို တစ်နေ့တည်းမှာ ဆောက်လို့မပြီးဘူး။ ပြီးတော့လည်း ဘာတွေလုပ်ရရင် ကောင်းလိမ့်မယ်ဆိုတာကို သိဖို့ရန် လွယ်သလောက် ဒီကောင်းတဲ့ဟာတွေကို လုပ်ရတာ လွယ်မယ်ဆိုရင် ဘုရားရှိခိုးကျောင်းကလေးတွေဟာ ဘုရားရှိခိုးကျောင်းကြီးတွေ ဖြစ်၍ လူမွဲတွေရဲ့ တဲကလေးများဟာလည်း နန်းတော်ကြီးများ ဖြစ်ကုန်တာ ကြာပြီလို့ ကမ္ဘာကျော် အင်္ဂလိပ်လင်္ကာဆရာကြီး ရှိတ်စပီးယား ရေးခဲ့တဲ့အတိုင်း ကောင်းတာတွေကို တကယ်တမ်းလုပ်ဖို့ကိစ္စဟာ ကောင်းတာတွေဟာ ဘာတွေလဲလို့ သိဖို့ကိစ္စလောက် မလွယ်ကူလှဘူး။

ကျွန်တော်တို့ရဲ့ ဝမ်းထဲမှာ ရှိတာကို ထုတ်ပြောရရင် ဒီကနေ့ သိုက်ကြီးတူးပြီး မနက်ဖြန် ဗမာလူထုကြီးကို ဝေပေးလိုက်ချင်တာပဲ။ ဒီလို လုပ်ပေးနိုင်ရင် ကောင်းမယ်ဆိုတာ သိပါတယ်။ ဒါပေမဲ့ လက်တွေ့တူးဖို့ကျတော့ သိုက်ကိုမရောက်ခင် တွေ့ရမယ့်တစ္ဆေကြီးတွေ၊ သရဲကြီးတွေ၊ ပိတုန်းကြီးတွေ၊ ဝက်ကြီးတွေ၊ မြွေကြီးတွေကိုလည်း ကျွန်တော်တို့ ထည့်တွက်ရမယ်။ ပြီးတော့လည်း သိုက်တူးနေရင်း ကျွန်တော်တို့အထဲက စည်းဖောက်မဲ့ လူယုတ်မာတွေ၊ သတ္တိကြောင်တွေရဲ့ ကိစ္စကိုလည်း ထည့်တွက်ရဦးမယ်။ ပြီးတော့လည်း သိုက်ဆရာရဲ့ အင်အားကိုလည်း ထည့်တွက်ရဦးမယ်။

ဒါတွေကို ထည့်မတွက်ဘဲ ကောင်းတာတွေကို သိတာလောက်ကလေးနဲ့ လျှာအရိုးမရှိတိုင်း တွေ့ကရာတွေကို လျှောက်ပြောနေကြမယ်

mgyoe.com

mgyoe.com


ဆိုရင်တော့ အချိန်ကုန် အလုပ်ပျက်ရုံပဲ ရှိလိမ့်မယ်ဆိုတာကို အမတ်မင်းများ သတိချပ်စေချင်တယ်။

၁၉၁၇ ခုနှစ် ရုရှားအရေးတော်ပုံကြီး ပေါ်ပေါက်ပြီးတော့ ရုရှားနိုင်ငံမှာ ဝါဒကြီးနှစ်မျိုး ပေါ်ပေါက်ခဲ့ဖူးပါတယ။ တစ်မျိုးက ရုရှား အရေးတော်ပုံကြီးနှင့် အတူတူ တစ်ကမ္ဘာလုံးမှာလည်း အရေးတော်ပုံတွေ ပေါ်ပေါက်အောင် ရုရှားက ခေါင်းဆောင်ပြီး လှုံ့ဆော်ပေးရမယ်ဆိုတဲ့ ဝါဒပါပဲ။ အခြား တစ်မျိုးကတော့ ဒီလို မလှုံ့ဆော်သေးဘဲ ရုရှားမှာသာ ဆိုရှယ်လစ်ဝါဒကြီး အခြေမြဲအောင် အုတ်မြစ်ချရမယ်ဆိုတဲ့ ဝါဒပဲ။ ပထမဝါဒကို ထရော့စကီက ခေါင်းဆောင်ပြီး ဖြန့်ဖြူးတယ်။ ဒုတိယဝါဒကို စတာလင်က ခေါင်းဆောင်ပြီး ဖြန့်ဖြူးတယ်။ ဒီဝါဒနှစ်ခုကို လေ့လာကြည့်မယ်ဆိုရင် နှစ်ခုစလုံးကပဲ တစ်ကမ္ဘာလုံးမှာ အရေးတော်ပုံကြီးများ ပေါ်ပေါက်ပြီး တစ်ကမ္ဘာလုံးကို ဆိုရှယ်လစ်ဝါဒ လွှမ်းမိုးမှ ရုရှားနိုင်ငံမှာ ဆိုရှယ်လစ်ဝါဒ တည်တံ့ခိုင်မြဲမယ်၊ စိတ်ချရမယ် ဆိုတဲ့ သဘောတရားကို လက်ခံကြပါတယ်။ သူတို့နှစ်ဦး ကွဲပြားခြားနားတာကတော့ တခြားဟာ မဟုတ်ပါဘူး။ ခုချက်ချင်း လုပ်မယ်ဆိုတာနဲ့ ကိုယ့်ကိုယ်ကို အင်အားတောင့်တင်းအောင် ကြိုးစားပြီးမှ လုပ်မယ်ဆိုတာပဲ ကွာခြားတာပါပဲ။

ရုရှားအရေးတော်ပုံကြီး ပြီးစမှာ တော်လှန်ရေး သွေးတွေဟာ ပူနေတုန်းဆိုတော့ ထရော့စကီပြောတဲ့ ချက်ချင်းလုပ်ရမယ် ဆိုတဲ့ ဝါဒဟာ မှန်သလိုလိုပဲ။ ဒါပေမဲ့ ကနေ့ပြန်ပြီး ကြည့်လိုက်မယ်ဆိုရင် စတာလင်ရဲ့ ဝါဒသာ မှန်ကန်ကြောင်းကို ရာဇဝင်က ထောက်ခံထားတာ အမတ်မင်းများ တွေ့ရပါလိမ့်မယ်။

ဒီကနေ့ ဗမာပြည်ကြီးမှာ လိုတဲ့ ဝါဒဟာလည်း ဘာပဲဖြစ်ဖြစ် ချမယ်ဆိုတဲ့ ထရော့စကီရဲ့ ဝါဒမဟုတ်ဘဲ ကိုယ့်ကိုယ်ကိုယ် အားရှိအောင် အလျင်လုပ်ရမယ်ဆိုတဲ့ စတာလင်ရဲ့ ဝါဒသာဖြစ်တယ်ဆိုတာ အမတ်မင်းများ ကောင်းစွာ သတိချပ်ကြစေချင်ပါတယ်။

ကွယ်လွန်သွားတဲ့ ကျွန်တော်တို့ရဲ့ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်ရဲ့ ဝါဒဟာလည်း ဘာပဲဖြစ်ဖြစ် ချရမယ်ဆိုတဲ့ဝါဒမဟုတ်ဘူး။ ကိုယ့်ကိုယ်ကိုယ် အားရှိအောင် အလျင်လုပ်ရမယ်ဆိုတဲ့ ဝါဒသာ ဖြစ်တယ်။ ဒီအကြောင်းကို

mgyoe.com

အမတ်မင်းများနှင့်တကွ တစ်တိုင်းတစ်ပြည်လုံး တစ်နိုင်ငံလုံး သိနေကြတဲ့အတွက် ကျွန်တော် အကျယ်ရှင်းပြနေဖို့ မလိုတော့ပါဘူး။

ဒီတော့ ဗမာတွေအတွက် ဘာအရေးအကြီးဆုံးလဲ ဆိုရင် တခြား မဟုတ်ပါဘူး။ ကိုယ့်ကိုယ်ကိုယ် အင်အား တောင့်တင်းအောင် အလျင်လုပ်ဖို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ အင်အား တောင့်တင်းအောင် အစွမ်းကုန် ကြိုးစားကြပါ။ အင်အားရှိရင် ရှိသလို ရှေ့တိုးပြီး လုပ်သွားဖို့ပါပဲ။

ဒီလိုဆိုပြန်တော့ ဗမာတွေအင်အား မရှိသေးဘူးလို့ ဆိုရာ ရောက်နေပါတယ်။ အမှန်အတိုင်း ပြောရရင် ဗမာတွေမှာ အင်အား မရှိသေးပါဘူး။ ဒါကို အတိအလင်း ဝန်ခံရမယ်။ ရှက်နေစရာ မလိုပါဘူး။ ဗမာတွေ အင်အားမရှိသေးတာဟာ အမှန်ပါပဲ။

ခွဲပြီးအုပ်စိုးတဲ့ ဗြိတိသျှနယ်ချဲ့သမားတွေရဲ့ အောက်မှာ အနှစ်ခြောက်ဆယ်ကျော်နေခဲ့ရတဲ့ ဒဏ်ရာဒဏ်ချက်တွေဟာ သေးတယ်လို့ မထင်လိုက်ကြနဲ့။ ယခုအချိန်မှာ ကျွန်တော်တို့ရဲ့ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်ရဲ့ အရှိန်ကြောင့် ဗမာလူထုကြီးဟာ တပေါင်းတစည်းတည်း ဖြစ်နေတယ် ဆိုတာ မှန်ပါတယ်။ နောက်ပြီးတော့ ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ဗမာ အစရှိတဲ့ တိုင်းရင်းသားတွေဟာလည်း ရှေးကနှင့် မတူတော့ဘဲ အမြင်မှန်ကို မြင်လာတဲ့အတွက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးဟာ ရှေးကထက် ခိုင်မာတောင့်တင်းတယ် ဆိုတာလည်း မှန်ပါတယ်။

ဒါပေမဲ့ ဒီလူထုစည်းလုံးမှု၊ ဒီတိုင်းရင်းသား သွေးစည်းမှုတွေဟာ အစသာ ရှိသေးလို့ အင်မတန်နုနယ်သေးတယ်ဆိုတာကို အမတ်မင်းများ မေ့ပစ်၍ ဖြစ်နိုင်မည် မဟုတ်ပါ။ ယခု ရရှိတဲ့ စည်းလုံးမှု၊ သွေးစည်းမှု၊ ညီညွတ်မှုတွေဟာ မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ ခိုင်ခိုင်မာမာ တည်နိုင်သောအခြေကို ရောက်အောင် ကျွန်တော်တို့ တိုင်းရင်းသားတွေ အထူး ကြိုးစားရပါလိမ့်ဦးမယ်။

နောက်ပြီးတော့ ဗြိတိသျှအစိုးရဆီက အမွေခံလိုက်ရတဲ့ အုပ်ချုပ်ရေး စက်ယန္တရားကြီးဆိုတာဟာလည်း အင်မတန် ဟောင်းနွမ်းနေလို့ ခေတ်သစ်အရ ပေါ်ပေါက်လာတဲ့ တာဝန်သစ်တွေကို မထမ်းရွက်နိုင်ရုံမကဘူး။ ဒီ ယန္တရားစက်ကြီးထဲမှာ အခွင့်သာရမယ်ဆိုရင် ဘနဖူးသိုက်တူးမဲ့ သူခိုးတွေ

ဂျပိုးတွေ၊ အခွင့်သာ ရမယ်ဆိုရင် ဗမာလူထုကြီးမှာ သွေးတစ်စက်မှ မကျန်အောင် သွေးစုပ်မယ့် သူခိုးတွေ၊ ဂျပိုးတွေ အများကြီးရှိနေတယ်။ ဒီလိုဆိုတာနဲ့ ဒီအုပ်ချုပ်ရေး စက်ယန္တရားကြီးထဲမှာ လူကောင်းတစ်ယောက်မှ မရှိဘူးလို့ ဖြုန်းကနဲ အတွေးရောက်မှာစိုးတဲ့အတွက် ဒီစက်ယန္တရားကြီးထဲမှာ သူတော်ကောင်းတွေ၊ သစ္စာရှိတဲ့လူတွေ၊ မျိုးချစ်စိတ်ရှိတဲ့ လူတွေ၊ တိုင်းပြည်အတွက် အနစ်နာခံစရာဆိုရင် စွန့်မယ့်လူတွေလည်း အများကြီး ရှိပါသေးတယ်ဆိုတာကိုလည်း အမတ်မင်းများအား ကျွန်တော် အတည့်အလင်း ပြောကြားလိုပါတယ်။

ဒီတော့ ဗြိတိသျှအစိုးရထံမှ ကျွန်တော်တို့ အမွေခံလိုက်တဲ့ အုပ်ချုပ်ရေး စက်ယန္တရားကြီးကို ခေတ်နှင့်လျော်ညီစွာ ပေါ်ပေါက်လာမဲ့ တာဝန်သစ်တွေကို ထမ်းဆောင်နိုင်သည်အထိ သန်မာတောင့်တင်းလာအောင် ကျွန်တော်တို့ ကြိုးပမ်းရဦးမယ်။

ပြီးတော့လည်း ဗမာလူထုကြီး လူတန်းစေ့ နေနိုင်ရေးအတွက် မြေတွင်းမြေပြင်ပစ္စည်းတွေကိုလည်း တူးဖော်တိုးချဲ့လုပ်ကိုင်ရဦးမယ်။ အဲဒါတွေဟာ အချိန်အနည်းငယ်တော့ ကြာမယ်။ သည်ကနေ့ သရက်ပင်စိုက် နက်ဖြန် သရက်သီးစားချင်လို့တော့ မဖြစ်ဘူး။ အခုစိုက်တဲ့ သရက်ပင်က အခုသရက်သီး သီးအောင် လုပ်ပြနိုင်တာကတော့ မျက်လှည့်သမားတွေမှ တတ်နိုင်တာပဲ။ မျက်လှည့်သမားတွေရဲ့ သရက်သီးကတော့ မြင်ရုံသာ မြင်ရပြီး စားရတာ မဟုတ်ဘူး။ အဲဒီလို မျက်လှည့်ပြတဲ့ အလုပ်မျိုးနဲ့လည်း တိုင်းပြည်ကို ကျွန်တော်တို့ တစ်ပတ်မရိုက်ချင်ဘူး။ ဒီတော့ ယခု ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြီးအရ ဗမာလူထုကြီးအတွက် ကျွန်တော်တို့ စီစဉ်ထားတဲ့ လုပ်ငန်းကြီးငယ် အသွယ်သွယ်တွေဟာ အကောင်အထည် ပေါ်လာသည်အထိ အချိန်အနည်းငယ်တော့ စောင့်ရလိမ့်မယ်ဆိုတာ အမတ်မင်းများအား ကျွန်တော် အတည့်အလင်း ပြောကြားချင်ပါတယ်။

နောက်ပြီးတော့လည်း ဘာကိုမဆို ဆိုဗီယက်ယူနီယန် အားကိုးနဲ့ ပြောချင်ကြတဲ့လူတွေ၊ လုပ်ချင်ကြတဲ့လူတွေကို ယခုလို အခွင့်အခါရတုန်း ကျွန်ကော် သတိပေးချင်ပါသေးတယ်။

mgyoe.com

ဆိုဗီယက်ယူနီယန်ကို ဗမာပြည်အပါအဝင်ဖြစ်တဲ့ ကမ္ဘာနှင်းပြားတွေရဲ့ မြေကတုတ်ကြီးသဖွယ်၊ ခေါင်းဆောင်ကြီးသဖွယ် ကျွန်တော် ရှိသေပါတယ်။ လေးစားပါတယ်။ အားကိုးပါတယ်။ ဒါပေမဲ့ လက်တွေ့လုပ်ဖို့ စီမံကိန်းတွေကို စဉ်းစားတဲ့အခါမှာ ဆိုဗီယက်ယူနီယန်အားကိုးတစ်ခုတည်းနဲ့တော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး ဆိုတာကို အမတ်မင်းများ သတိချပ်စေချင်ပါတယ်။

ကျွန်တော်တို့ ဗမာပြည်ဟာ ချက်ကိုစလိုဗေးကီးယားပြည်၊ ဘူလ်ဂေးရီးယားပြည်၊ ယူဂိုစလေဗီးယား ပြည်တွေကို ဆိုဗီယက်ယူနီယန်နှင့် နီးကပ်နေမယ် ဆိုရင်တော့ ဗမာ့အခြေအနေဟာ တစ်မျိုးဖြစ်စရာအကြောင်းတွေ ခပ်များများပဲ ရှိပါတယ်။ ဒါပေမဲ့ မိုင်ပေါင်း သုံးထောင်ကျော် ကွာခြားနေတဲ့အတွက်၊ ဗမာပြည်ဟာ တကယ်လက်တွေ့လုပ်ငန်းတွေကို တကယ်တမ်း ထမြောက်အောင် လုပ်ချင်တယ်ဆိုရင်၊ ချက်ကိုစလိုဗေးကီးယားပြည်၊ ဘူလ်ဂေးရီးယားပြည်၊ ယူဂိုစလေဗီးယားပြည်တွေလို စဉ်းစားလို့ မဖြစ်နိုင်ဘူးဆိုတာ အမတ်မင်းများအား ကျွန်တော် အတိအလင်း သတိပေးလိုပါတယ်။

အဲဒီတော့ ကျွန်တော်ပြောတာတွေလည်း အတော်ရှည်လျားသွားပြီ။ စကားနိဂုံးမချုပ်မီ ထပ်မံသတိပေးလိုတာကတော့ တခြားမဟုတ်ပါဘူး။ ယခုအမတ်မင်းများရဲ့ ရှေ့မှောက်ကို ရောက်နေတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေကြီးထဲတွင် လွတ်လပ်ရေးရတဲ့အခါ တောင်ရှည်ဝတ်တဲ့ ဗမာတစ်စုသာ လွတ်လပ်ရုံမဟုတ်ဘဲ၊ ဗမာ့လူထုကြီးပါ တကယ်တမ်း လွတ်လပ်စေမည့် မျိုးစေ့တွေပါ ပါတယ် ဆိုတာပါပဲ။

အဲဒီသတိအပြင်၊ နောက်ထပ်ပေးလိုတဲ့ သတိကတော့ တခြားဟာ မဟုတ်ပါဘူး။ ဘယ်လိုပင် မျိုးစေ့တွေက ကောင်းနေပေမဲ့ ဥယျာဉ်မှူးကလည်း လိမ္မာပါးနပ်ရဦးမယ်ဆိုတဲ့ အချက်ပါပဲ။ ဥယျာဉ်မှူးဆိုတဲ့လူတွေကတော့ ဗမာပြည်မှာ အမတ်မင်းများက လွဲပြီး မရှိသလောက်ပါဘဲ။ အဲဒီတော့ အမတ်မင်းတို့ကပဲ နာလန်မထူနိုင်အောင် ဆင်းရဲမွဲတေနေတဲ့ ဗမာ့လူထုကြီးရဲ့ အကျိုးစီးပွားကို ရှေ့ရှုပြီး အခြေခံဥပဒေကြီးထဲမှာပါတဲ့ မျိုးစေ့တွေကို ခိုင်ခံ့သန်မာသော အပင်ကြီးများဘဝသို့ ရောက်အောင်

mgyoe.com

ကြိုးစားပေးကြရန် ကျွန်တော် လေးနက်စွာ တိုက်တွန်းပါတယ်။ အမတ်မင်းများကသာ ယခုလွှတ်တော်ထဲမှာ ပြသခဲ့ကြတဲ့အတိုင်း ဖြောင့်မှန်ခြင်း၊ တည်ကြည်ခြင်း၊ သဘောထား မြင့်မြတ်ခြင်း၊ အမြော်အမြင်ကြီးမားခြင်း အစရှိတဲ့ ဂုဏ်အင်္ဂါတွေကို အနာဂတ်ပြဿနာများ ဖြေရှင်းရေး၌ လက်နက်ကောင်းကြီးမားသဖွယ် အစဉ်တစိုက် မပျက်မကွက် ဆက်လက်အသုံးပြုသွားကြမယ်ဆိုရင်၊ မျိုးစေ့မှ အပင်ကြီးများ ဖြစ်လာအောင် လုပ်ရမယ့် အမတ်မင်းများရဲ့ ကိစ္စကြီးဟာ ဧကန်မုချထမြောက်အောင် မြင်မယ်လို့ ကျွန်တော် လေးနက်စွာ ယုံကြည်ပါတယ်။ ဤအချက်များကို ပြောကြားပြီး ပြည်ထောင်စု မြန်မာနိုင်ငံရဲ့ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြင်ဆင်ထားတဲ့အတိုင်း ဤလွှတ်တော်ကြီးက အတည်ပြုရန် အဆိုကို ကျွန်တော် တင်သွင်းပါတယ်။ ။

❐

mgyoe.com

# ၃။ ပြည်ထောင်စုနိုင်ငံ

## ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့၊ လွတ်လပ်ရေးမော်ကွန်းကျောက်တိုင် အုတ်မြစ်ချမိန့်ခွန်း

ယနေ့ရရှိတဲ့ လွတ်လပ်ရေးဟာ လူမျိုးစုတစ်ခုတည်းရဲ့ လွတ်လပ်ရေး မဟုတ်။ ပြည်ထောင်စုတစ်ခုလုံးမှာရှိတဲ့ ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကရင်နီ (ကယား)၊ ရခိုင်၊ မွန်၊ မြန်မာ အစရှိတဲ့ သွေးချင်း သားချင်း ပြည်ထောင်စုသား လူမျိုးစု အားလုံးတို့ စည်းစည်းလုံးလုံး ကြိုးပမ်းခဲ့ကြသောကြောင့် ရရှိလာသော လွတ်လပ်ရေးဖြစ်တဲ့အတွက် ယခု လွတ်လပ်ရေးဟာ ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကရင်နီ (ကယား)၊ ရခိုင်၊ မွန်၊ မြန်မာ အစရှိတဲ့ သွေးချင်း သားချင်း ပြည်ထောင်စုသား လူမျိုးစု အားလုံးရဲ့ လွတ်လပ်ရေး ဖြစ်တယ်။

ယနေ့ရရှိတဲ့ လွတ်လပ်ရေးဟာ လူတန်းစားတစ်ခုတည်းရဲ့ လွတ်လပ်ရေးမဟုတ်။ ပြည်ထောင်စု တစ်ခုလုံးမှာရှိကြတဲ့ လယ်သမား၊ အလုပ်သမား၊ ဈေးသူဈေးသား၊ ကျောင်းသူကျောင်းသား၊ အမှုထမ်း၊ အရာထမ်းများမှစ၍ တော်လှန်ရေးသမားများအထိ ပါဝင်သော လူတန်းစား အားလုံးတို့က ညီညီညာညာ စွန့်စွန့်စားစား အုံကြွ ကြိုးပမ်းခဲ့ကြသောကြောင့် ရရှိလာသော လွတ်လပ်ရေး ဖြစ်တဲ့အတွက် ယခုလွတ်လပ်ရေးဟာ လယ်သမား၊ အလုပ်သမား၊ ဈေးသူဈေးသား၊ ကျောင်းသူကျောင်းသား၊ အမှု

mgyoe.com

ထမ်း၊ အရာထမ်းများမှစ၍ တော်လှန်ရေးသမားအထိ ပါဝင်သော လူတန်းစား အားလုံးရဲ့ လွတ်လပ်ရေး ဖြစ်တယ်။

ယနေ့ရရှိတဲ့ လွတ်လပ်ရေးဟာ အသင်းအဖွဲ့တစ်ခုတည်းရဲ့ လွတ်လပ်ရေး မဟုတ်။ ပြည်သူ့ရဲဘော်၊ ဆိုရှယ်လစ်၊ ကွန်မြူနစ်၊ လူငယ်၊ အမျိုးသမီး၊ တောင်သူလယ်သမား၊ အလုပ်သမားအစည်းအရုံး၊ သမဂ္ဂ အစရှိတဲ့ အသင်းအဖွဲ့အသီးသီးက ကိုယ့်ဆိုင်ရာ နယ်နိမိတ်အတွင်းမှနေပြီး နယ်ချဲ့စနစ်ကြီးကို ဝိုင်းအုံ တိုက်ခိုက်ခဲ့ကြသောကြောင့် ရရှိလာသော လွတ်လပ်ရေး ဖြစ်တဲ့အတွက် ယခု လွတ်လပ်ရေးဟာ ပြည်သူ့ရဲဘော်၊ ဆိုရှယ်လစ်၊ ကွန်မြူနစ်၊ လူငယ်အမျိုးသမီး၊ တောင်သူလယ်သမား၊ အလုပ်သမား အစည်းအရုံး၊ သမဂ္ဂအစရှိတဲ့ များပြောင်လှစွာသော အသင်းအဖွဲ့ အားလုံးရဲ့ လွတ်လပ်ရေး ဖြစ်တယ်။

ယခုလို တစ်နိုင်ငံလုံးရှိ သွေးချင်းသားချင်း ပြည်ထောင်စုသား လူမျိုးစုအသီးသီး၊ လူတန်းစားအသီးသီး၊ အသင်းအဖွဲ့ အသီးသီးတို့က အပြင်းအထန် ကြိုးပမ်းခဲ့ကြသောကြောင့် ရရှိလာသော လွတ်လပ်ရေး ဖြစ်တဲ့အတွက် ဤလွတ်လပ်ရေးကို သွေးချင်းသားချင်း ပြည်ထောင်စုသား လူမျိုးစုအားလုံး၊ လူတန်းစား အားလုံး၊ အသင်းအဖွဲ့ အားလုံးတို့က ရှိသေကြရမယ်။ ဒီလွတ်လပ်ရေးကို တိုက်ရိုက်နည်းအားဖြင့်သော် လည်းကောင်း၊ သွယ်ဝိုက်တဲ့နည်းအားဖြင့်သော်လည်းကောင်း ထိပါးလာမယ် ဆိုလျှင် ပြည်ထောင်စုသား အားလုံးသည်လည်းကောင်း၊ လူတန်းစား အားလုံးသည်လည်းကောင်း၊ အသင်းအဖွဲ့ အားလုံးသည်လည်းကောင်း ရင်မြေကဘုတ်လုပ်၍ ခုခံကာကွယ် စောင့်ရှောက်ကြရမယ်။

ယနေ့ရရှိတဲ့ လွတ်လပ်ရေးဟာ လူမျိုးစုတစ်ခုတည်း အတွက် အသုံးချရန် မဟုတ်၊ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံအတွင်းမှာ မှီတင်း နေထိုင်ကြတဲ့ သွေးချင်းသားချင်း ပြည်ထောင်စုသားလူမျိုးစု အားလုံး အတွက် မျှမျှတတ အသုံးချရန်ဖြစ်တယ်။

ယနေ့ရရှိတဲ့ လွတ်လပ်ရေးဟာ လူတန်းစားတစ်ခုတည်းအတွက် အသုံးချရန် မဟုတ်၊ လူ့အခွင့်အရေးများကို ဘယ်အခါကမျှ တင်းပြည့်

mgyoe.com

mgyoe.com

ကျပ်ပြည့် မရရှိခဲ့ကြဘူးတဲ့ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ပြည်ထောင်စုသား လူတန်းစား အားလုံးအတွက် မျှမျှတတ အသုံးချရန် ဖြစ်တယ်။

ယနေ့ရရှိတဲ့ လွတ်လပ်ရေးဟာ အသင်းအဖွဲ့ တစ်ခုတည်းအတွက် အသုံးချရန်မဟုတ်။ ပြည်ထောင်စုရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေကို လိုက်နာရှိသေသော အသင်းအဖွဲ့ အားလုံးအတွက် မျှမျှတတ အသုံးချရန် ဖြစ်တယ်။

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ပြည်သူလူထုကြီး တစ်ရပ်လုံးအတွက် အကျိုးအများဆုံး ရရှိနိုင်အောင် ယခုရရှိတဲ့ လွတ်လပ်ရေးကို ခိုင်ခိုင်ခံ့ခံ့ အုတ်မြစ်ချလျက် သမ္မတနိုင်ငံသစ်ကြီးကို ကျွန်တော်တို့ အားလုံး အင်အား ရှိသလောက် တည့်တည့်မတ်မတ် ခိုင်ခိုင်ခံ့ခံ့ တည်ဆောက်ကြတော့မယ်။

ဒီသမ္မတနိုင်ငံသစ်ကြီးကို အပြီးသတ် တည်ဆောက်ပြီးတဲ့အခါမှာ နိုင်ငံအတွင်း၌ လူအချင်းချင်း လူညွန့်စုပ်စားနေတဲ့ လူတန်းစားလည်း မရှိတော့ဘူး။ လူညွန့်စုပ်စားခြင်း ခံနေရတဲ့ လူတန်းစားလည်း မရှိတော့ဘူး။ လက်ဝါးကြီးအုပ်နေတဲ့ လူတန်းစားလည်း မရှိတော့ဘူး။ လက်ဝါးကြီး အအုပ်ခံနေရတဲ့ လူတန်းစားလည်း မရှိတော့ဘူး။ နဖူးက ချွေး၊ ခြေမအထိကျအောင် ရွှံ့ဗွက်တွေထဲမှာ၊ စက်ရုံတွေထဲမှာ၊ တောအထပ်ထပ် တောင်အထပ်ထပ်တွေထဲမှာ၊ သတ္တုတွင်းတွေထဲမှာ နေပူမရှောင် မိုးရွာမရှောင်၊ တကုန်းကုန်း တရုန်းရုန်းနှင့်အလုပ်လုပ်ကြရပြီး၊ လူတန်းစေ့ ဘဝကလေးကိုမှ မရရှိကြတဲ့ လူတန်းစားလည်း မရှိတော့ဘူး။ ဒီလူတန်းစားကို ဒီလို လူညွန့်တုံးအောင် နှိပ်ကွပ်ထားတဲ့ လူတန်းစားလည်း မရှိတော့ဘူး။

ဒီသမ္မတနိုင်ငံသစ်ကြီးမှာ ရှိရှိသမျှလူတွေဟာ ကိုယ့်အစွမ်းရှိသ၍ ကိုယ်စွမ်းတဲ့ဘက်မှာ ဝင်ပြီး အမှုထမ်းကြ။ လယ်လုပ်တတ်တဲ့ လူတွေက လယ်လုပ်ကြ။ စက်မောင်းတတ်တဲ့လူတွေက စက်မောင်းကြ။ သတ္တုတွင်း တူးတတ်တဲ့ လူတွေက သတ္တုတွင်းတူးကြ။ ငြိမ်ဝပ်ပိပြားရေးကို ဆောင်ရွက်

mgyoe.com

တတ်တဲ့ လူတွေက တရားရုံးတွေ၊ ရာဇဝတ်ဌာနတွေမှာ ဆောင်ရွက်ကြ။ ကာကွယ်ရေးမှာ ကျွမ်းကျင်တဲ့လူတွေက စစ်တပ်တွေမှာ အမှုထမ်းကြ။ အအုပ်အချုပ် အစီအမံမှာ လိမ္မာတဲ့လူတွေက အစိုးရဌာနအသီးသီးမှာ ဝင်ရောက်ဆောင်ရွက်ကြ။ ဒီနည်းများဖြင့် ကျွန်တော်တို့ရဲ့ ပြည်ထောင်စု သားတွေဟာ ကမ္ဘာ့အလယ်မှာ လူတန်းစေ့စေ့ နေနိုင်အောင် ကျွန်တော်တို့ အားလုံး ဝိုင်းပြီး ကြိုးပမ်းကြရမယ်။

ကျွန်တော်တို့ရဲ့ မြေဆီမြေနှစ်တွေကို ပြည်ထောင်စုသား လူဦးရေနဲ့ နှိုင်းစာကြည့်မယ်ဆိုလျှင် မြေဆီမြေနှစ်တွေက အင်မတန်များပြားနေတာကို တွေ့ရမယ်။ ဒါကြောင့် ခေါင်းဆောင်တွေကလည်း သစ္စာမဖောက်ဘဲ ခြေလှမ်းမမှားဘဲ၊ ဖွဲ့ကောင်းကောင်းနဲ့ ကြိုးပမ်းလိုက်ကြလျှင် လူထုကလည်း မိမိတို့ထမ်းဆောင်ရမည့် တာဝန်တွေကို မပျက်မကွက်ဘဲ၊ ဝါးအစည်းပြေသလို မပြေဘဲ ဖွဲ့ကောင်းကောင်းနဲ့ ကြိုးပမ်းလိုက်ကြလျှင် ကျွန်တော်ပြောခဲ့တဲ့ သမ္မတနိုင်ငံသစ်ကြီးကို မနှေးအမြန် တည်ဆောက်ဖြစ်မြောက်ရမယ်လို့ ကျွန်တော် အတည့်အလင်း ကြေညာရပါတယ်။

ဤသမ္မတနိုင်ငံသစ်ကြီးကို တည်ဆောက်ရာ၌ ခေါင်းဆောင်တွေ သစ္စာဖောက်လျှင်၊ ခြေလှမ်းမှားလျှင် ယနေ့စိုက်ထူတဲ့ ဤလွတ်လပ်ရေး မော်ကွန်းကျောက်တိုင်ကြီးသည် သစ္စာဖောက်နေသော ခေါင်းဆောင်များကိုလည်းကောင်း၊ ခြေလှမ်းမှားနေသော ခေါင်းဆောင်များကိုလည်းကောင်း အချိန်မီ သတိပေးနိုင်သည် ဖြစ်ပါစေသတည်း။

ဤသမ္မတနိုင်ငံသစ်ကြီးကို တည်ဆောက်ရာ၌ ပြည်သူလူထုကြီးသည် မိမိထမ်းဆောင်ရမည့် တာဝန်များကို ပျက်ကွက်လျှင်၊ ဝါးအစည်းပြေသကဲ့သို့ ပြေတော့မည်ဆိုလျှင် ယနေ့စိုက်ထူတဲ့ ဤလွတ်လပ်ရေး မော်ကွန်းကျောက်တိုင်ကြီးသည် တာဝန်ပျက်ကွက်သော ပြည်သူလူထုကြီးကိုလည်းကောင်း၊ ဝါးအစည်းပြေသကဲ့သို့ ပြေတော့မည်ဖြစ်သော ပြည်သူလူထုကြီးကိုလည်းကောင်း၊ အချိန်မီ သတိပေးနိုင်သည် ဖြစ်ပါစေသတည်း။

ဤသမ္မတနိုင်ငံသစ်ကြီးကို တည်ဆောက်ရာ၌ ဖျက်လိုဖျက်ဆီး လုပ်လိုသော ပြည်တွင်းပြည်ပ ရန်သူများ ပေါ်ပေါက်လာလျှင် ယနေ့

mgyoe.com

mgyoe.com

စိုက်ထူတဲ့ ဤလွတ်လပ်ရေး မော်ကွန်းကျောက်တိုင်ကြီးသည် ထိုရန်သူများကို အပြီးတိုင် ချေမှုန်းနိုင်သည့်အထိ ဇာတိသွေးဇာတိမာန် တစ်ခဲနက်တက်ကြွလာအောင် ပြည်ထောင်စု ပြည်သူလူထုကြီးတစ်ရပ်လုံးအား အချိန်မှီ စွမ်းဆောင်ပေးနိုင်သည် ဖြစ်ပါစေသတည်း။ ။

❒

mgyoe.com

mgyoe.com

## ၄။ ပြည်ထောင်စုနှင့် တို့တာဝန်

### ၁၉၄၈ ခုနှစ်၊ ဧပြီလ ၁၆ ရက်နေ့၊ နှစ်သစ်ကူး အသံလွှင့်မိန့်ခွန်း

ကျွန်တော်တို့ ဗမာတိုင်းရင်းသားတွေဟာ အင်္ဂလိပ်နယ်ချဲ့သမားတွေရဲ့ အောက်မှာ နှစ်ပေါင်း ခြောက်ဆယ်ကျော်ခန့် ကျွန်သပေါက် ဖြစ်ခဲ့ကြပြီးတဲ့နောက် မြန်မာသက္ကရာဇ် ၁၃၀၉ ခု၊ ပြာသိုလပြည့်ကျော် ၉ ရက်နေ့ ခရစ်ယာန် သက္ကရာဇ် ၁၉၄၈ ခု၊ ဇန်နဝါရီလ ၄ ရက်နေ့မှ အစပြုပြီး အချုပ်အခြာ အာဏာပိုင်သော (ဝါ) လုံးဝ လွတ်လပ်သော ဗမာတိုင်းရင်းသူ တိုင်းရင်းသားများ ဖြစ်လာကြပေပြီ။ ဒီလို ဖြစ်လာကြတဲ့ အတိုင်း ရှမ်း၊ ကရင်၊ ကချင်၊ ချင်း၊ ကရင်နီ၊ (ကယား) မွန်၊ ဗမာ၊ ရခိုင် အစ ရှိတဲ့ ဗမာတိုင်းရင်းသူ တိုင်းရင်းသားတိုင်း မိမိကိုယ်ကို မိမိ အရေးအကြီးဆုံး မေးခွန်းကြီးတစ်ခု မေးဖို့ အချိန်တန်ပေပြီ။

အခု အခါမှာ များစွာသော တိုင်းရင်းသူ တိုင်းရင်းသားတွေဟာ မေးခွန်းတစ်ခုကိုတော့ တွင်တွင်ကြီး မေးနေကြပါရဲ့။ ဒီမေးခွန်းကတော့ တခြား မဟုတ်ဘူး။ “လွတ်လပ်ရေး ရပြီ။ ကျုပ်တို့တစ်တွေ ဘာအကျိုး ခံစားကြရမလဲ” ဆိုတဲ့ မေးခွန်းပဲ ဖြစ်တယ်။

ဒီမေးခွန်းကို ဒီလူတွေ မေးနေတာ မမေးရဘူးလို့ ကျွန်တော်တို့ မတားမြစ်သင့်ဘူးနော်။ ကျွန်တော်တို့တစ်တွေလည်း သူတို့နေရာမှာနေရရင် ဒီမေးခွန်းမျိုးကိုပဲ မေးကြမှာပဲ။ ဘာဖြစ်လို့ ဒီလို မေးကြမလဲ ဆိုတာ

mgyoe.com

mgyoe.com


ကျွန်တော် ရှင်းပြပါ့မယ်။ ဗြိတိသျှ နယ်ချဲ့သမားတွေကို တော်လှန်ခဲ့ရတဲ့ တစ်ခေတ်လုံးမှာ နိုင်ငံရေးခေါင်းဆောင်တွေ ပြောခဲ့တဲ့ စကားအားလုံးကို ပေါင်းပြီး ကြည့်လိုက်ရင်၊ အရေး အကြီးဆုံး အချက်တစ်ချက်ပဲ ထွက်လာတယ်။ ဒီအချက်ဟာ တခြား မဟုတ်ဘူး။ "အင်္ဂလိပ်လက်အောက်က လွတ်ရင်၊ ဗမာတွေ ချမ်းသာမယ်" ဆိုတဲ့ အချက်ပင် ဖြစ်တယ်။ လူထုကြီးကလည်း အင်္ဂလိပ် လက်အောက်က လွတ်ရင် ချမ်းသာတော့မယ် ဆိုတဲ့ အချက်တစ်ချက်ကို အခြားအချက်တွေထက် ပိုပြီး မှတ်ထားခဲ့ကြတယ်။ ဒါကြောင့် ယခု လွတ်လပ်တဲ့ အခါမှာ၊ "လွတ်လပ်ရေး ရပြီး ကျုပ်တို့တစ်တွေ ဘာအကျိုး ခံစားကြရမလဲ" ဆိုတဲ့ မေးခွန်းကို လူတိုင်းလိုလို မေးနေခြင်း ဖြစ်တယ်။

ဒီမေးခွန်းကို လူထုက မေးတာဟာ မမှားဘူး။ ဒါပေမဲ့ ဒီမေးခွန်း တစ်ခုတည်းကိုသာ မေးပြီး ဒီနေရာမှာပဲ ရပ်နေရင်တော့၊ မေးတဲ့ လူတွေဟာ ငါးဆယ်ရာခိုင်နှုန်းသာ မှန်ကြပေလိမ့်မယ်။ ရာခိုင်နှုန်း အပြည့် မှန်ချင်ကြတယ် ဆိုရင်၊ လူထုကြီးဟာ ရှေ့ကို တစ်ဆင့်တိုးပြီး မေးခွန်း တစ်ခုကို နောက်ထပ် မေးကြရဦးမယ်။

ယခုအခါ လူထုကြီးက မေးနေကြတဲ့ အမေးရဲ့ အဖြေဟာ ယခု ဆက်ပြီးမေးရမယ့် အမေးရဲ့အဖြေပေါ်မှာ တည်နေတဲ့အတွက် ယခု ဒုတိယ မေးခွန်းဟာ ပထမမေးခွန်းထက် ပိုပြီး အရေးကြီးတယ်လို့ မှတ်ထားကြရမယ်။ ဒီမေးခွန်းဟာ ဘာလဲ။ ဒီမေးခွန်းဟာ တခြားမဟုတ် "လွတ်လပ်ရေး ရပြီ၊ လွတ်လပ်တဲ့ နိုင်ငံသားပီပီ ဘယ်တာဝန်တွေကို ထမ်းကြရမလဲ" ဆိုတဲ့ မေးခွန်းပင် ဖြစ်တယ်။ ယနေ့နှစ်ဆန်းတစ်ရက်နေ့မှာ ဗမာပြည်ထောင်စု နိုင်ငံသူ နိုင်ငံသားများကို ကျွန်တော် ပြောမယ့်စကားများဟာ ဒီမေးခွန်းကြီးကို ဖြေတဲ့ အဖြေစကားများပင် ဖြစ်ပါတယ်။

စပါး လိုချင်တဲ့ လယ်သမားတစ်ဦးဟာ စပါးထွက်လာအောင် လက်ပိုက်ကြည့်မနေဘဲ လယ်ထွန်ခြင်း၊ ကောက်စိုက်ခြင်း၊ ကောက်ရိတ်ခြင်း အစရှိတဲ့ တာဝန်များကို ထမ်းရွက်ရသလို အကျိုးခံစားလိုတဲ့ မြန်မာပြည်ထောင်စု နိုင်ငံသူ နိုင်ငံသားတွေဟာလည်း အကျိုးခံစားခွင့်များကို လက်ပိုက်ပြီး မျှော်ရုံသာ မျှော်မနေကြဘဲ၊ မိမိတို့နဲ့ထိုက်တဲ့ တာဝန်များကို

mgyoe.com

mgyoe.com

လည်း ထမ်းရွက်ကြရလိမ့်ဦးမယ်။ ဒီအချက်ကို ကောင်းကောင်း သဘောပေါက်ထားကြဖို့ လိုတယ်။

ဒီတော့ မြန်မာပြည်ထောင်စု နိုင်ငံသူ နိုင်ငံသားတွေ ထမ်းရမယ့် တာဝန်တွေဟာ ဘာတွေလဲ နိုင်ငံသူ နိုင်ငံသားတွေ ထမ်းရမယ့်တာဝန်တွေကို လျှောက်ပြီး ပြောနေရမယ်ဆိုရင် တစ်ပုံကြီးပေါ့။ လောင်စာနဲ့ပြာပုံအတိဖြစ်နေတဲ့ ပြည်ထောင်စုကြီးကို ပြန်လည်ထူထောင်ရမယ့် တာဝန်၊ ကမ္ဘာ့စံချိန်နှင့်စာလျှင် အသိဉာဏ် ပညာဘက်မှာ အနှစ်သုံးဆယ်လောက်နောက်ကျနေသေးတဲ့ တိုင်းရင်းသူ တိုင်းရင်းသားတွေကို အသိဉာဏ်မြှင့်တင်ပေးရမယ့် တာဝန်၊ ခါးချည့်ကလေးတွေဘဝမှ သန်မာတောင့်တင်းတဲ့ အာဇာနည်တွေရဲ့ ဘဝကို ရောက်အောင် ကျန်းမာရေးကို မြှင့်တင်ပေးရမယ့်တာဝန်၊ ဝင်ငွေများများ ရနိုင်အောင် ထွက်ကုန်များများ ပိုထုတ်လုပ်ပေးရမယ့်တာဝန်တွေကစပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို ဘယ်ရန်သူမျိုးမှ ဝင်ရောက် ဖျက်ဆီးခြင်း မပြုနိုင်အောင် ကာကွယ်ရမယ့်တာဝန်အထိ တိုင်းရင်းသားတွေ ထမ်းရမယ့်တာဝန်တွေဟာ အမြောက်အမြားပဲရှိတယ်။

ဒါပေမဲ့ ဒီကနေ့ ပြောချင်တဲ့ တာဝန်ကတော့ အခုပြောခဲ့တဲ့ တာဝန်တွေထက် အဆပေါင်းများစွာ ကြီးမားတဲ့ တာဝန်ကြီးဖြစ်တယ်။ နှိုင်းယှဉ်ကြည့်မယ်ဆိုလျှင် ယခုပြောခဲ့ပြီးတဲ့ တာဝန်တွေဟာ မြစ်လက်တက်ကလေးများမျှသာ ဖြစ်ပြီး ယခုကျွန်တော် ပြောရမယ့်တာဝန်ကတော့ မြစ်မကြီးဖြစ်ပါတယ်။ ဒါကြောင့်မို့ ယခု ကျွန်တော်ပြောမယ့်တာဝန်ကြီးဟာ တိုင်းရင်းသူတိုင်းရင်းသားများ ထမ်းရွက်ရမယ့်တာဝန်တကာတို့တွင် အကြီးဆုံးတာဝန်ဖြစ်ပါတယ်။ ဒီတာဝန်ကြီးဟာ တခြား မဟုတ်ပါ။ ယခုရရှိနေတဲ့ တိုင်းရင်းသား စည်းလုံး ညီညွတ်မှုကြီးကို ဥမကွဲ သိုက်မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ကြရမယ့် တာဝန်ကြီးပင် ဖြစ်ပါတယ်။

တိုင်းရင်းသား စည်းလုံးညီညွတ်မှုကြီးကို ဥမကွဲ သိုက်မပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ဖို့ တာဝန်ဟာ ဘာကြောင့် အရေးအကြီးဆုံး တာဝန်ကြီး ဖြစ်တယ်ဆိုတာကို ရှင်းပြဖို့ လိုပါတယ်။

mgyoe.com

mgyoe.com


တိုင်းရင်းသား စည်းလုံးညီညွတ်မှုဟာ အရေး အင်မတန်ကြီးတဲ့ အကြောင်းကို ထင်ရှားစေဖို့အတွက် ခေါင်းဆောင်အသီးသီးက အိန္ဒိယနဲ့ တရုတ်ပြည်ကြီး နှစ်ပြည်ကို လက်ညှိုးထိုးပြခဲ့တာကို လူထုကြီးကိုယ်တိုင် ကောင်းကောင်းကြီး မှတ်မိမှာပါပဲ။ ဒီလိုက်ညှိုးထိုး ပြရတာက တခြား ကြောင့် မဟုတ်ဘူး။ တရုတ်ပြည်ဆိုရင်လည်း ဂျပန်လက်အောက်က လွတ်တာ သုံးနှစ်ခန့် ရှိပြီ။ အိန္ဒိယပြည်ဆိုရင်လည်း အင်္ဂလိပ် လက်အောက် က လွတ်တာ တစ်နှစ်နီးနီး ရှိပြီ။ ဒါပေမဲ့ ဒီတိုင်းပြည် နှစ်ပြည်စလုံးမှာ တိုင်းရင်းသား အချင်းချင်း ညီညွတ်မှု မရှိတဲ့အတွက် ယနေ့ထက်တိုင် သွေးချောင်းစီးမှုကြီးတွေ အနှံ့အပြားဖြစ်ကြပြီး တရုတ်နဲ့အိန္ဒိယလူထုကြီး တွေမှာ မျောက်လောင်း မျောက်လောင်းပဲ ဖြစ်နေကြသေးတယ် ဆိုတာကို ခေါင်းဆောင်တွေက ပြချင်ကြဖို့ပဲ။

ကျွန်တော် ကိုယ်တိုင်လည်း ကမ္ဘာ့ရာဇဝင် အကိုးအကားတွေကို ထုတ်ပြီး၊ စည်းလုံးညီညွတ်မှုရဲ့ အရေးကြီးပုံကို အခွင့်အခါရတိုင်း ပြောခဲ့တာ တိုင်းရင်းသား လူထုကြီးက ကောင်းကောင်း မှတ်မိပါလိမ့်မယ်။ အထူး သဖြင့် ဂျာမနီနိုင်ငံကို မကြာခဏ ကျွန်တော်လက်ညှိုးထိုးပြခဲ့ဖူးပါတယ်။ ဂျာမန် ရာဇဝင်တစ်လျှောက်လုံးမှာ ဂျာမနီနိုင်ငံဟာ ဘစ်စမတ်လက်ထက် မှာ တစ်ကြိမ်၊ ဟစ်တလာလက်ထက်မှာ တစ်ကြိမ်ပေါင်း ဒီနှစ်ကြိမ်မှာသာ တိုင်းရင်းသား စည်းလုံး ညီညွတ်မှုကြီးကို ရရှိခဲ့ပါတယ်။ ဒါကြောင့်မို့လည်း ကမ္ဘာ့ပြိုင်ပွဲကြီးထဲမှာ ဝင်ပြေးတဲ့အခါမှာ ပထမ ဆွဲနိုင်လောက်တဲ့ လူ အင်အား သဘာဝ အင်အားတွေ ရှိလျက်နဲ့ အင်္ဂလိပ်နဲ့ ပြင်သစ်တို့ကသာ ဂျာမနီရဲ့ ရှေ့ကို ကျော်သွားနိုင်ခဲ့ကြတယ်။ ဂျာမနီက နောက်ကျ ကျန်ရစ် တယ်။

ဂျာမန်လူမျိုးတွေ ဘယ်မျှလောက် စည်းလုံး ညီညွတ်မှုဘက်မှာ ချို့တဲ့ နေတယ်ဆိုတာကို ထင်ရှားအောင် ဂျာမန် ရာဇဝင်ရဲ့ သင်ခန်းစာ တစ်ခုကို ကျွန်တော် ထုတ်ပြချင်ပါတယ်။ သင်ခန်းစာအဖြစ် တင်ပြချင် တဲ့ အချိန်ဟာ နပိုလီယန်က ဂျာမနီကို တိုက်တဲ့ အချိန်ဖြစ်ပါတယ်။ ဒီအခါက ဂျာမနီဟာ ပရပ်ရှား၊ ဆက်ဆိုနီ၊ ဘာဗေးရီးယား၊ ဟင်နိုဗာ အစရှိသဖြင့် ပြည်နယ်ကလေးများအဖြစ် ကွဲနေကြပါတယ်။ ဒီဂျာမန်ပြည်

mgyoe.com

နယ်ကလေးတွေဟာ အချင်းချင်း သွေးညှိလို့ မရဘူး။ တစ်ယောက်ကို တစ်ယောက် ဩဇာပေးလို့ မရဘူး။ တစ်ဦးနဲ့တစ်ဦး အားကြိုး ဂုဏ်တု ဂုဏ်ပြိုင် လုပ်နေကြတယ်။ ဘယ်လောက်အထိ စိတ်ဝမ်းကွဲပြားကြတယ် ဆိုတာကို ကျွန်တော် အတိုချုပ် ပြောပြပါ့မယ်။ ရန်သူ နပိုလီယန်က သူတို့အားလုံးရဲ့ တံခါးဝကို ရောက်နေတာတောင် နပိုလီယန်ကို တစ်နေ့တည်းမှာ စစ်ကြေညာဖို့ သွေးညှိလို့ မရဘူး။ ပြည်နယ် တစ်နယ်က ဒီနေ့ စစ်ကြေညာရင် အခြားပြည်နယ်က နောက်တစ်နေ့မှာ စစ်ကြေညာတယ်။ ဒီလောက် စိတ်ဝမ်း ကွဲပြားနေတဲ့ နိုင်ငံဆိုတော့ ရန်သူက အလွယ်ကလေးနဲ့ သိမ်းယူသွားရတာပေါ့။ ဘာမှ အံ့ဩစရာ မရှိပါဘူး။

ကမ္ဘာ့ပြိုင်ပွဲမှာ အင်္ဂလိပ်တွေ ပထမရတာဟာ အင်မတန် မှတ်သားစရာ ကောင်းတယ်။ ကမ္ဘာ့ပြိုင်ပွဲမှာ ပထမ ရချင်တဲ့ လူတိုင်း အထူး မှတ်သားသင့်ကြတယ်။ လူဦးရေ ဆိုတာမှာလဲ၊ ဂျာမနီလောက် မများဘူး။ လောကဓာတ် ပါရဂူတွေနဲ့ စစ်သားကောင်းတွေ ထွက်တဲ့ နေရာမှာလည်း ဂျာမနီလောက် မများပါဘူး။ ဒါကြောင့်မို့လည်း အင်္ဂလိပ် စာရေးဆရာကြီး တစ်ဦးကတောင် အင်္ဂလိပ်လူမျိုး တစ်ဦးထံမှ သေနတ်ကို နုတ်ယူလိုက်လျှင် သုညနှင့် ညီမျှသည် ဟူ၍ပင် သူတို့ အင်္ဂလိပ် အချင်းချင်း ပြောင်လှောင်ပြီး ရေးသားခဲ့ဖူးပါတယ်။ နောက်ပြီးတော့ သဘာဝ အင်အား အရာမှာလည်း ဂျာမနီနဲ့စာရင် အင်မတန် နည်းတယ်။ အင်္ဂလိပ်တစ်နိုင်ငံလုံးမှာ အကြီးအကျယ် ထွက်တာ သံနဲ့ ကျောက်မီးသွေးပဲ ရှိတယ်။ ဒါပေမဲ့ ကမ္ဘာ့ပြိုင်ပွဲကြီးမှာ လူအင်အား၊ သဘာဝအင်အားတွေ သူထက် အမြောက်အမြား အားကြီးနေတဲ့ အခြားနိုင်ငံတွေကို အနိုင်ရအောင် အင်္ဂလန်က ပြေးပြနိုင်ခဲ့တယ်။ အဲဒီလို အနိုင်ရအောင် ပြေးပြနိုင်တာဟာ တခြားကြောင့် မဟုတ်ဘူး။ အင်္ဂလန်နိုင်ငံရဲ့ အင်မတန် ခိုင်ခံ့တဲ့ အမျိုးသားစည်းလုံး ညီညွတ်မှုကြီးကြောင့်ပဲ ဖြစ်တယ်။

နှစ်ပေါင်း တစ်ထောင့်ငါးရာကျော် လောက်တုန်းကတော့ အင်္ဂလန်ဟာလည်း အစိတ်စိတ် အမြွာမြွာ ကွဲနေခဲ့တဲ့ နိုင်ငံတစ်နိုင်ငံပါပဲ။ ဒီအခါက အင်္ဂလန် နိုင်ငံတွင်းမှာ ဝက်ဆက် ဆိုတာက တစ်ပြည်၊ နော့သန်ဘရီးယား ဆိုတာက တစ်ပြည်၊ (အီ) စ အင်ဂလီးယားဆိုတာကတစ်ပြည် အစရှိ

mgyoe.com


သဖြင့် အပြည်ပြည် ကွဲနေကြပါတယ်။ ဒီလို အပြည်ပြည် ကွဲနေကြတဲ့ နိုင်ငံတိုင်း မရှောင်မလွှဲ ခံစားရတဲ့ အပြစ်ဒဏ်ကြီးကို အဲဒီအခါတုန်းက အင်္ဂလန်လည်း ခံရတာပဲ။ မလွတ်ကင်းခဲ့ပါဘူး၊ ဒီအပြစ်ဒဏ်ကတော့ တခြားဟာ မဟုတ်ဘူး အညီရှိရင် ယင်အုံတယ်ဆိုတဲ့ စကားလိုပဲ၊ ကွဲရင် အကွဲကို မျိုပစ်မယ့်ရန်သူ ရောက်လာတယ်ဆိုတဲ့ အပြစ်ဒဏ်ပါပဲ။ ဒီအခါ တုန်းက အင်္ဂလိပ်တွေ အစိတ်စိတ်အမြွာမြွာ ကွဲနေတာကို အကြောင်းပြု ပြီး ဒိန်းလူမျိုးတွေဟာ အင်္ဂလန်ကို သိမ်းပိုက်ဖို့ ရောက်လာကြပါတယ်။ နော့သန်ဘရီးယားနဲ့ (အိ)စ အင်ဂလီးယားပြည်နယ်ရှင် အဲဖရက်ဘုရင် ဟာ ဒိန်းတွေကို အတော်ခံတိုက်ရတယ်။ ဒီ အဲဖရက်ဘုရင်လက်ထက်မှာ ပဲ အင်္ဂလိပ်တွေ အစိတ်စိတ်အမြွာမြွာ ကွဲနေကြမယ်ဆိုရင် လူမျိုးပါပျောက် သည့်အထိ ဒုက္ခရောက်ရတော့မယ်လို့ အကြီးအကျယ် သံဝေဂရပြီး၊ အင်္ဂလိပ်အမျိုးသား စည်းလုံးညီညွတ်ရေး အုတ်မြစ်ကြီးကို အဲဖရက်ဘုရင်က စတင်ချသွားတယ်။ ဒီအဲဖရက်ဘုရင်ကြီး အုတ်မြစ်ချသွားတဲ့ အမျိုးသား စည်းလုံးညီညွတ်ရေး ဗိမာန်ကြီးဟာ အနှစ်နှစ်ရာခန့်အကြာ ဝိလျံသိကွန် ကားရားဆိုတဲ့ ဘုရင်လက်ထက်မှာ အပြီးသတ် ပြီးမြောက်ခဲ့တယ်။

ဒီအမျိုးသား စည်းလုံးညီညွတ်ရေးကြီးရဲ့ ကျေးဇူးကြောင့်ပဲ ကမ္ဘာ့ ပြိုင်ပွဲကြီးမှာ အင်္ဂလိပ်တွေ ပထမ ရခဲ့တယ်ဆိုတာဟာ ရာဇဝင်မှာ အထင် အရှားရှိနေတဲ့အတွက် ဒီသင်ခန်းစာကို ဗမာတိုင်းရင်းသား မှန်သမျှ အသည်းစွဲ မှတ်သားကြစေချင်တယ်။ အင်္ဂလိပ်တွေရဲ့ စည်းလုံးညီညွတ် မှုဟာ ဘယ်လောက်အထိ ခိုင်မြဲတယ်ဆိုတာ ထင်ရှားလာအောင် အင်္ဂလိပ် ရာဇဝင်ထဲက နောက်ထပ် သင်ခန်းစာတစ်ခုကို ကျွန်တော် ကောက်နုတ် ပြပါဦးမယ်။

ဒီသင်ခန်းစာအတွက် အချိန်ကတော့ အင်္ဂလန်မှာ အယ်လီဇဘက် ဘုရင်မကြီး စိုးမိုးအုပ်ချုပ် မင်းလုပ်တဲ့အချိန် ဖြစ်တယ်။ ဒီအခါမှာ ပရို တက် စတင့်ဂိုဏ်းဝင်တွေရဲ့ ရိုမင်ကက်သလစ်ဂိုဏ်းဝင်တွေဟာ အကြီး အကျယ် အဓိကရုဏ်း ဖြစ်နေတဲ့ အချိန်ပဲ။ အဓိကရုဏ်းတွေကို အကြောင်း ပြုပြီး စပိန်ပြည်ရဲ့ ဒုတိယမြောက် ဖီးလစ်ဘုရင်ဟာ အင်္ဂလန်ကို တိုက်ရန် ထိုအခါက အကြီးဆုံး ဖြစ်တဲ့ ရေတပ်ကြီးကို စေလွှတ်ခဲ့ပါတယ်။ သူရဲ့

mgyoe.com

mgyee.com


တွက်ကိန်းက တခြားဟာ မဟုတ်ဘူး။ အယ်ဒီဇဘက် ဘုရင်မကြီးက ပရိုတက်စတင့်ဂိုဏ်းဝင်ဖြစ်ပြီး သူက ရိုမင်ကက်သလစ်ဂိုဏ်းဝင် ဖြစ်တဲ့ အတွက် ရိုမင်ကက်သလစ်ဂိုဏ်းဝင် အင်္ဂလိပ်တွေဟာ သူ့ဘက်ကို ပါကြလိမ့်မယ်လို့ သူက တွက်ဆခဲ့တယ်။ ဒါပေမဲ့ ဝိလျံသီကွန်ကာားရား လက်ထက်ကစပြီး ညီညွတ်ရေး ဗိမာန်ကြီးထဲမှာ နေခဲ့ကြတဲ့ အင်္ဂလိပ်တွေဟာ စပိန်ဘုရင် ဒုတိယဖြောက် ဖီးလစ် ထင်သလို မမိုက်ကြဘူး။ သူတို့ရဲ့ ပြည်တွင်း အဓိကရုဏ်းတွေကို ရပ်ထားကြပြီး နိုင်ငံခြား ရန်သူကို အားလုံး ဝိုင်းတိုက်ကြတယ်။ အဲဒီလောက်အထိ စည်းလုံးညီညွတ်မှုရဲ့ တန်ဖိုးကို သဘောပေါက်နေတဲ့ အင်္ဂလိပ်တွေဟာ ကမ္ဘာ့ပြိုင်ပွဲကြီးထဲမှာ ပထမ ဆွဲသွားတာဟာ ဘာမှ အံ့သြစရာ မရှိပါ။

အင်မတန် အမြော်အမြင်ကြီးတဲ့ အမေရိကန် သမ္မတကြီး အေဘရာ ဟင်လင်ကွန်းဟာလည်း အမေရိကန် ပြည်ထောင်စုထဲမှာ၊ တောင်ပိုင်း ပြည်နယ်တွေက ခွဲထွက်ဖို့ ကြိုးစားတာကို စစ်တိုက်ပြီး တားမြစ်ခဲ့တယ်။ အမေရိကန်ပြည်ထောင်စုကို နှစ်ခြမ်း အကွဲမခံခဲ့ဘူး။

ဥရောပတိုက်မှ အရှေ့ဘက်ဆီကို လှမ်းပြီး ကြည့်လိုက်မယ် ဆိုရင်လည်း အင်မတန် အမြော်အမြင်ကြီးတဲ့ အိုင်ဗင်ဘုရင်ကြီးဟာ ရုရှားနိုင်ငံကြီးကို အစိတ်စိတ်အမြွှာမြွှာ ကွဲအောင် ခွဲထားတဲ့ ဘိုးယားဆိုတဲ့နယ်စားကြီးတွေကို အပြုတ်တိုက်ပြီး ရုရှားအမျိုးသားစည်းလုံး ညီညွတ်ရေး အုတ်မြစ်ကြီးကို အပြင်းအထန် ထူထောင်ခဲ့တာကို ကျွန်တော်တို့ တွေ့ကြရတယ်။

ဂျပန်နိုင်ငံမှာ ဆိုရင်လည်း ရှိုဂွန်ဆိုတဲ့ နယ်စားတွေဟာ ဂျပန်နိုင်ငံကို အစိတ်စိတ်အမြွှာမြွှာ ခွဲထားကြတယ်။ မိကျိဘုရင်ကြီးရဲ့လက်ထက်ကို ရောက်တဲ့အခါမှာ အစိတ်စိတ်အမြွှာမြွှာ ကွဲနေကြမယ်ဆိုရင် ဂျပန်ကို ရန်သူ မျိုလိမ့်မယ်ဆိုတာ မြင်တဲ့အတွက် ရှိုဂွန်ခေါ် နယ်စားတွေကို အတင်းတိုက်ထုတ်ပြီး ဂျပန် အမျိုးသား စည်းလုံးညီညွတ်ရေး အုတ်မြစ်ကြီး အခိုင်အခံ့ ချခဲ့တယ်။ ဂျပန်ဟာ ဘာမဟုတ်တဲ့ တတိယတန်းစား နိုင်ငံကလေးဘဝမှ ပထမတန်းစားနိုင်ငံကြီးဘဝသို့ အနှစ်ခုနှစ်ဆယ်လောက် အတွင်းမှာ တစ်ရှိန်တည်း တိုးတက်ခဲ့ရတဲ့ အကြောင်းဟာ တခြားကြောင့်

mgyee.com

mgyoe.com

မဟုတ်ဘူး။ အင်မတန် ခိုင်ခဲ့တဲ့ သူတို့ရဲ့ အမျိုးသား စည်းလုံးညီညွတ်မှု ကြောင့်ပဲ ဆိုတာကို လူထုကြီးက ကောင်းစွာ မှတ်ထားကြစေချင်ပါတယ်။

အမျိုးသားစည်းလုံး ညီညွတ်မှု အုတ်မြစ်နဲ့ ပတ်သက်ပြီး၊ သူတို့ရဲ့ နိုင်ငံတွေ အကြောင်းကို အတော်ကလေး ပြောပြပြီးပြီ။ ယခု ကျွန်တော် တို့ ဗမာနိုင်ငံရဲ့ အလှည့်ကို ရောက်တော့မယ်။ ကျွန်တော် မကြာခဏ ပြောပြောနေတဲ့အတိုင်း ဗမာနိုင်ငံဟာ အနှစ်နှစ်ထောင်လောက်အတွင်းမှာ သုံးကြိမ်မျှသာ အမျိုးသား စည်းလုံးညီညွတ်မှုကို ရခဲ့ပါတယ်။ ပထမ အကြိမ် ဝိလျှံသီကွန်ကားရားနဲ့ ထီးပြိုင်နန်းပြိုင်လောက် ဖြစ်နေတဲ့ အနော်ရထာ မင်းစော လက်ထက်မှာ ဖြစ်တယ်။ ဒုတိယနဲ့ တတိယအကြိမ်တွေ ကတော့ ဘုရင့်နောင်နဲ့ အလောင်းဘုရားတို့ လက်ထက်တွေမှာ ဖြစ်ကြ တယ်။ ဒီသုံးလက်ထက်က လွဲရင် မြန်မာနိုင်ငံဟာ နိုင်ငံတစ်နိုင်ငံရယ်လို့ အစစ်အမှန် မခေါ်နိုင်ခဲ့ပါဘူး။ ဟိုမှာ မင်းတစ်ပါး၊ ဒီမှာ မင်းတစ်ပါး ဟိုမှာ နယ်စားတစ်ဦး၊ ဒီမှာ နယ်စားတစ်ဦးနဲ့ နိုင်ငံတစ်နိုင်ငံထဲမှာ ထီးတွေ နန်းတွေ ဗိုလ်တွေဟာ မှိုလို ပေါက်နေကြတာပဲ။

ဒီလို ဗိုလ်တွေ ပေါများရာက အစပြုပြီး ဗိုလ်လုပွဲတွေ ဖြစ်ကြ ပြန်ရော၊ ဒီတော့ ကျွဲနှစ်ကောင် စပ်ကြားမှာ မြေဇာပင် မခံနိုင်သလို ဗိုလ်လုသမားတွေကြောင့် တိုင်းသူ ပြည်သားတွေဟာ ဖွတ်ဖွတ်ကြေကြ ပြန်ရော။ အဲဒီလိုနဲ့ ကွဲရာ ပြဲရာကနေပြီး အမျိုးသားအင်အားတွေ ကုန်ခန်း လာလိုက်တာဟာ နောက်ဆုံး သီပေါဘုရင်လက်ထက်မှာ နိုင်ငံကြီးကို သူများရဲ့ လက်ထဲ ထိုးအပ်ရတဲ့ ဘဝကို ကျွန်တော်တို့ ရောက်ခဲ့ကြရ တာပဲ။

အခု ကျွန်တော် ပြောခဲ့တဲ့ ကမ္ဘာ့ရာဇဝင်၊ ဗမာ့ ရာဇဝင်မှ အဖိုးတန် သင်ခန်းစာတွေကို ဒီလောက် ရှည်ရှည်လျားလျားကြီး နားထောင်ရပြီးတဲ့ နောက် ပြည်ထောင်စု မြန်မာတိုင်းရင်းသားတွေဟာ တိုင်းရင်းသား စည်းလုံး ညီညွတ်မှုကြီးရဲ့ တန်ဖိုးကို သဘောပေါက်သင့်ကြပါပြီ။ လူအင်အား သဘာဝအင်အား မရှိပေမဲ့ အမျိုးသား စည်းလုံးညီညွတ်ရေးအင်အား ရှိရုံ နဲ့ပဲ နိုင်ငံတစ်နိုင်ငံဟာ ကမ္ဘာ့ထိပ်တန်းကို ဘယ်လို ရောက်နိုင်တယ် ဆိုတာလည်း သိကြရပြီ။ လူအင်အား သဘာဝအင်အားတွေ ဘယ်လို

mgyoe.com

mgyoe.com


ပေါ်ပေါ်၊ တိုင်းရင်းသား စည်းလုံး ညီညွတ်ရေး အင်အား ချို့တဲ့နေတဲ့ အတွက် နိုင်ငံတစ်နိုင်ငံဟာ ကမ္ဘာ့အောက်ဆုံးတန်းမှာ ဘယ်ကဲ့သို့ နေရတယ်ဆိုတာကိုလည်း ထင်ထင်ရှားရှားကြီး သိကြရပြီ။

ဒီတော့ ဗမာ့ရာဇဝင်မှာ စတုတ္ထအကြိမ်မြောက် ကျွန်တော်တို့ ဗိုလ်ချုပ်ရဲ့လက်ထက်မှာ ထူးထူးဆန်းဆန်း အံ့မခန်းအောင် မေတ္တာနဲ့ ရရှိတဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကြီးကို ဥမကွဲ သိုက်မပျက်ဖြစ်အောင် ဘယ်လို ထိန်းသိမ်းရမယ် ဆိုတာကို ကျွန်တော်တို့ အရေးတကြီး စဉ်းစားကြရလိမ့်မယ်။

အခု ရရှိထားတဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကြီးကို ဘယ်လို နည်းနဲ့မှ အပျက်မခံနိုင်ဘူး။ ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကရင်နီ (ကယား)၊ မွန်၊ ဗမာ၊ ရခိုင်တွေ စည်းလုံးကြရမယ်။ ပြည်ထောင်စု အတွင်းမှာရှိတဲ့ တိုင်းရင်းသား လူထုကြီးတစ်ရပ်လုံး စည်းလုံးကြရမယ်။ အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားတို့လက်ထက်တွေက လွဲပြီး ဗမာ့ရာဇဝင်တစ်လျှောက်လုံးမှာ တွေ့ခဲ့ရတဲ့ သူတဗိုလ် ငါတမင်းနဲ့ အစိတ်စိတ်အမြွာမြွာ ကွဲခဲ့ကြတဲ့ အဖြစ်မျိုးသို့ ယခု ကျွန်တော်တို့ ပြည်ထောင်စု မြန်မာနိုင်ငံကြီးကို ဘယ်နည်းနဲ့မှ ပြန်အရောက်မခံနိုင်ဘူး။ တစ်ယောက်နဲ့ တစ်ယောက် သတ်ဖြတ်နေရတာနဲ့ အင်အားကုန်ခန်းပြီး ကျွန်းတွင်းကို ပြန်ဆင်းရတဲ့ အဖြစ်မျိုးသို့ ယခု ကျွန်တော်တို့ ပြည်ထောင်စု မြန်မာနိုင်ငံကြီးကို ဘယ်နည်းနဲ့မှ ပြန်အရောက် မခံနိုင်ဘူး။

ဒီလို ဘဝဆိုးမျိုးသို့ ကျွန်တော်တို့ ပြည်ထောင်စု မြန်မာနိုင်ငံကြီး ဘယ်တော့မှ ပြန်မရောက်အောင် ကြိုးစားပေးဖို့ တာဝန်ဟာ တိုင်းရင်းသားတွေ တစ်ယောက်စီ တစ်ယောက်စီရဲ့ တာဝန်ပဲ။ တိုင်းရင်းသားတွေ တစ်ယောက်စီ တစ်ယောက်စီ ဒီတာဝန်ကြီးကို တင်းပြည့် ကျပ်ပြည့် ထမ်းရလိမ့်မယ်။ ကျွန်တော်တို့ရဲ့ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုကြီးကို ဘေးရန်အပေါင်းမှ ကာကွယ်ဖို့ နှလုံးရည်ကို လိုရင်လည်း အဆင်သင့် ပေးနိုင်ကြရမယ်။ လက်ရုံးရည်ကို လိုရင်လည်း အဆင်သင့် ပေးနိုင်ကြရမယ်။ အဲဒါမှ ဒီတာဝန်ကြီးကို တင်းပြည့် ကျပ်ပြည့် ထမ်းရာ ရောက်မယ်။ ဒီတာဝန်ကြီးကိုတော့ တင်းပြည့် ကျပ်ပြည့် မထမ်းနိုင်ဘဲ ဘာ

mgyoe.com

mgyoe.com

အကျိုးအမြတ် ခံစားရမှာလည်း ဆိုတဲ့ မေးခွန်းတစ်ခုတည်းကိုသာ မေးနေကြရင်တော့ မေးတဲ့ လူတွေ အင်မတန်ဆိုးရာ ရောက်လိမ့်မယ်။

ဒီတာဝန်ကြီးကို တင်းပြည့် ကျပ်ပြည့် မထမ်းနိုင်ရင် ဘာ အကျိုးအမြတ် ခံစားရမှာလဲ ဆိုတဲ့ မေးခွန်းကို မမေးနေကြနဲ့တော့။ မေးလည်း အပိုပဲ။ ဒီတာဝန်ကြီးမျိုးကို တင်းပြည့် ကျပ်ပြည့် မထမ်းနိုင်လို့ နိုင်ငံကြီးတစ်ခုဟာ ဖရိုဖရဲ အစိတ်စိတ်အမြွာမြွာ ကွဲပြိသွားရင် ဒီလိုဖရိုဖရဲ အစိတ်စိတ်အမြွာမြွာ ကွဲပြိသွားတဲ့ နိုင်ငံတစ်နိုင်ငံဟာ လူထုကြီးကို သွေးချောင်းစီးအောင် လုပ်ပေးနိုင်ရုံမှတစ်ပါး အခြား ဘာမှ လုပ်မပေးနိုင်ဘူးဆိုတာကို ပြည်ထောင်စု တိုင်းရင်းသား လူထုကြီးက ငယ်ထိပ်မှာ သံမှိုစွဲသလို စွဲထားကြပေတော့။

❒

mgyoe.com

mgyoe.com

## ၅။ ပြည်ထောင်စု၏ အရေးအကြီးဆုံးအရာ

### ၁၉၄၈ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့၊ ပြည်လုံးကျွတ် မြို့မကျောင်းသားဟောင်း ညီလာခံမိန့်ခွန်း

ကျွန်တော် ဘာမှမပြောခင် ယခု ကြွရောက်လာတဲ့ မြို့မ ကျောင်းသူ ကျောင်းသားဟောင်းများကို မေးခွန်းတစ်ခု မေးချင်ပါတယ်။ ဒီမေးခွန်း ကတော့ တခြားဟာ မဟုတ်ပါဘူး။ နိုင်ငံတစ်နိုင်ငံမှာ ဘာအရေးအကြီးဆုံး လဲဆိုတဲ့ မေးခွန်းပင် ဖြစ်ပါတယ်။ ဒီမေးခွန်းကို ကျွန်တော့်ဟာ ကျွန်တော် ပြန်ပြီး ဖြေရမယ်ဆိုရင်၊ နိုင်ငံတစ်နိုင်ငံမှာ အရေးအကြီးဆုံးအရာဟာ တခြားမဟုတ်၊ တိုင်းရင်းသား စည်းလုံးမှုကြီးပင် ဖြစ်တယ်လို့ တည့်တည့် လင်းလင်း ဖြေဆိုရမှာပဲ။

ခင်ဗျားတို့ ကျွန်တော်တို့ ဒီမြို့မကျောင်းကြီးမှာ စာသင်နေကြတုန်း က ဂဏန်းတွက်ကြတာကို မှတ်မိကြပါလိမ့်မယ်။ ကျွန်တော်တို့ ခင်ဗျား တို့ တွက်လိုက်တဲ့ ဂဏန်းတစ်ပုဒ်ဟာ မှန်၊ မမှန်ကို ကျွန်တော်တို့ ချိန်ထိုးကြည့်ကြတယ် မဟုတ်လား။ ဒီလိုပဲ၊ ခုတင်က ကျွန်တော် ပြော လိုက်တဲ့အဖြေကိုလည်း မှန်၊ မမှန် ချိန်ထိုးကြည့်ကြရလိမ့်မယ်။ ဒီတော့ ကျွန်တော့်အဖြေကို ကမ္ဘာ့ရာဇဝင်နဲ့ ချိန်ထိုးကြည့်ကြရအောင်။ ခပ်ရှင်းရှင်း မှတ်နိုင်ဖို့အတွက် ကမ္ဘာပေါ်ရှိ နိုင်ငံတွေကို (၁) တိုင်းရင်းသား စည်းလုံးမှု ကြီးရအောင် ယူနိုင်တဲ့အတွက် ကမ္ဘာ့ထိပ်တန်းကို ရောက်အောင် လုပ်ခဲ့နိုင်

mgyoe.com

mgyoe.com

တဲ့ နိုင်ငံတွေရယ်။ (၂) ကမ္ဘာ့ထိပ်တန်းကို ရောက်အောင် လုပ်ပေးနိုင်တဲ့ အခြေခံသဘောတရားတွေ ရှိပင်ရှိသော်ငြားလည်း တိုင်းရင်းသားစည်းလုံးမှုကြီးကို ရအောင် မယူနိုင်တဲ့အတွက် ကမ္ဘာ့ထိပ်တန်းကို မရောက်နိုင်တဲ့ နိုင်ငံတွေရယ်ဆိုပြီး၊ နှစ်မျိုးနှစ်စား ခွဲခြားကြည့်ရအောင်။

ကမ္ဘာပေါ်မှာ ယနေ့ လူတွင်ကျယ်လုပ်နေကြတဲ့ ထိပ်သီးနိုင်ငံကြီး သုံးနိုင်ငံရှိပါတယ်။ ဒီနိုင်ငံတွေဟာ အမေရိကန် ပြည်ထောင်စုရယ်၊ဆိုဗီယက် ပြည်ထောင်စုရယ်၊ ယူနိုက်တက်ကင်းဒမ်းလို့ ခေါ်တဲ့ ဗြိတိန်နိုင်ငံရယ်၊ ဒီနိုင်ငံသုံးနိုင်ငံပဲ ဖြစ်တယ်။ ဒီနိုင်ငံသုံးနိုင်ငံကို တစ်နိုင်ငံစီ ကြည့်ရအောင်။

အမေရိကန်ပြည်ထောင်စုကို သမ္မတ အေဘရာဟင်လင်ကွန်း လက်ထက်မှာ မကွဲအောင် မလုပ်နိုင်ဘဲ မြောက်ပိုင်းနှင့် တောင်ပိုင်းကို အကွဲခံလိုက်ရင်၊ ဒီနှစ်ခြမ်းကွဲဟာ ယနေ့ ကျွန်တော်တို့ ခင်ဗျားတို့ မြင်နေကြရတဲ့ တစုတည်း တပေါင်းတည်း ဖြစ်နေတဲ့ အမေရိကန် ပြည်ထောင်စုကြီးလို အားအင်တောင့်တင်း ခိုင်မာနိုင်ပါဦးမလား။

ခင်ဗျားတို့လည်း ဂဏန်းသင်္ချာကို အရည်ကျိုသောက်ခဲ့တဲ့ လူတွေပဲ။ တစ်ခြမ်းဟာ တစ်ခုလောက် အားမရှိဘူးဆိုတာကို ကျွန်တော် အထူး ပြောပြနေဖို့ မလိုပါဘူး။ ဒါကြောင့်မို့လည်း ပြည်ထောင်စုကြီးကို နှစ်ခြမ်း မကွဲအောင် တားဆီးပေးနိုင်ခဲ့တဲ့ သမ္မတကြီးလင်ကွန်းကို အမေရိကန် ပြည်ထောင်စုသားတွေက အာဇာနည်ကြီးတစ်ဦးအနေနဲ့ ယနေ့တိုင် အလေးအမြတ်ပြုလျက် ရှိကြတယ်။

ဆိုဗီယက်ယူနီယန်လို့ ယခုအခါ ထင်ရှားနေတဲ့ ရုရှားနိုင်ငံကြီးမှာလည်း ဒီအတိုင်းပဲ တွေ့ကြရပါလိမ့်မယ်။ ရုရှားရာဇဝင်ကို ကြည့်ရင် အိုင်ဗင်ဘုရင်ကြီးလက်ထက်အထိ ရုရှားနိုင်ငံကြီးဟာ တစည်းတလုံး တည်း မဟုတ်ဘဲ၊ ဘိုးယားဆိုတဲ့ နယ်စားကြီးတွေ ကြီးစိုးနေတဲ့ ပြည်နယ်တွေ အဖြစ်နဲ့ အစိတ်စိတ်အမွှာမွှာ ကွဲနေကြပါတယ်။ ဒီလိုသာ အစိတ်စိတ် အမွှာမွှာ ကွဲနေကြရင် ရုရှားနိုင်ငံကြီးဟာ ဘယ်တော့မှ နာလန်ထူနိုင်မှာ မဟုတ်ဘူးဆိုပြီး အိုင်ဗင်ဘုရင်ကြီး လက်ထက်မှာ ရုရှားစည်းလုံးရေးကြီးကို မရရအောင် အပြင်းအထန် ကြိုးစားခဲ့ပါတယ်။ ဟိုအခါကသာ ရုရှား စည်းလုံးရေးကြီးကို ရအောင် မယူနိုင်ခဲ့လို့ ရုရှားနိုင်ငံကြီးဟာ အစိတ်စိတ်

mgyoe.com

အမြွှာမြွှာ ကွဲနေခဲ့ရင် ရုရှားနိုင်ငံကြီးဟာ ယနေ့ကမ္ဘာ့ထိပ်တန်းကို ရောက်နေသလို ဘယ်နည်းနှင့်မျှ ရောက်လာနိုင်မယ်မဟုတ်ဘူး။ ဒါကြောင့်မို့ ဘုရင်အုပ်စိုးပုံစနစ်ကို ကွန်မြူနစ်တွေဟာ အပြင်းအထန် ရှုံ့ချမုန်းတီးပေမယ့်လည်း အိုင်ဗင်ဘုရင်ကြီးကိုတော့ ရုရှားစည်းလုံးမှုကြီးကို အရယူပေးခဲ့တဲ့ ဘုရင်ကြီးအနေနဲ့ ဆိုဗီယက်အစိုးရကိုယ်တိုင်က ရုပ်ရှင် ရိုက်ကူးပြသခဲ့ကြပါတယ်။

ယူနိုက်တက်ကင်းဒမ်းခေါ် ဗြိတိန်နိုင်ငံဟာလည်း ရာဇဝင်အစလောက်မှာ သူတပိုလ်ငါတမင်းနဲ့ အတော်ပဲ ကွဲခဲ့ကြဖူးပါတယ်။ ဒီအကွဲကို ချက်ကောင်းယူပြီး ဒိန်းလူမျိုးတွေဟာ ဗြိတိန်ကျွန်းကို မကြာခဏ တိုက်ခိုက်ခဲ့ကြပါတယ်။ အဲဖရက် ဘုရင်ကြီး လက်ထက်မှာမှ သံဝေဂရပြီး ဗြိတိသျှ တိုင်းရင်းသား စည်းလုံးမှုကြီးကိုအရ ယူပေးခဲ့ဖူးပါတယ်။ ဒီ အဲဖရက်ဘုရင်ကြီးလက်ထက်က ချပေးခဲ့တဲ့ တိုင်းရင်းသား စည်းလုံးရေး အုတ်မြစ်ကြီးကို ဝီလျံသိကွန်ကားရားက ထပ်ပြီးခိုင်ခံ့အောင် လုပ်ပေးပြန်ပါတယ်။ ဗြိတိန်နိုင်ငံဟာ ယနေ့ထက်တိုင် ပွဲအမျိုးမျိုးမှာဝင်ပြီး ကြံ့ခိုင်ခဲ့တာဟာ တခြားကြောင့် မဟုတ်ဘူး၊ အဲဖရက်နဲ့ ဝီလျံသိကွန်ကားရားဘုရင်ကြီးများ ချပေးခဲ့တဲ့ အင်မတန် ခိုင်ခံ့တဲ့ တိုင်းရင်းသား စည်းလုံးရေးအုတ်မြစ်ကြီးကြောင့်ပဲ ဖြစ်ပါတယ်။

ဒီနိုင်ငံတွေကတော့ တိုင်းရင်းသား စည်းလုံးမှုရှိတဲ့အတွက် ကမ္ဘာ့ထိပ်တန်းကို ရောက်ခဲ့တဲ့နိုင်ငံတွေရဲ့ အကြောင်းတွေပဲ။

ကမ္ဘာ့ထိပ်တန်းကို ရောက်နိုင်တဲ့ အခြေခံသဘောတရားတွေ ရှိပေမဲ့ တိုင်းရင်းသား စည်းလုံးမှုကြီး မရှိတဲ့အတွက် ကမ္ဘာ့ထိပ်တန်းကို မရောက်ခဲ့ရတဲ့ နိုင်ငံတွေကတော့ တခြားမဟုတ်ဘူး။ ဂျာမနီ၊ တရုတ်ပြည်နဲ့ အိန္ဒိယပြည်တို့ ဖြစ်တယ်။

ဂျာမနီဆိုရင် လူဦးရေမှာ ဗြိတိန်နိုင်ငံထက် များတယ်။ လူဦးရေများသလောက် လူတော်တွေလည်း များတယ်။ ကမ္ဘာပေါ်မှာ အကျော်ဆုံး သိပ္ပံပါရဂူကြီးတွေဟာ ဂျာမနီက ထွက်တာပဲ။ အကျော်ဆုံး စစ်သားတွေလည်း ဂျာမနီက ထွက်တာပဲ။ အကျော်ဆုံး စာပေပါရဂူ ကြီးတွေကလည်း ဂျာမနီက ထွက်တာပဲ။ ဓာတ်သတ္တုတွေ ဆိုရင်လည်း ဂျာမနီမှာ အင်္ဂလန်

mgyoe.com

ထက် ပိုထွက်တယ်။ ဒါပေမဲ့ ဗြိတိန်နဲ့ ပြင်သစ်တို့ဟာ ကမ္ဘာ့ထိပ်တန်းကို ရောက်နေတဲ့ အချိန်အခါမှာ ဂျာမနီဟာ ကွဲကောင်းတုန်းပင် ရှိသေးတယ်။

သန်းပေါင်းသုံးရာကျော်ရှိတဲ့ အိန္ဒိယပြည်ကြီးကို ဗြိတိသျှ နယ်ချဲ့သမားတွေ သိမ်းယူသွားနိုင်ကြတာလည်း တခြားကြောင့် မဟုတ်ဘူး၊ အိန္ဒိယပြည်ရဲ့ အကွဲအအက်တွေကြောင့် သိမ်းယူသွားတယ်ဆိုတာကို ခင်ဗျားတို့ ကောင်းကောင်းသိပြီးသား ဖြစ်နေကြပါပြီ။ ကျွန်တော်တို့ အရှည်ကြီး ပြောပြဖို့ မလိုပါဘူး။

တရုတ်ပြည်ကြီးလည်း တိုင်းရင်းသား စည်းလုံးမှုကြီး မရှိတဲ့အတွက် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ခင်ကဆိုရင် ဂျပန်တွေ၊ ဗြိတိသျှတွေ၊ အမေရိကန်တွေ၊ ဂျာမန်တွေ၊ အီတာလျံတွေဟာ တရုတ်ပြည်ကြီးထဲမှာ လာပြီး အခွင့်အရေးတွေ ယူချင်တိုင်း ယူတာကို တရုတ်ပြည်ကြီးက လက်ပိုက်ပြီး ကြည့်နေရတဲ့အထိ အခြေဆိုးအနေဆိုး ဖြစ်ခဲ့တာကို ကျွန်တော်တို့ တွေ့ခဲ့ရဖူးတယ်။

ကမ္ဘာ့ရာဇဝင်အရ နိုင်ငံတစ်နိုင်ငံမှာ ဘာအရေးကြီးဆုံးလဲဆိုတာ အထင်အရှား တွေ့နေကြရပါပြီ။ ကမ္ဘာ့ရာဇဝင်ထက် ဗမာ့ရာဇဝင်ကို ပြန်ကြည့်ရင် ဒီအချက်ကို ပိုပြီး ထင်ထင်ရှားရှားကြီး တွေ့ကြရပါဦးမယ်။ နှစ်ပေါင်း နှစ်ထောင်လောက် ကြာမြင့်ခဲ့တဲ့ ဗမာ့ရာဇဝင်တစ်ခုလုံးကို ပြန်ကြည့်မယ်ဆိုရင်၊ ဗမာပြည်မှာ တိုင်းရင်းသား စည်းလုံးရေးကို ရရှိခဲ့တာ အနော်ရထာလက်ထက်မှာ တစ်ကြိမ်၊ ဘုရင့်နောင်လက်ထက်မှာ တစ်ကြိမ်၊ အလောင်းဘုရားလက်ထက်မှာ တစ်ကြိမ်၊ အားလုံး သုံးကြိမ်တည်း ရရှိခဲ့ပါတယ်။ ဒီဘုရင်သုံးပါးရဲ့ လက်ထက်မှာမှတစ်ပါး၊ အခြားအချိန်များမှာ ဗမာနိုင်ငံကို နိုင်ငံလို့ မခေါ်နိုင်ဘဲ၊ ပုသိမ်နယ်၊ မုတ္တမနယ်၊ တောင်ငူနယ်အစရှိတဲ့ နယ်ကလေးတွေ ဟိုမှာတစ်ကွဲ ဒီမှာတစ်ကွဲ၊ ပြန့်ကျဲကြီး ဖြစ်နေတာကိုသာ တွေ့ကြရပါတယ်။ ဒီလို စည်းလုံးမှုကြီး မရှိလို့လည်း ဗြိတိသျှနယ်ချဲ့သမားတွေ ရောက်လာတဲ့အခါ ဗမာနိုင်ငံဟာ ကြက်ကလေး၊ ငှက်ကလေးများ အဖမ်းခံရသလို အလွယ်တကူနဲ့ သိမ်းပိုက်ခံခဲ့ရတာပဲ။ ဒီရာဇဝင် သင်ခန်းစာတွေကို ကြည့်မိလေလေ၊ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်ကိုယ်တိုင် ဆောက်တည်ပစ်ခဲ့တဲ့ တိုင်းရင်းသား စည်းလုံးမှုကြီးကို

mgyoe.com

မပြိုမကွဲစေဘဲ ပိုမိုခိုင်ခံ့သထက် ခိုင်ခံ့အောင် အစွမ်းကုန် လုပ်ပေးချင်တဲ့ စိတ်တွေ ကျွန်တော့်မှာ တဖွားဖွား ပေါ်ထွက်လာလေလေပဲ ဖြစ်တယ်။

ဒီတော့ ဒီကနေ့ မြို့မကျောင်းသူ ကျောင်းသားဟောင်းများနဲ့ တွေ့ရတဲ့ အခွင့်ကောင်းကြီးကို ရတဲ့အခါ ပြည်ထောင်စု မြန်မာနိုင်ငံကြီးက ယခုအချိန်အခါတွင် အရေးတကြီး အလိုရှိနေတဲ့ တိုင်းရင်းသား စည်းလုံးမှုကြီးကို တစ်နေ့တခြား ဒီရေအလားကဲ့သို့ တိုးတက်ပြီး ခိုင်မာသည်ထက် ခိုင်မာလာသည့်အထိ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်တဲ့ သားကောင်း၊ သားမြတ်၊ သမီးကောင်း၊ သမီးမြတ်များ ဖြစ်ကြအောင် ကြိုးစားကြပါမယ်လို့ ယနေ့ ယခုအချိန်ကစပြီး အဓိဋ္ဌာန်ချကြရန် လေးနက်စွာ တိုက်တွန်းလိုက်ပါတယ်။ ဝ

□

mgyoe.com

mgyoe.com

# ၆။ ၁၉၄၉ ခုနှစ်က ပြည်ထောင်စု အခြေအနေ

## ၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့၊ ပြည်ထောင်စု သစ္စာတော်ခံ လူထုအစည်းအဝေးမိန့်ခွန်း

ပြည်ထောင်စုကြီးဟာ ခုအခါမှာ ဘယ်အခြေအနေကို ရောက်နေတယ်ဆိုတာ အထူးပြောနေဖို့ မလိုဘူး။ ချောက်ထဲကို လိမ့်ကျခါနီး လက်တစ်လုံးလောက်ပဲ လိုတော့တယ်ဆိုတာကို ပြည်ထောင်စုသားတိုင်း လိုလို သိပြီးသား ဖြစ်နေပြီ။

မြန်မာနိုင်ငံသူ နိုင်ငံသားတွေဟာ နှစ်ပေါင်း နှစ်ထောင်လောက် ကြာမြင့်ခဲ့တဲ့ မြန်မာရာဇဝင်တစ်လျှောက်လုံးမှာ နိုင်ငံရေးအာဏာကို ဒီမိုကရေစီနည်းနဲ့ ရအောင် မယူကြဘဲ တစ်ယောက်လည်ပင်း တစ်ယောက် ဖြတ်ပြီး အဓမ္မစနစ်နဲ့ ယူခဲ့တဲ့အတွက်၊ ပြည်တမင်း၊ တောင်ငူတမင်း၊ မုတ္တမတမင်း စသည်ဖြင့် အစိတ်စိတ်အမြွာမြွာ ကွဲပြီး၊ နောက်ဆုံး ကျွန်ဘဝမှာ ဇာတ်သိမ်းခဲ့ရတယ်။ အဲဒါကို နောင်တ မရကြသေးဘဲ တစ်ယောက်လည်ပင်း တစ်ယောက်ဖြတ်ပြီး အာဏာယူတဲ့ အဓမ္မစနစ်နဲ့ ပြည်ထောင်စုသားတွေဟာ အာဏာကို လုနေကြမယ်ဆိုရင် အရင်တုန်းကလိုပဲ ပြည်ထောင်စုကြီးဟာ အစိတ်စိတ်အမြွာမြွာ ကွဲပြီး၊ ဒီအဓမ္မသမားတွေပါ အပါအဝင်ဖြစ်တဲ့ ပြည်ထောင်စုသား အားလုံးဟာ ကျွန်ဘဝမှာ ဇာတ်သိမ်း

mgyoe.com

ကြရလိမ့်မယ်လို့ တစ်နှစ်ကျော်လောက်ကတည်းကစပြီး မကြာခဏ ကျွန်တော် လူသိနတ်ကြား သတိပေးခဲ့တယ်။

ဒါပေမဲ့ ကျွန်တော် ဒီလိုရည်မှန်းပြီး သတိပေးခံရတဲ့လူတိုင်း၊ အဖွဲ့တိုင်းမှာလိုလိုပဲ လက်နက်ကိုယ်စီနဲ့ ဖြစ်နေကြတော့၊ ကျွန်တော်ရဲ့ သတိပေးစကားတွေဟာ သဲထဲရေသွန်သလို ဖြစ်ခဲ့တယ်။ အဲဒီလူတွေ အဖွဲ့တွေဟာ လက်နက်အားကိုးနဲ့ ကိုယ်ထင်ရာကိုယ် လျှောက်လုပ်နေတဲ့အတွက် ဘယ်အခြေအနေကို ရောက်နေကြပြီဆိုတာကို သတိပေးတဲ့အနေနဲ့ ကျွန်တော် အခု နည်းနည်းရှင်းပြချင်တယ်။ တစ်ဖွဲ့မှာ လက်နက်ရှိနေတော့ အခြား တစ်ဖွဲ့ကလည်း လက်နက်စုရော။ အဲဒီနှစ်ဖွဲ့လက်နက်စုနေတာကို မြင်တော့ ကျန်တဲ့အဖွဲ့တွေကလည်း ရနိုင်သမျှ လက်နက်တွေကို လိုက်ပြီး စုကြပြန်ရော။ အဲဒီလိုကစပြီး ယနေ့အဖို့မှာဆိုရင် ပြည်ထောင်စုကြီး အတွင်းမှာရှိတဲ့ အဖွဲ့တိုင်းမှာလိုလိုပဲ လက်နက်ကိုယ်စီနဲ့ ဖြစ်နေကြတယ်။

ဒီလိုဖြစ်နေကြတဲ့အတွက် ဘာဖြစ်သလဲ။ ချိုရှိတဲ့သတ္တဝါဟာ ဝှေ့ချင်သလို လက်နက်ရှိတဲ့လူဟာလည်း ဘယ်သူ့ကိုပဲဖြစ်ဖြစ် တိုက်ချင်တာပဲ။ တိုက်ချင်နေတော့ နိုင်ငံရေးအာဏာလုတယ်ဆိုပြီး အစိုးရကို တိုက်ရင် တိုက်၊ အစိုးရကို မတိုက်ရင် ပစ္စည်းလုဖို့အတွက် လူထုကို ဓားပြတိုက်တာပဲ။ ပြည်ထောင်စုအတွင်းမှာ ရှိကြတဲ့ နိုင်ငံရေးအဖွဲ့တွေရဲ့ လုပ်ငန်းစဉ်ကို ကြည့်လိုက်ရင် ဒီတိုက်နည်းနှစ်မျိုးထဲက တစ်မျိုးကိုသော်လည်းကောင်း၊ နှစ်မျိုးစလုံးကိုသော်လည်း လုပ်နေတာကိုပဲ တွေ့ရတယ်။

ဒီလိုလုပ်နေကြတဲ့အတွက် ကျွန်တော်တို့ရဲ့ ပြည်ထောင်စုကြီးဟာ နိုင်ငံရေးဘက်မှာရော၊ စီးပွားရေးဘက်မှာရော ဘယ့်လောက် နစ်နာနေပြီဆိုတာကို ကျွန်တော်တို့ သိထားဖို့လိုတယ်။ လွတ်လပ်ပြီးခါစက ကျွန်တော်တို့ရဲ့ ပြည်ထောင်စုကြီးဟာ ကမ္ဘာ့ပွဲလယ်မှာ အတော်ကလေး ရှိသေခန့်ညားခြင်း ခံခဲ့ရတယ်။ အခုဆိုရင် ကျွန်တော်တို့ ပြည်ထောင်စုဟာ ဖရိုဖရဲဖြစ်ပြီး ဓာတ်သိမ်းဖို့ ရက်ပိုင်းလောက်သာ လိုတော့တယ်လို့ တစ်ကမ္ဘာလုံးက ယူဆထား ကြပြီ။

ဒီလို အယူအဆခံရတဲ့အတွက် ကမ္ဘာနဲ့ ဆက်ဆံရတဲ့အခါမှာ ကျွန်တော်တို့ ပြည်ထောင်စုဟာ အင်မတန် မျက်နှာငယ်တယ်။ စီးပွားရေး

mgyoe.com

mgyoe.com


မှာပဲ ဖြစ်ဖြစ်၊ ငွေရေးကြေးရေးမှာပဲဖြစ်ဖြစ်၊ နိုင်ငံရေးမှာပဲဖြစ်ဖြစ် ကမ္ဘာနဲ့ ဆက်ဆံတဲ့အခါမှာ ကျွန်တော်တို့ပြည်ထောင်စုဟာ ဖမင်မတန် မျက်နှာငယ်တယ်။ ကျွန်တော်တို့ ပြည်ထောင်စုဟာ ဆင်းဆင်းရဲရဲ နိုင်ငံဖြစ်ပြီး၊ နိုင်ငံတကာက သနားမှ စားရသောက်ရတဲ့ နိုင်ငံမျိုးဆိုရင် ဟုတ်ပါသေးရဲ့ ဒီလို နိုင်ငံမျိုးဖြစ်လို့ မျက်နှာငယ်ရတာကို ကျွန်တော်တို့ ဘာမှ အသည်းနာစရာ မရှိပါဘူး။

အခုတော့ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုဟာ သဘာဝပစ္စည်းတွေနဲ့ တင်းကျမ်းပြည့်နေတဲ့နိုင်ငံ။ နိုင်ငံတကာက အသေအလဲ လိုချင်နေတဲ့ ပစ္စည်းတွေ တင်းကျမ်းပြည့်နေတဲ့နိုင်ငံ။ ဒီတော့ ပြည်ထောင်စုသားတွေဟာ အခုလို အဓမ္မစနစ်သုံးတဲ့ လမ်းမှားကြီးကို မလိုက်ဘဲ ဒီမိုကရေစီလမ်းကိုသာ လိုက်ကြလို့ နိုင်ငံအေးအေးချမ်းချမ်းသာဆိုရင် ကြွယ်ဝတဲ့ ဒီသဘာဝပစ္စည်းတွေ ရှိနေတဲ့အတွက် ကျွန်တော်တို့နိုင်ငံဟာ ဘာမှ မျက်နှာငယ်စရာ မရှိဘူး။ ဒူးနှန့်ပြီး နေနိုင်တယ်။ ကျွန်တော်တို့ရဲ့ သဘာဝပစ္စည်းတွေကို လိုချင်တဲ့ နိုင်ငံတွေဟာ ငွေကို ကြိုတင်ပေးပြီးတောင် ဝယ်ကြရဦးမယ်။

အခုတော့ ဒူးနှန့်နေဖို့ နေနေသာသာ ပြည်ထောင်စုအစိုးရက ငွေလိုချင်လို့ ငွေချေးတာတောင် ချေးလို့မရဘူး။ ဒီလောက် ဖရိုဖရဲ ဖြစ်နေတဲ့နိုင်ငံကို ငွေမချေးဘဲနေကြတာကို ခပ်ရှင်းရှင်း ပြောရရင် ကျွန်တော်တော့ နည်းနည်းကလေးမှ မအံ့သြဘူး။ အခုပြောခဲ့တာတွေဟာ တခြားကြောင့်မဟုတ်ဘူး။ အဓမ္မသမားတွေကြောင့် နိုင်ငံခြားနှင့် ဆက်ဆံရတဲ့ အခါမှာ ပြည်ထောင်စုရဲ့ မျက်နှာငယ်ပုံကို ဖော်ပြလိုက်ရခြင်း ဖြစ်တယ်။

ပြည်ထောင်စုအတွင်းမှာ ပြန်ကြည့်ရင်လည်း လူထုနည်း၊ ဒီမိုကရေစီနည်းနှင့်မဟုတ်ဘဲ ဖြတ်လမ်းနှင့် အာဏာရခြင်းတဲ့နည်း၊ လက်နက်အားကို အဓမ္မနည်းတွေကြောင့် ဆုံးရှုံး နစ်နာခဲ့ရပုံတွေကိုလည်း ငွေနဲ့ တွက်ပြပါဦးမယ်။ အဆောက်အအုံ၊ တံတား၊ မီးရထားအစရှိတဲ့ ပြည်သူလူထုပိုင်ပစ္စည်းတွေ အဖျက်ဆီးခံရတဲ့အတွက် သိန်း ၃၆၀ ဖိုးလောက် ယနေ့အထိ ပျက်စီးသွားပြီ။ ငွေတိုက်အဖောက်ခံရတဲ့အတွက် ပြည်သူလူထု

mgyoe.com

mgyoe.com


ငွေတွေ သိန်း ၁၂၅ သိန်းကျော်လောက် ပျောက်သွားပြီ။ အစမ္ပမှုတွေ ကြောင့် အခွန်တော်ငွေနဲ့ ပြည်ထောင်စုရဲ့ နိုင်ငံတော်ဝင်ငွေ သိန်းပေါင်း ၂၀၀၀ ကျော် ဆုံးရှုံး ပျက်စီးသွားပြီ။ အစမ္ပမှုတွေကို နှိမ်နင်းဖို့ အရံ ရဲတပ်၊ စစ်ရဲတပ်၊ စစ်ဝန်ထမ်းတွေ ထပ်ပြီး ဖွဲ့စည်းရတဲ့အတွက် မူလ ကုန်ကျပြီးဖြစ်တဲ့ ကာကွယ်ရေး စရိတ်အပြင် တစ်နှစ်ကို ၃၀၀ ကျော် ထပ်ပြီးကုန်နေပြီ။ ဒီအထဲမှာ လူတွေ သေကျေပျက်စီးကြရလို့ ဆုံးရှုံးနစ်နာ ရတာတွေ မပါသေးဘူး။ အစမ္ပစနစ်ရဲ့ လက်ချက်ကြောင့် သေကျေပျက်စီး ကြရတဲ့လူတွေရဲ့ အရေအတွက်ဟာ အနည်းဆုံး ၃ သောင်းထက်မနည်းဘူး။

ဒီတော့ လူထုကြီးမှတစ်ဆင့် တစ်နိုင်ငံလုံးကို ကျွန်တော် မေတ္တာ ရပ်စမ်းပါရစေ။ ဒီအစမ္ပစနစ်၊ ဒီဖြတ်လမ်းနဲ့ အာဏာလိုချင်တဲ့စနစ်၊ ဒီ လက်နက်အားကိုးပြီး ဆိုးပေတေနေချင်တဲ့စနစ် ဒီစနစ်ဆိုးကြီးတွေကို ရပ်တန်းက ရပ်ကြပါ။

ပြည်ထောင်စုကြီးရဲ့ အခြေအနေဟာ အတော်ကြီး ဆိုးနေတယ် ဆိုပေမဲ့ ပြင်လို့မရတဲ့ အခြေအနေမျိုး မဟုတ်သေးပါဘူး။ ပြင်လို့ ရပါ သေးတယ်။ ပြင်နိုင်ဖို့အတွက်ဆိုရင်လည်း သိပ်ပြီး ခက်ခက်ခဲခဲကြီး ကြိုးစားနေဖို့ မလိုပါဘူး။

အစမ္ပလမ်းကိုစွန့်ပြီး ဒီမိုကရေစီလမ်းကို လိုက်ကြ။ အဲဒါပဲ။

ကျုပ်ပြောတာကို မယုံရင် ခင်ဗျားတို့ လုပ်ချင်တာလုပ်ကြ။ နောက် တော့သာ အမယ်လေးမတကြနဲ့။

ကျုပ် ရှင်းရှင်းသတိပေးမယ်။ ကျုပ်တို့ရဲ့ ဘက်တော်သားတွေကို လည်း သတိပေးမယ်။ အတိုက်အခံသမားတွေကိုလည်း သတိပေးမယ်။ အားလုံးကို သတိပေးမယ်။ လက်ထဲမှာရှိတဲ့ လက်နက်ကလေးတွေ အားကိုး နဲ့ သိပ်ပြီး ဘဝင်မြင့်မနေကြနဲ့။ ပြည်ထောင်စုကြီးကိုကော၊ ခင်ဗျားတို့ ကိုယ်ကိုကော ကယ်နိုင်တာဟာ တခြားနည်းလမ်း ဘယ်နည်းမှ မရှိဘူး။ ခင်ဗျားတို့ အခုလက်သုံးပြုနေကြတဲ့ အစမ္ပနည်းနဲ့ တိုင်းပြည်ကို ဘယ့်နှယ် မှ မကယ်နိုင်ဘူး။ အဲဒါကို မယုံကြလို့ ရှေ့ကိုတိုးပြီး လုပ်ကြမယ် ဆိုရင်တော့ ဧကနိပါတ်တော်မှာ ပါတဲ့ ဝေဒဗ္ဗဇာတ်ထဲက ဓားပြတွေလို ခင်ဗျားတို့အားလုံး ဖြစ်ကုန်ကြမှာပဲ။

mgyoe.com

mgyoe.com


ဒီဝတ္ထုထဲက ဓားပြတွေဟာ စိန်တွေ၊ ရွှေတွေကို အဝေမတည့်တာနဲ့ လက်နက်ကို အားကိုးပြီး အချင်းချင်း တိုက်လိုက်ကြတာဟာ ငါးရာက လေးရော၊ လေးရာက သုံးရာ၊ သုံးရာက နှစ်ရာ ဒီလိုချည်းပဲ တစ်ယောက် လည်ပင်း တစ်ယောက် ဖြတ်သွားလိုက်ကြတာဟာ နောက်ဆုံး နှစ်ယောက် တည်းသာ ကျန်ကြတော့တယ်။ ဒီတော့မှ နှစ်ယောက်သား စစ်ပြေငြိမ်းကြ ပြီး တစ်ယောက် ထမင်းသွားဝယ်ဖို့၊ တစ်ယောက်က ပစ္စည်းစောင့်ဖို့ သဘောတူကြတယ်။ ထမင်းသွားဝယ်တဲ့လူက သူသာဝအောင်စားပြီး ယူ လာတဲ့ထမင်းထုပ်ထဲ အဆိပ်ထည့်လာတယ်။ ပစ္စည်းစောင့်တဲ့သူကလည်း ချက်ကောင်းတစ်နေရာက စောင့်နေပြီး ထမင်းထုပ် ယူလာတဲ့လူကို ချောင်း သတ်လိုက်ပြန်ရော၊ နောက် သူတစ်ယောက်တည်း ကျန်တော့မှ စိန်ပုံရွှေပုံ ကြီးကို ငါတစ်ယောက်တည်း လက်ဝါးကြီးအုပ်ရပြီလို့ စိန်ပုံရွှေပုံကြီးပေါ်က အကြုံးဝါးကြီးကြုံးဝါးတဲ့ပြီး ထမင်းထုပ်ကိုဖြေပြီး အားရပါးရ စားလိုက်တာ အဆိပ်သင့်ပြီး သေပါလေရော။

ခင်ဗျားတို့တစ်တွေလည်း ဒီမိုကရေစီလမ်းကို မလိုက်ကြဘဲ ဖြတ် လမ်းနဲ့ အာဏာရတဲ့ ဒီအဓမ္မလမ်းဆိုးကြီးကို လိုက်ပြီး လက်ထဲမှာရှိတဲ့ လက်နက်ကလေးတွေအားကိုးနဲ့ တိုက်နေကြမယ်ဆိုရင် တစ်ယောက်မှ မကျန်တဲ့အထိ အားလုံးသေကုန်ကြမှာပဲ။ သူ့ကို အဓမ္မနည်းနဲ့ တိုက်ရင် ကိုယ့်ကိုလည်း အဓမ္မနည်းနဲ့ ပြန်ချလိမ့်မယ်။ အဓမ္မစနစ်နဲ့ တိုက်ချင်နေ တဲ့ လူတွေမှာလိုပဲ အဓမ္မစနစ်နဲ့ အတိုက်ခံရတဲ့ လူတွေမှာလည်း လက်နက် ရှိတယ်။ အဓမ္မနည်းကို လက်ကိုင်ထားနေကြတဲ့လူတွေ လက်ယားနေကြ သလိုပဲ အဓမ္မစနစ်နဲ့ အတိုက်ခံနေရတဲ့ လူတွေကလည်း လက်တွေ အင်မတန် ယားနေကြတယ်ဆိုတာကို အပြန်ပြန် အလှန်လှန် အနုလုံ၊ ပဋိလုံ လေးလေးနက်နက် စဉ်းစားကြစမ်းပါ။ ဒီတော့မှ အဓမ္မစနစ်နဲ့ အာဏာလုပ်တယ်ဆိုတဟာ တခြားနိုင်ငံတွေမှာတော့ လွယ်ချင်လွယ်မယ်။ ဒီပြည်ထောင်စုကြီးထဲမှာတော့ လွယ်ပါတယ်လို့ စိတ်ကူးယဉ်သလောက် မလွယ်လှဘူး။ အငိုလွယ်ပြီး အရိုက်ခက်တဲ့ စနစ်ဆိုးကြီးဆိုတာကို ထင် ထင်ရှားရှားကြီး တွေ့ကြရလိမ့်မယ်။

mgyoe.com

mgyoe.com


လက်ထဲမှာ လက်နက်ယားကလေးတွေ ရှိတဲ့လူတိုင်း ဖြတ်လမ်းဝါဒ၊ အဓမ္မဝါဒကြီးကို စမ်းကြည့်ကြဖူးပြီ မဟုတ်လား။ အခု နောက်ဆုံး စမ်းလိုက်တဲ့ သူတွေကတော့ ကော၊ အင်၊ ဒီ၊ အို အဓမ္မသမားတွေပဲ။ ခု အချိန်မှာဆိုရင် ဒီအဓမ္မသမားတွေဟာ နေရာတကာတိုင်းမှာ အလူးအလဲ ခံနေကြရပြီ။ သူတို့ရဲ့ရန်ဟာ အနည်းနဲ့အကျဉ်းဆိုသလို ရှိနေသေးပေမဲ့ စိုးရိမ်စရာ အခြေအနေတော့ မရှိတော့ဘူး။ ဒီတော့ သူတို့ရဲ့ ဝါဒဆိုးကြီးဟာ အောင်မြင်သလား၊ မအောင်မြင်ဘူးလားဆိုတာ အဓမ္မသမားတိုင်း စဉ်းစားရမယ်။ သူတို့ကတော့ ဒီအစိုးရကို ပြုကျအောင် လုပ်နေကြပဲ။ ဒါပေမဲ့ သူတို့မုန်းတဲ့ အစိုးရအဖွဲ့ ပြုတ်မကျတဲ့အပြင် အာဏာတွေတောင် တိုးလာလိုက်သေးတယ်။ အာဏာတွေ တိုးရုံမကသေးဘူး။ ဒီအဓမ္မသမားတွေ ခြေလှမ်းဆက်ပြီး မှားနေကြဦးမှာဆိုရင် သူတို့ဖြုတ်ချချင်တဲ့ လက်ရှိအစိုးရအဖွဲ့ရဲ့ သက်တမ်းဟာ အခြေခံဥပဒေက သတ်မှတ်ထားတာထက် ပိုပြီး ရှည်လာမှာတောင် စိုးရိမ်ရသေးတယ်။

ကျွန်တော်တို့ အစိုးရတစ်ဖွဲ့လုံး၏ သဘောထားကတော့ ပါလီမန်က ဖြုတ်ချရင် ဆင်းပေးမယ်။ ရွေးကောက်ပွဲမှာ အာဏာပိုင် လူထုကြီးက ဖြုတ်ချရင် ဆင်းပေးမယ်။ ဒီလိုမှမဟုတ်ဘဲ ဖြတ်လမ်းဝါဒသမားတွေက အဓမ္မနည်းနဲ့ ဖြုတ်ချကြမယ်ဆိုရင်တော့ ရှိတဲ့အင်အားနဲ့ တုံ့ပြန်ကြရမှာပဲ။ ဒီတော့ ဒီစခန်းအထိ မရောက်ကြဖို့ ပြည်ထောင်စုကြီးကို အသက်နဲ့ထပ်တူ ချစ်ကြသူတွေက အပြင်းအထန် ဆုလည်းတောင်းကြရမယ်။ ရှောင်ကြ၊ ရှားကြဖို့လည်း အထူးကြိုးပမ်းရမယ်။

ကျွန်တော်တို့ရဲ့ ပြည်ထောင်စုပြဇာတ်ကြီးမှာ ကန့်လန့်ကာ တင်လိုက်တဲ့အချိန်ကစပြီး၊ နောင်ဂျိန်နဲ့ချည်း စခန်းသွားနေတဲ့အတွက်၊ ဘယ်သူ့မှာမှလည်း အကျိုးမရှိ၊ လူထုမှာသာ ဖွတ်ဖွတ်ကြေခဲ့ပြီ။ ဒါကြောင့်မို့လို လူထုတစ်ရပ်လုံးက မဖြစ်သင့်ဘဲနဲ့ ဖြစ်နေရတဲ့ ဒီပဋိပက္ခမှုတွေကို အော့နှလုံး နာနေကြပါပြီ။ တထိတ်ထိတ် တလန့်လန့် ကျီးလန့်စာစား နေထိုင်ကြရတဲ့ ဘဝဆိုးကြီးကိုလည်း လူထုကြီးတစ်ရပ်လုံးက အရွံကြီး ရွံနေကြပါပြီ။ အထူးသဖြင့် တောင်တန်းသားတွေရဲ့စိတ်ကို အတော်ကြီး ထိခိုက်နေပါပြီ။ တောင်တန်းသားတွေဟာ ပြည်ထောင်စုကြီးကို ထူထောင်တဲ့နေ့က

mgyoe.com

mgyoe.com


စပြီး ဒီကနေ့အထိ မြေပြန့်ဘက်က အဓမ္မသမားတွေ အမျိုးမျိုး ဖောက်ပြန်နေကြတာကို သည်းခံပြီး ကြည့်နေကြသေးတယ်။ အဓမ္မသမားတွေ ရပ်တန်းက မရပ်ကြဘဲ ရှေ့ကိုတိုးပြီး ဆိုးနေကြဦးမယ်ဆိုရင်တော့ ပြည်ထောင်စုကြီးဟာ အစိတ်စိတ်အမွှာမွှာ ကွဲသွားတဲ့အထိ ဘေးတွေ့စရာ အကြောင်းရှိတယ်ဆိုတာကို ကျွန်တော် လေးလေးနက်နက် သတိပေးချင်တယ်။

ကမ္ဘာ့သမိုင်းကို ပြန်ကြည့်မယ်ဆိုရင် ပြည်ထောင်စုတစ်ခု တည်ဖို့ဟာ မလွယ်ဘူးဆိုတာ တွေ့ကြရပါလိမ့်မယ်။ ပြည်ထောင်စုတိုင်းရဲ့သမိုင်းကို ကြည့်ရင်လည်း ပြည်ထောင်စုတစ်ခုတည်ဖို့အတွက် အနည်းဆုံး တစ်ကြိမ်တော့ သွေးထွက်သံယို ဖြစ်ရတယ်ဆိုတာ တွေ့ကြရပါလိမ့်မယ်။ အခု ကျွန်တော်တို့ ပြည်ထောင်စုမှာဆိုရင် ခေါင်းဆောင်ကြီး ဗိုလ်ချုပ်ရဲ့ လုံ့လကြောင့် သွေးထွက်သံယိုမှုမရှိဘဲ ဒီပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ခဲ့ကြတယ်။ အဓမ္မသမားတွေ တခြားနေရာတွေမှာ ဘယ်လိုပင် ဆိုးဆိုး၊ သွေးထွက်သံယိုမှု မရှိရဘဲနဲ့ ကျုပ်တို့ရဲ့ခေါင်းဆောင်ကြီး ဗိုလ်ချုပ် တည်ဆောက်ခဲ့တဲ့ ပြည်ထောင်စုကြီး အစိတ်စိတ်အမွှာမွှာ ဖြစ်သွားတဲ့အထိတော့ မဆိုးကြဖို့ ကျွန်တော် လေးနက်စွာ မေတ္တာရပ်လိုက်ပါတယ်။

နိုင်ငံရေးအာဏာ လိုချင်ကြတဲ့ လူတွေကို စေတနာကောင်းကောင်းနဲ့ ကျွန်တော် အကြံပေးစမ်းပါရစေ။ လွယ်တဲ့လမ်းကို လိုက်ကြစမ်းပါ။ သေချာတဲ့လမ်းကို လိုက်ကြစမ်းပါ။ နိုင်ငံရေးအာဏာကို လွယ်ပြီး သေချာတဲ့ လမ်းကောင်း ရှိနေလျက်သားနဲ့ ဘာဖြစ်လို့ ခက်ပြီး မသေချာတဲ့ လမ်းဆိုးကို လိုက်နေချင်ကြသလဲ။ ခလုတ်မထိ ဆူးမငြိရဘဲနဲ့ အာဏာရနိုင်တဲ့ လမ်းကောင်းရှိနေလျက်သားနဲ့ ဘာဖြစ်လို့ သွေးချောင်းစီးရတဲ့ လမ်းဆိုးကြီးကို လိုက်နေချင်ကြသလဲ။ ကျွန်တော်တို့ ခင်ဗျားတို့၊ ပြည်ထောင်စုဟာ ကမ္ဘာ့အလယ်မှာ မျက်နှာကြီးမဲ့ လမ်းကောင်း ရှိနေလျက်သားနဲ့ ဘာဖြစ်လို့ မျက်နှာငယ်မယ့် လမ်းဆိုးကို လိုက်နေချင်ကြသလဲ။ လွတ်လပ်ရေး တည်မြဲအောင် လုပ်ပေးနိုင်တဲ့ လမ်းကောင်းကြီး ရှိနေလျက်သားနဲ့ ဘာဖြစ်လို့ လွတ်လပ်ရေး ဆုံးရှုံးစေနိုင်တဲ့ လမ်းဆိုးကို လိုက်နေချင်ကြသလဲ။ ခင်ဗျားတို့ မကြိုက်တဲ့ အစိုးရအဖွဲ့ကို လွယ်လွယ်ကလေး

mgyoe.com

mgyoe.com


နဲ့ ဖြုတ်ချနိုင်တဲ့ လမ်းကောင်းကြီး ရှိနေလျက်သားနဲ့ ဒီအစိုးရကို အာဏာတွေ တိုးရစေပြီ အခြေခံဥပဒေက သတ်မှတ်ထားတဲ့ သက်တမ်းထက် တိုးရှည်စေမယ့် လမ်းဆိုးကြီးကို ဘာဖြစ်လို့ လိုက်နေချင်ကြသလဲ။ အသက်နဲ့ထပ်တူ ကိုယ်ချစ်မြတ်နိုးတဲ့ ပြည်ထောင်စုကြီးကို ခိုင်မာတောင့်တင်းအောင် လုပ်ပေးနိုင်တဲ့ လမ်းကောင်းကြီး ရှိနေလျက်သားနဲ့ ပြည်ထောင်စုကြီး အစိတ်စိတ်အမြွှာမြွှာကွဲစေပြီး ကျွန်ဘဝနဲ့ ဇာတ်သိမ်းစေမယ့် လမ်းဆိုးကြီးကို ဘာဖြစ်လို့ လိုက်နေချင်ကြသလဲ။

ညစ်ပတ်တဲ့လူတွေ၊ တရားမဲ့တဲ့လူတွေ၊ နယ်ချဲ့သမားတွေရဲ့ လက်ကိုင်တုတ်တွေဆိုရင် ဘယ်သူ့ကိုပဲဖြစ်ဖြစ်၊ ကျွန်တော်တို့ကိုပဲဖြစ်ဖြစ်၊ ကျွန်တော်တို့ရဲ့ အတိုက်အခံသမားတွေကိုပဲဖြစ်ဖြစ် လူထုက လက်မခံပါဘူးဗျာ။ လူထုက လက်မခံတဲ့ လူတွေဟာ ဘယ်လောက်ပဲထိုင်ပြီး ငိုနေနေ အစိုးရ မဖွဲ့နိုင်ပါဘူး။ ဒီတော့ လူထုဆီက အာဏာယူပြီး အစိုးရဖွဲ့ချင်နေတဲ့လူတွေဟာ မကြာမီ ကျင်းပတော့မယ့် ရွေးကောက်ပွဲကြီးမှာ လူထုကြီး တစ်ရပ်လုံးက ယုံကြည်အောင် ပြောကြ၊ ရှင်းပြကြ၊ တိုက်တွန်းကြ၊ နှိုးဆော်ကြ၊ လူထုရဲ့ယုံကြည်ချက်ရလို့ လူထုက အာဏာ အပ်နှင်းလိုက်ရင် အစိုးရ တက်ဖွဲ့ကြ။

အမှန်အတိုင်း ပြောရရင်၊ ဒီမိုကရေစီနည်းဆိုတာဟာ အပြစ်အနာအဆာ လုံးဝကင်းနေတဲ့ နည်းတော့ မဟုတ်ပါဘူး။ ချေထိုးမှုတွေ၊ ရှုပ်မှုပွေမှုတွေ၊ ညစ်ပတ်မှုတွေ ရှိသလောက်တော့ ရှိတာပဲ။ ဒါတွေကို လုံးဝပျောက်သွားအောင်၊ မတားဆီးနိုင်သည့်တိုင်အောင်၊ နည်းနိုင်သမျှနည်းအောင် ကြိုးစားကြရမှာပဲ။ ဒါပေမဲ့ ဘယ်လောက်ပဲ အပြစ်ရှိရှိ သွေးထွက်သံယိုမှုတွေ ဖြစ်စေပြီး အဓမ္မနည်းနဲ့ အာဏာသိမ်းတဲ့ စနစ်ထက်တော့ အပြစ်အနာအဆာ ပိုနည်းတယ်။ သွေးထွက်သံယိုမှုတွေ ဖြစ်စေပြီး ကျွန်ဘဝနဲ့ ဇာတ်သိမ်းပေးမယ့် အဓမ္မလမ်းကို မလိုက်ချင်တဲ့ လူတွေအတွက်ဆိုရင် ဒီမိုကရေစီနည်းဟာ အပြစ်အနာအဆာ ဘယ်လိုပင် ရှိပေမယ့်လည်း နိုင်ငံရေးအာဏာကို သိမ်းနိုင်တဲ့နည်းတွေထဲမှာတော့ အကောင်းဆုံးပဲ။

ဒီတော့ ကျွန်တော်တို့ ပြည်ထောင်စုကြီးနဲ့ အသင့်တော်ဆုံး၊ အကောင်းဆုံးဖြစ်တဲ့ ဒီမိုကရေစီနည်းနဲ့ နိုင်ငံရေးအာဏာကို အားရပါးရ

mgyoe.com

mgyoe.com


သိမ်းနိုင်ကြအောင် လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကြီးကို နိုင်ငံတော် အစိုးရတို့က ကျင်းပပေးပါ့မယ်။ ကျင်းပပေးတဲ့အခါမှာ လက်ဝဲသမားတွေကလည်း လူထုရှေ့မှာ လက်ဝဲလမ်းစဉ် တင်ပြပြီး အာဏာတောင်းကြပါ။ လက်ယာသမားတွေကလည်း လက်ယာလမ်းစဉ်ကို တင်ပြပြီး အာဏာတောင်းကြပါ။ ဗဟိုသမားတွေကလည်း ဗဟိုလမ်းစဉ်ကို တင်ပြပြီး အာဏာတောင်းကြပါ။ နု–အက်တလီစာချုပ်ကို ဆုတ်ပစ်ချင်တဲ့ လူတွေကလည်း ဘာဖြစ်လို့ ဆုတ်ပစ်ထိုက်ကြောင်းကို ရှင်းပြပြီး အာဏာတောင်းကြပါ။ နု–အက်တလီစာချုပ်ကို ထောက်ခံချင်တဲ့ လူတွေကလည်း ဘာဖြစ်လို့ ထောက်ခံသင့်ကြောင်းကို ရှင်းပြပြီး အာဏာတောင်းကြပါ။ အင်္ဂလိပ်နဲ့ အမေရိကန်တို့ကို စစ်ကြေညာပြီး ဆိုဗီယက်အစုထဲကို ဝင်ချင်တဲ့လူတွေကလည်း ဒီလိုဝင်ခြင်းအားဖြင့် ပြည်ထောင်စုကြီးမှာ ဘယ်လို အကျိုးရှိမယ်ဆိုတာ ရှင်းပြပြီး အာဏာတောင်းကြပါ။ အင်္ဂလိပ်၊ အမေရိကန်နဲ့ ပေါင်းချင်တဲ့လူတွေကလည်း ဘာဖြစ်လို့ ပေါင်းသင့်ကြောင်း ရှင်းပြပြီး အာဏာတောင်းကြပါ။

၁၉၄၉ ခုနှစ်၊ ပြည်ထောင်စုလူထုဟာ ၁၉၃၅ ခုနှစ်က လူထုလို မဟုတ်တော့ဘူး။ ဖြီးတိုင်း၊ လိမ့်တိုင်း မရတော့ဘူး။ အာဏာလိုချင်တဲ့ လူတွေက ဘာပဲပြောပြော သူတို့ ချင့်ချိန်ပြီး ယုံကြလိမ့်မယ်။ သူတို့က ယုံပြီး အာဏာပေးလိုက်ရင် သူတို့ရဲ့ အာဏာကို ရတဲ့လူတွေဟာ အစိုးရတက်ဖြစ်မှာပဲ။ ဒါကြောင့် လူထုအာဏာကို တရားတဲ့နည်းနဲ့ရအောင် လုပ်ပေးနိုင်တဲ့ ရွေးကောက်ပွဲကြီးကို အမြန်ဆုံးနည်းနဲ့ ကျင်းပနိုင်အောင် လူထုကြီးတစ်ရပ်လုံးက အစိုးရကို အင်တိုက်၊ အားတိုက် ကူညီကြပါ။

ရွေးကောက်ပွဲကြီးကို တိုင်းပြည် မငြိမ်မသက် ဖြစ်နေသရွေ့ ဘယ်နည်းနဲ့မှ ကျင်းပနိုင်မှာ မဟုတ်ဘူး။ ငြိမ်ဝပ်ပိပြားရေးရမှ ကျင်းပနိုင်လိမ့်မယ်။ ငြိမ်ဝပ်ပိပြားရေး ရအောင်ဆိုတာဟာ အစိုးရတစ်ဦးတည်းက ဘယ်နည်းနဲ့မှ မတတ်နိုင်ဘူး။ လူထုရဲ့ အကူအညီကိုရမှာပဲ ဖြစ်နိုင်မယ်။ ဒါကြောင့် လက်ဝဲသမားတွေရော၊ လက်ယာသမားတွေရော၊ ဗဟိုသမားတွေရော၊ နု–အက်တလီစာချုပ်ကို ထောက်ခံချင်တဲ့လူတွေရော၊ ဆုတ်ပစ်ချင်တဲ့ လူတွေရော၊ ဒီအစိုးရပြန်တက်လာတာ ကြည့်ချင်တဲ့လူတွေရော၊ ဖြုတ်

mgyoe.com

mgyoe.com


ပစ်ချင်တဲ့လူတွေရော၊ အခြေခံဥပဒေက သတ်မှတ်ထားတဲ့ အချိန်အတွင်း မှာ ရွေးကောက်ပွဲကြီး ကျင်းပနိုင်အောင် တိုင်းပြည် ငြိမ်ဝပ်ပိပြားရေးကို ကြိုးစားတဲ့နေရာမှာ ပြည်ထောင်စုနိုင်ငံတော်အစိုးရကို အစွမ်းကုန် ဝိုင်းဝန်း အားပေးကြဖို့ ဒီလူထုကြီးမှတစ်ဆင့် ကျွန်တော်လေးနက်စွာ တိုက်တွန်း နှိုးဆော်လိုက်ပါတယ်။

ကျွန်တော်တောင်းတဲ့ လူထုရဲ့ အကူအညီကိုသာရမယ်ဆိုရင် (၁) ပြည်ထောင်စုရဲ့ ငြိမ်းချမ်းသာယာဝပြောရေး၊ (၂) ပြည်ထောင်စုကြီး တည် မြဲရေး၊ (၃) ရွေးကောက်ပွဲကြီးကို အခြေခံဥပဒေက သတ်မှတ်ထားတဲ့ အချိန်အတွင်း ကျင်းပပေးရေးဆိုတဲ့ အရေးသုံးခုအတွက် ကတိသုံးခုကို ဖ၊ ဆ၊ ပ၊ လ အဖွဲ့ကြီးရဲ့ ကိုယ်စားရော၊ ပြည်ထောင်စုနိုင်ငံတော်အစိုးရ ရဲ့ ကိုယ်စားရော ကျွန်တော် အတိအလင်း ပေးလိုက်ပါတယ်။

❒

mgyoe.com

mgyoe.com

# ၇။ ဒီမိုကရေစီနည်း

## ၁၉၄၉ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့
## ပါလီမန်လွှတ်တော် အစည်းအဝေးမိန့်ခွန်း

ဥက္ကဋ္ဌကြီးခင်ဗျား။

ကျွန်တော်တို့ရဲ့ ရန်သူကိုပဲမေးမေး၊ မိတ်ဆွေကိုပဲမေးမေး၊ လက်ရှိနိုင်ငံရေး အခြေအနေဟာ သိပ်ဆိုးတယ်လို့ ဖြေမှာပဲ။ ပြည်ထောင်စုကြီးထဲမှာ ဖြစ်ပျက်နေတဲ့ အခြေအနေကို ကြည့်ပြီး ဖြေရရင်လည်း ရန်သူပဲဖြစ်ဖြစ်၊ မိတ်ဆွေပဲဖြစ်ဖြစ် ဒီအဖြေကလွဲပြီး တခြားအဖြေ ပေးစရာမရှိဘူး။

ပြည်ထောင်စုကြီးဟာ လွတ်လပ်ပြီးလို့ သုံးလသားလောက်ပဲ ရသေးတဲ့ အချိန်မှာ ကွန်မြူနစ်များက လက်နက်စွဲကိုင်ပြီး သူပုန်ထကြပါတယ်။ နောက် ၃ လ လောက်အကြာမှာ ပြည်သူ့ရဲဘော်ဖြူတွေက လက်နက်စွဲကိုင်ပြီး သူပုန်ထကြပါတယ်။ ပြည်သူ့ရဲဘော်ဖြူနဲ့ ကွန်မြူနစ်တို့ရဲ့ ဆူပူမှုကြောင့် နိုင်ငံတော် အစိုးရမှာ ဘေးကျပ်နံကျပ် ဖြစ်နေတာကို အခွင့်ကောင်းယူကြပြီး ကေအင်ဒီအိုနဲ့ အမ်အင်ဒီအို သောင်းကြမ်းသူတွေက တစ်နေ့တခြား ပိုမိုပြင်ထန်းစွာ လှုပ်ရှားလာကြပါတယ်။ ကွန်မြူနစ်နဲ့ ပြည်သူ့ရဲဘော်ဖြူတို့ရဲ့ ရန်သူဟာ အေးတော့မလိုလည်းဖြစ်ရော၊ ကေအင်ဒီအိုနဲ့ အမ်အင်ဒီအိုတို့ရဲ့ ဆူပူသောင်းကျန်းမှုကြီးဟာ အုပ်ထိန်းလို့ မရ

mgyoe.com

တော့ဘဲ အပြင်းအထန် ပေါက်ကွဲခဲ့ပါတယ်။ ဆူပူသောင်းကျန်းသူများ အားလုံးထဲမှာ ကေအင်ဒီအို သောင်းကျန်းသူများဟာ အားအင်အတောင့် တင်းဆုံး ဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရမှာ အခြားအချိန်အခါများနဲ့ မတူအောင် အသက်ရှူရ ကျပ်သွားခဲ့ပါတယ်။

ယခုကဲ့သို့ နိုင်ငံတော်အစိုးရ အသက်ရှူရ ကျပ်နေတာကို အခွင့် ကောင်းယူပြီး ကွန်မြူနစ်နဲ့ ရဲဘော်ဖြူတွေဟာ ပြင်းပြင်းထန်ထန် လှုပ်ရှားစ ပြုလာကြပြန်တယ်။ အစိုးရ တပ်ပေါင်းစုံက ကေအင်ဒီအိုနဲ့ အမ်အင်ဒီ အို သောင်းကျန်းသူတွေကို မဲပြီး တိုက်နေတုန်းမှာ ရဲဘော်ဖြူအချို့နဲ့ ကွန်မြူနစ်တွေဟာ အစိုးရ ပြန်မကြည့်နိုင်တဲ့ နယ်တွေကို သိမ်းလိုက်ကြ ပါတယ်။ ဒီလိုဖြစ်နေတဲ့အထဲမှာ စာရေး၊ စာချီနဲ့ ကျောင်းသားတွေဟာ သပိတ်မှောက်လိုက်ကြပြန်ပါတယ်။ ဒါတွေထက် အဆိုးဆုံးက အစိုးရ အားကိုး အားထားပြုနေတဲ့ လက်နက်ကိုင် တပ်သားအချို့ဟာ သူပုန်တွေ နဲ့ နားလည်မှု ရတယ်ဆိုပြီး သူပုန်တွေဘက်ကို ကူးပြောင်းသွားခြင်းပဲ ဖြစ်ပါတယ်။

ဒီလိုတောမီးလောင်းနေတဲ့အချိန်ဟာ တောကြောင်တွေ လက်ပမ်း ပေါက်ခတ်လို့ ကောင်းတဲ့အချိန်ပဲ။ အခြေအနေဟာ ဘယ်လောက်အထိ ဆိုးလာသလဲဆိုရင် နယ်တွေမှာတော့ မပြောနဲ့တော့။ ရန်ကုန်မြို့ကြီးရဲ့ မြို့လယ်ခေါင်မှာတောင် နေ့ခင်းကြောင်တောင် ဓားပြတိုက်မှုတွေ ဖြစ်ပေါ် လာတဲ့အထိ အခြေအနေဟာ ဆိုးဝါးလာခဲ့တယ်။

ဒီလိုအခြေအနေဆိုးကြီးကိုကြည့်ပြီး ပြည်ထောင်စုကြီးဟာ နာလန် မှ ထူနိုင်ပါဦးတော့မလားလို့ ကျွန်တော့်ကို မေးကြရင် ကျွန်တော် မအံ့သြ ပါဘူး။ အခြေအနေကိုက မေးလည်းမေးစရာဖြစ်နေတယ်။ အတော်ကြီးကို ဆိုးနေတာပဲ။

ဒါပေမဲ့ ကျွန်တော်ရဲ့ တွက်ကိန်းအရ ပြောရရင် ပြည်ထောင်စု အတွင်းမှာရှိတဲ့ ဆူပူသောင်းကျန်းသူတွေအားလုံးရဲ့ ရန်ဟာ လွန်ခဲ့တဲ့ ဖေဖော်ဝါရီလ၊ မတ်လ၊ ဧပြီလ၊ သုံးလအတွင်းတုန်းကလောက် ကြောက် စရာ၊ စိုးရိမ်စရာ၊ ရင်လေးစရာ၊ အသည်းထိတ်စရာကောင်းတဲ့ အခြေအနေ မျိုးသို့ ရှေ့အဖို့ ပြန်ရောက်နိုင်စရာ အကြောင်းမရှိတော့ပါဘူး။ အကယ်၍

mgyoe.com

ကျွန်တော်ရဲ့ တွက်ကိန်းက မှားသွားပြီး နောက်တုန်းက တွေ့ခဲ့ရတာထက် ပိုမိုဆိုးရွားတဲ့ အခြေအနေမျိုးနဲ့ ကျွန်တော်တို့ ရင်ဆိုင်တွေ့ရသည့်တိုင်အောင် ကျွန်တော်တို့တစ်တွေကသာ စိတ်ရှည်ရှည်၊ သဘောထားကြီးကြီး၊ ဖွဲ့ကောင်းကောင်းနဲ့ ကျွန်တော်တို့ ရင်ဆိုင်တွေ့နေရတဲ့ ပြဿနာတွေကို ဖြေရှင်းနိုင်ကြမယ်ဆိုရင် ကျွန်တော်တို့ ဖြေရှင်းလို့ မရမဲ့ ပြဿနာဟာ မရှိနိုင်ပါဘူး။

အမှန်စင်စစ်ပြောရမယ်ဆိုရင် အမေရိကန်ပြည်ထောင်စုနဲ့ ဆိုဗီယက် ရုရှားတို့ဟာ ကျွန်တော်တို့ပြည်ထောင်စုရဲ့ ဘဝမျိုးသို့ ရောက်ခဲ့စဉ်က အမေရိကန် ပြည်ထောင်စုသားတွေနဲ့ ဆိုဗီယက်ပြည်ထောင်စုသားတွေ ရင်ဆိုင်ကြရတဲ့ ပြဿနာတွေဟာ ကျွန်တော်တို့ရဲ့ လက်ရှိပြဿနာတွေထက် ပိုပြီးဆိုးရင်သာ ဆိုးမယ်၊ မလျော့ကြပါဘူး။

အမေရိကန်ပြည်ထောင်စုမှာဆိုရင် ဗြိတိသျှလက်အောက်က လွတ်အောင် တော်လှန်ကြတုန်းကတော့ တညီတညွတ်တည်းဝိုင်းပြီး ဗြိတိသျှကို တိုက်ကြပါရဲ့။ သို့သော်လည်း လွတ်လပ်ရေးတိုက်ပွဲလည်းပြီးရော ပြည်နယ်အသီးသီးဟာ အချင်းချင်း ညီညွတ်စည်းလုံးခြင်း မရှိကြတော့ဘူး။ ၁၇၇၇ ခုနှစ်များမှာ ရေးဆွဲပြီး ၁၇၈၁ ခုနှစ်မှာ ၁၇၈၉ ခုနှစ်လောက်အထိ အတည်ဖြစ်ခဲ့တဲ့ အမေရိကန်ပြည်ထောင်စုရဲ့ အုပ်ချုပ်ရေးဥပဒေအရ ထူထောင်ခဲ့တဲ့ အမေရိကန်ပြည်ထောင်စု ဆိုတာဟာလည်း အမည်လောက်သာ ရှိတာပဲ။ နိုင်ငံတော်သမ္မတကြီး ဝါရှင်တန်ကိုယ်တိုင်က အဲဒီ ပြည်ထောင်စုကို "သဲနှင့် လုပ်ထားသောကြိုး"လို့ပင် ပြက်ရယ်ပြုပြီး ခေါ်ခဲ့ဖူးပါတယ်။ ပြည်နယ်အသီးသီးဟာ ဘယ်သူ့ ဩဇာကိုမှမခံဘူး။ အားလုံး ဗိုလ်ချည်းပဲ ဖြစ်နေကြတယ်။ တစ်ဦးနဲ့တစ်ဦးဟာလည်း အစိတ်စိတ်အမြွှာမြွှာ ပွဲထွက်လုနီးနီးအထိ အချင်းများခဲ့ကြပါတယ်။

ဒါတွေတင်မကသေးပါဘူး။ ၁၇၈၆ ခုနှစ်မှာ စီးပွားရေး ကျပ်တည်းကျဉ်းမြောင်းမှုကြောင့် မက်ဆက်ချူးဆက်ပြည်နယ်မှာ ပုန်ကန်မှု အကြီးအကျယ် ပေါ်ခဲ့ဖူးပါတယ်။ ဒီပုန်ကန်မှုကြီးကို နှိမ်နင်းနိုင်ပေမဲ့ ပြည်ထောင်စုအတွင်းမှာ ဖြစ်ပေါ်နေတဲ့ မငြိမ်မသက်မှုတွေဟာ တစ်နေ့တခြား ဆိုးဝါးလာတာနဲ့ လူထုထဲကတချို့ဟာ သမ္မတစနစ်အစား ဘုရင်စနစ်နဲ့

mgyoe.com

အုပ်ချုပ်ရရင် ပိုပြီးကောင်းမလိုလို ယူဆလာကြတယ်။ ဘုရင်စနစ်ဘက်ကို လူတွေစိတ်ယိုင်လာတာနဲ့ အမေရိကန်ပြည်ထောစင်စုမှာ ရှင်ဘုရင်လာလုပ် မလားလို့ ဥရောပတိုက် ပရပ်ရှားက ဟင်နရီမင်းသားကို ကွန်ဂရက် ဥက္ကဋ္ဌကိုယ်တိုင်က တီးခေါက်စုံစမ်းခဲ့ရဖူးပါတယ်။

ဒီလို ဖရိုဖရဲ ဖြစ်ရတဲ့အတွက် လူထုကြီးမှာ အင်မတန် ဒုက္ခရောက် လာတာနဲ့ စည်းစည်းလုံးလုံးရှိတဲ့ ပြည်ထောင်စုကြီး ပြန်ဖြစ်လာအောင် ကြိုးစားကြဦးစို့ဆိုပြီး ပြည်လုံးကျွတ် ညီလာခံကြီးတစ်ခုကို ခေါ်ကြတယ်။ ဒါပေမဲ့ ညီလာခံတက်ကြတဲ့ ကိုယ်စားလှယ်အချင်းချင်း စေ့စပ်လို့ မရတာ နဲ့ ညီလာခံကြီးလည်းပျက်၊ ကိုယ်စားလှယ်တွေလည်း စိတ်အပျက်ကြီး ပျက်ပြီး ပြန်ကြရတယ်။ ၁၇၈၉ ခုနှစ်မှာမှ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေကို အတည်ပြုနိုင်ကြပါတယ်။ ဒီလို အတည်ပြုပြီးလို့ ငါးနှစ် အကြာ ၁၇၉၄ ခုနှစ်မှာ ဝီစကီ ပုန်ကန်မှုကြီးတစ်ခု ပေါ်ပေါက်လာပြန် သေးတယ်။ ဒီပုန်ကန်မှုက တခြားမဟုတ်ဘူး။ ပြည်ထောင်စု ဥပဒေအရ ကောက်တဲ့ အရက်ခွန်ကို ပြည်နယ်တစ်နယ်က မပေးချင်လို့ ကန့်ကွက် တဲ့ အနေနဲ့ ပုန်ကန်ခြင်းပဲ။ ဒီပုန်ကန်မှုကြီးပြီးတဲ့နောက် ၁၈၃၂ ခုနှစ်မှာ တောင်ပိုင်းကာရိုလီးနားပြည်နယ်က မိမိရဲ့ ပြည်နယ်ဆိုင်ရာ ဥပဒေပြု လွှတ်တော်မှာ "ပျက်စီးဥပဒေ" တစ်ခုကို အတည်ပြုကြပြန်တယ်။ ဒီ ဥပဒေအရ ပြည်ထောင်စု ဥပဒေများကို ပြည်နယ်များက လက်မခံဘဲ နေနိုင်တယ်။ ပြည်ထောင်စု အစိုးရက မည်ကဲ့သို့သော ဥပဒေမျိုးကိုပင် ပြုလုပ်စေကာမူ ပြည်နယ်တစ်ခုခုက ပြည်ထောင်စုဥပဒေဟာ မိမိရဲ့ ပြည်နယ် ဥပဒေနဲ့ ဆန့်ကျင်နေတယ်လို့ ယူဆရင် ဒီ "ပျက်စေဥပဒေ" အရ ပြည်ထောင်စု ဥပဒေဟာ ပြည်နယ်အပေါ်မှာ အတည်မဖြစ်နိုင်။ ပျက်ပြယ်သွားရမည်လို့ ဆိုလိုတယ်။

ဒီအဖြစ်အပျက်တွေကို ကြည့်ခြင်းအားဖြင့် အမေရိကန်ပြည်ထောင် စုကြီးဟာ တည်ထောင်စ အချိန်အခါကဆိုရင် ယနေ့ ကျွန်တော်တို့ မြင်ရသလို မဟုတ်ဘဲ တည်ငြိမ်မှုနဲ့ မည်မျှကင်းဝေးခဲ့တယ် ဆိုတာကို ကောင်းကောင်းသိနိုင်ပါတယ်။ ဒါတင်မကသေးပါဘူး။ ပြည်နယ်တွေက အဲဒီလို သူတလူ ငါတမင်း လုပ်ချင်တဲ့စိတ်ဓာတ်တွေဟာ အမေရိကန်

mgyoe.com

ပြည်ထောင်စုရဲ့ တောင်ပိုင်းနှင့် မြောက်ပိုင်းတိုက်ကြတဲ့ ပြည်တွင်းစစ်ပွဲကြီး အဖြစ်နဲ့ အပြင်းထန်ဆုံး ပေါက်ကွဲခဲ့ပါသေးတယ်။ ဒီပြည်တွင်း စစ်ပွဲကြီး ဟာ ၁၈၆၀ မှ ၁၈၆၅ ခုနှစ်အထိ ခြောက်နှစ်ခန့်ကြာပြီး သေကျေပျက်စီး ကြရတဲ့လူပေါင်းဟာ ခုနှစ်သိန်းထက် မနည်းဘူးလို့ သိရပါတယ်။

ဆိုဗီယက်၊ ရုရှားကို ကြည့်ပြန်ရင်လည်း ဆိုဗီယက်ပြည်ထောင်စုကို တည်စအခါမှာ ဒုက္ခတွေ ပင်လယ်ဝေအောင် တွေ့ရပြီး နှစ်ပေါင်းအတော် ကြာအောင် တည်ငြိမ်မှုကို တည်ဆောက်ခဲ့ရတဲ့ သက်သေသာဓကတွေကို တွေ့ကြရပါလိမ့်မယ်။ ဆိုဗီယက်၊ ရုရှားရဲ့အကြောင်းကို ကောင်းကောင်း လေ့လာထားတဲ့ ပါရဂူကြီးတစ်ဦးရဲ့စာအုပ်ထဲမှ အနည်းငယ် ကောက်နုတ် တင်ပြပါမယ်။ အမတ်မင်းများ သည်းခံပြီး နားထောင်ကြစေချင်ပါတယ်။

"၁၉၁၈ ခုနှစ်တွင် ဆိုဗီယက်အစိုးရတို့ရဲ့ အာဏာဟာ တည်မြဲတဲ့ ဘဝနှင့် အတော်ဝေးပါသေးသည်။ ပီထရိုဂရက်မြို့နှင့် မော်စကိုမြို့တော် ကြီးများ၌ပင်လျှင် အသက်စည်းစိမ်အတွက် လုံလောက်အောင် အကာ အကွယ် မပေးနိုင်ချေ။ လမ်းထဲတွင် အကြမ်းဖက်၍ဖြစ်သော ဓားပြမှု များ၊ အရာရှိဟန်ဆောင်၍ လူရှာသလိုလို ပစ္စည်းသိမ်းစရာရှိသလိုလို အကြောင်းပြုပြီး လက်နက်ကိုင်လူဆိုးများ အိမ်တွင်း ဝင်ရောက်လုယက် တိုက်ခိုက်ကြသည့် အမှုများမှာ နေ့စဉ်နှင့်အမျှ ဖြစ်ပေါ်လျက်ရှိသည်။ မြို့ကြီးများ၏ အပြင်ဘက်တွင် အသက်စည်းစိမ်ကို ကာကွယ်ပေးရန် စနစ်တကျ ကာကွယ်ထားချက်များ တစ်စုံတစ်ခုမျှ မရှိချေ။ ဆိုဗီယက် ပြည်ထောင်စုကြီး တစ်ခုလုံးတွင် တော်လှန်ရေးကြီး ပျက်စီးအောင် ဖျက်ဆီး လျက်ရှိသည့် တော်လှန်ရေး၏ရန်သူများဖြင့် ပြည့်နှက်လျက် ရှိသည်။ ထိုတော်လှန်ရေး၏ ရန်သူများဟာ တော်လှန်ရေးကို ပျက်စီးအောင် တစ်ဦး ချင်း လိုက်လံဖျက်ဆီးရာမှ လူစုလူဝေးနှင့် ဖြစ်လာကြပြီးလျှင် တော်လှန် ရေးကို ဖျက်သည့်အလုပ်နှင့် ဓားပြတိုက်သည့်အလုပ်ကို ပူးပေါင်း၍ အခွင့် ရသလို ကြည့်လုပ်သွားကြသည်။ ယူကရိန်းနှင့် ဂျော်ဂျီယာပြည်နယ်တို့တွင် နိုင်ငံခြား အကူအညီများဖြင့် သီးခြားအစိုးရအဖွဲ့များ ထူထောင်ကြသည်။ ထိုပြည်နယ်များတွင် တော်လှန်ရေးသမားများနှင့် တော်လှန်ရေး၏ ရန်သူ များသည် အပြင်းအထန်တိုက်ပွဲများ ဖြစ်ကြရာ တစ်ဦးနှင့်တစ်ဦး အပြန်

mgyoe.com

mgyoe.com

အလှန် ရက်စက်ကြမ်းကြုတ်မှုများ ဖြစ်ပွားကြသည်။ ထိုတိုက်ပွဲများတွင် နိုင်ငံခြားအစိုးရတို့၏ ကိုယ်စားလှယ်များလည်း ပါဝင်တိုက်ခိုက်ကြသည်။ ဤအဖြစ်အပျက်ဆိုးများ ဖြစ်ပေါ်နေစဉ် လူမျိုးရေး အဓိကရုဏ်းများ၊ ဘာသာရေး အဓိကရုဏ်းများ၊ လုယက်တိုက်ခိုက်မှုများသည် တော်လှန်ရေး တိုက်ခိုက်မှုများနှင့် ရောထွေးလျက် ရှိကြသည်။ ဤအဖြစ်အပျက်ဆိုးကြီးသည် နှစ်နှစ်ကျော်မျှ ကြာရှည်၍ ဆိုဗီယက် ယူနီယန်တစ်ခုလုံးနီးနီးအထိ ပြန့်နှံ့ခဲ့လေသည်" လို့ ရေးထားခဲ့ပါတယ်။

ဒီတော့ အမေရိကန်ပြည်ထောင်စုနဲ့ ဆိုဗီယက်၊ ရုရှားတို့ရဲ့ သာဓကကြီး နှစ်ခုကို ထောက်ခြင်းအားဖြင့် ကျွန်တော်တို့ ပြည်ထောင်စု မြန်မာနိုင်ငံမှာ ယခုဖြစ်ပေါ်လျက်ရှိတဲ့ အဖြစ်အပျက်များဟာ ကမ္ဘာ့ရာဇဝင်တွင် ကျွန်တော်တို့ တစ်နိုင်ငံတည်းမှာသာ ရှေးဦး ဖြစ်ရတဲ့ အဖြစ်အပျက်ဆိုးများ မဟုတ်ပါဘူးဆိုတာ ထင်ရှားသိသာလောက်ပါပြီ။ လွတ်လပ်စနိုင်ငံများဟာ ကျွန်တော်တို့ ယနေ့တွေ့နေရတဲ့ ဒုက္ခမျိုးတွေနဲ့ အနည်းနဲ့အများ ဆိုသလို ရင်ဆိုင်ရမယ်ဆိုတာဟာလည်း ဒီသာဓကကြီး နှစ်ခုအရ ထင်ရှားလျက် ရှိပါပြီ။

လူတစ်ယောက်ဟာ နေ့ချင်းညချင်း ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းတဲ့ အခြေအနေကို မရောက်နိုင်ပါဘူး။ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းနိုင်တဲ့ အခြေအနေကို ရောက်အောင် ကလေးဘဝ၊ လူငယ်ဘဝ၊ လူလတ်ဘဝတွေနဲ့ ဒီဘဝတွေမှာ ရှိကြမြဲ ဓမ္မတာဖြစ်တဲ့ ဒုက္ခတွေနဲ့ ရင်ဆိုင်တွေ့ကြရစမြဲပဲ။ ကျွန်တော်တို့ ပြည်ထောင်စုဟာလည်း ကမ္ဘာပေါ်မှာရှိတဲ့ တခြားနိုင်ငံများလို ဒုက္ခတွေကြားထဲမှာ တည်ငြိမ်မှုကို ရရှိလာအောင် တဖြည်းဖြည်း တည်ဆောက်သွားကြရမှာပဲ။

ကျွန်တော်ရဲ့ သဘောအရဆိုရင် ယခု ကျွန်တော်တို့ တွေ့ခဲ့တာတွေထက် ပိုမိုဆိုးဝါးတဲ့ အဖြစ်အပျက်ဆိုးတွေနဲ့ ထပ်မံရင်ဆိုင်တွေ့ရသည့်တိုင်အောင် ခေါင်းဆောင်လုပ်တဲ့သူတွေဟာ စိတ်ရှည်ရှည်နဲ့ သည်းခံနိုင်ကြမယ်၊ စိတ်သဘောထားကြီးကြမယ်၊ ဖွဲ့ကောင်းကြမယ်ဆိုရင် လိမ္မာတဲ့ မာလိန်မှူးဟာ လှိုင်းလေတွေကြားထဲမှာ မိမိရဲ့သင်္ဘောကို လွတ်မြောက်စေနိုင်ဘိသကဲ့သို့ ပြည်ထောင်စုရဲ့ ခေါင်းဆောင်တွေဟာလည်း ပြည်ထောင်စု

mgyoe.com

ကြီးကို နိုင်ငံရေး လှိုင်းလေတွေကြားထဲမှာ လွတ်မြောက်စေနိုင်လိမ့်မယ်လို့ ကျွန်တော် တထစ်ချ ယုံကြည်ပါတယ်။

ယခုပြည်ထောင်စုအတွင်းမှာ ဖြစ်ပျက်နေကြတဲ့ အဖြစ်ပျက်ဆိုးကြီးကို အပေါ်ယံကြည့်မယ်ဆိုရင် သူပုန်နဲ့ အစိုးရတို့နဲ့ တိုက်ပွဲလို့ မြင်ကြရလိမ့်မယ်။ သေသေချာချာ စဉ်းစားကြည့်ရင် အခုတိုက်ပွဲဟာ သေနတ်ကို ယုံကြည်တဲ့လူတွေနဲ့၊ လူထုကိုယုံကြည်တဲ့လူတွေ တိုက်နေကြတဲ့ တိုက်ပွဲသာ ဖြစ်တယ်ဆိုတာကို တွေ့ကြရလိမ့်မယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ အနိုင်ရရင် ဒီတိုက်ပွဲဟာ သေနတ်ကို ယုံကြည်သူများ အရေးရှုံးနိမ့်ပြီး၊ လူထု ယုံကြည်သူများ အနိုင်ရတဲ့ တိုက်ပွဲကြီးရယ်လို့ ပြည်ထောင်စု ရာဇဝင်မှာ တွင်ကျန်ရစ်မှာပဲ။

လူထုကို ယုံပါ။ လူထုဆီက အာဏာကို တောင်းယူတဲ့နည်းနဲ့ အာဏာကိုသိမ်းကြပါ။ ဒီမိုကရေစီ စည်းဝိုင်းထဲမှာ နေကြပါလို့ ကျွန်တော်တို့ တဖွဖွနဲ့ အော်နေကြတာဟာ အော်ကောင်းလွန်းလို့ အော်နေကြတာ မဟုတ်ပါဘူး။ သူများအော်လို့အော်ရ၊ အမောင်တောင်မှန်း မြောက်မှန်း မသိဘဲ အော်တာမျိုးလည်း မဟုတ်ပါဘူး။

သေနတ်ကို ယုံကြည်လျှင် ပြည်ထောင်စုကြီးဟာ ငါးပါးမကသံဃာစင်ကြီးပါ မှောက်လိမ့်မယ်။ လူထုကို ယုံကြည်ခြင်းသာလျှင် ပြည်ထောင်စုကြီးရဲ့ ကိုးကွယ်ရာ၊ အားထားရာ၊ လဲလျောင်းရာဖြစ်တော့တယ်ဆိုတာကို နှစ်ပေါင်း နှစ်ထောင်လောက်ရှိတဲ့ ကျွန်တော်တို့ရဲ့ ရာဇဝင်ကြီးထဲမှာပါတဲ့ အထင်အရှား သက်သေ သာဓကကြီးများကို မြင်တွေ့ရပြီး ကျွန်တော်တို့ရဲ့ ရိုးတွင်းခြင်ဆီထဲ၊ အူထဲ၊ အသည်းထဲကပါ သဲသဲမဲမဲ စွဲစွဲမြဲမြဲကြီး ယုံကြည်နေလို့သာ ဖြစ်ပါတယ်။

သေနတ်ကို အားကိုးပြီး အာဏာသိမ်းတယ်ဆိုတာဟာ အောင်မြင်မယ်ဆိုလျှင် အာဏာကို မြန်မြန်ရတယ်။ မှန်တယ်။ လူထုကို အားကိုးပြီး အာဏာသိမ်းရတာဟာ ကြာတယ်။ မှန်တယ်။ ဒါပေမဲ့ သေနတ်ကို အားကိုးပြီးရတဲ့ အာဏာဟာ မြန်မြန်ရသလောက် မြန်မြန်ပျောက်တာပဲ။ လူထုကို အားကိုးပြီးရတဲ့ အာဏာဟာ အရလည်း နှေးတယ်။ အပျောက်လည်း နှေးတယ်။

mgyoe.com

mgyoe.com


ဒီစကားမှန်မမှန်ကို ကျွန်တော်တို့ ဗမာရာဇဝင်နဲ့ ချိန်ထိုးကြည့်ရအောင်။ ဗမာ့ရာဇဝင်မှာ အနော်ရထာ (၁၀၄၄–၁၀၇၇)။ ဘုရင့်နောင် (၁၅၅၁–၁၅၈၁)။ အလောင်းဘုရား (၁၇၅၂–၁၇၆၀) ရယ်လို့ အင်မတန်ထင်ရှားကျော်စောခဲ့တဲ့ မင်းသုံးပါးရှိပါတယ်။ နှစ်ပေါင်း နှစ်ထောင်ရှိတဲ့ ဗမာရာဇဝင်တစ်လျှောက်လုံး၊ ဒီမင်းသုံးပါး လက်ထက်မှာသာ အစိတ်စိတ်အမြွာမြွာ ကွဲနေတဲ့ မြန်မာနိုင်ငံတော်ကြီးကို စုစည်းနိုင်ခဲ့ကြတယ်။ ဒါပေမဲ့ ဒီမင်းသုံးပါးဟာ နိုင်ငံတော်ကြီးကို စုစည်းတဲ့နေရာမှာ လူထုအားကိုးနဲ့ မဟုတ်ဘဲ လက်နက်အားကိုးနဲ့ စုစည်းခဲ့တဲ့အတွက် သူတို့ထူထောင်ခဲ့တဲ့ နိုင်ငံတွေဟာ တိုးတက် ခိုင်ခံ့လာခြင်းမရှိဘဲ၊ သူတို့ ကွယ်လွန်တာနဲ့ တစ်ပြိုင်နက် တဖြည်းဖြည်း လုံးပါး ပါးခဲ့ကြရတယ်။

အနော်ရထာမင်း ကွယ်လွန်ပြီး သူ့သားတော် စောလူးမင်း နန်းတက်တာနှင့် တစ်ပြိုင်နက် နိုင်ငံတော်ကြီး ပြိုကွဲမဲ့ လက္ခဏာများ ပေါ်ပေါက်ခဲ့တယ်။ သူ့လက်ထက်မှာ ပုန်ကန်မှုတွေပေါ်ပြီး သူလည်း အာဏာလု သူတွေရဲ့ လက်ချက်နှင့် နတ်ရွာစံရရှာတယ်။ ကျန်စစ်သားလက်ထက်မှစပြီး အခြေအနေဟာ ပြန်ကောင်းလာသလိုလို ဖြစ်သေးတယ်။ ဒါပေမဲ့ နရသီဟပတေ့မင်း လက်ထက် တရုတ်တစ်ရက်များ ဝင်လာသဖြင့် အနော်ရထာမင်း တည်ထောင်ခဲ့တဲ့ မြန်မာနိုင်ငံကြီး ပျက်စီးသွားရတယ်။ ဒီ့နောက် မြန်မာနိုင်ငံတော်ကြီးမှာ စည်းလုံးခြင်း တစ်ခါမှ မရခဲ့ဘူး။ တည်ငြိမ်ခြင်း တစ်ခါမှ မရခဲ့ဘူး။ လက်နက်နဲ့အာဏာ သိမ်းခဲ့တဲ့ လူတွေရဲ့လက်ထဲက အာဏာကို လက်နက်နဲ့ ပြန်သိမ်းဖို့ အပြန်အလှန် ကြိုးစားကြရင်း အချိန်ကုန်ခဲ့ရတာတွေ၊ လူထုကြီး တစ်ရပ်လုံးဟာလည်း ဒီအာဏာလုနေတဲ့ လူတွေရဲ့ စပ်ကြားမှာ ထိတ်လန့်တကြား ပြေးလွှားကြခြင်းနဲ့ပဲ အချိန်ကုန်ခဲ့ကြတာပဲ။

ဘုရင့်နောင် ထူထောင်တဲ့ ဒုတိယ မြန်မာနိုင်ငံတော်ကြီးမှာလည်း ထိုနည်းအတိုင်းပါပဲ။ ဘုရင့်နောင် နတ်ရွာစံပြီး သားတော် နန္ဒဘုရင် နန်းတက်တယ်။ ဒီမင်းရဲ့ ညီတော်များကလည်း ရှင်ဘုရင် လုပ်ချင်ကြတဲ့ အတွက် အာဏာလုပွဲတွေ ဖြစ်တယ်။ အဲဒီ အာဏာလုပွဲတွေကြောင့် ဖြစ်ပေါ်လာတဲ့ ပြည်တွင်း ဖရိုဖရဲမှုကို အခွင့်ကောင်းယူပြီး ရခိုင်မင်းနှင့် တောင်ငူမင်းတို့က ပုန်ကန်ကြတယ်။ သူပုန်တွေက အနိုင်ရပြီး ဘုရင့်

mgyoe.com

mgyoe.com

နောင် ထူထောင်ခဲ့တဲ့ ဒုတိယနိုင်ငံတော်ကြီးဟာ သားတော်လက်ထက်မှာ ပဲ ပျက်စီးခဲ့ရတယ်။

အဲဒီအချိန်ကတည်းက မြန်မာနိုင်ငံတော်ကြီးဟာ အစိတ်စိတ်အမြွာမြွာ ကွဲပြားလာခဲ့တာဟာ သာလွန်မင်း လက်ထက်မှာ အနည်းငယ် နာလန်ပြန်ထူနိုင်တယ်လို့ ဆိုရမယ်။ ဒါပေမဲ့ နာလန်ပြန်ထူနိုင်တာဟာ ခဏတ္တခဏမျှသာ ဖြစ်တယ်။ သာလွန်မင်း နတ်ရွာစံပြီးတဲ့နောက် ဟံသာဝတီပါမင်း လက်ထက် အင်းဝပျက်တဲ့အထိ ဘုရင့်နောင် ထူထောင်ခဲ့တဲ့ ဒုတိယမြန်မာနိုင်ငံတော်ကြီးမှာ ဘုရင့်နောင်ရဲ့ လက်ထက်တုန်းက စည်းလုံးခြင်းမျိုး၊ တည်ငြိမ်ခြင်းမျိုး တစ်ခါဖူးမှ မရှိခဲ့ဘူး။ အာဏာကို လက်နက်အားကိုးနှင့် အပြန်အလှန် လုနေကြရင်း နိုင်ငံတော်ကြီးဟာ လုံးပါးပါးခဲ့ကြရတာဘဲ။

အလောင်းဘုရား ထူထောင်ခဲ့တဲ့ တတိယမြန်မာနိုင်ငံတော်ကြီးမှာလည်း ထိုနည်းအတိုင်းပဲ ဖြစ်ခဲ့တယ်။ အလောင်းဘုရား နတ်ရွာစံပြီးသူရဲ့သားတော် ဆင်ဖြူရှင်မင်း လက်ထက်အထိ နိုင်ငံတော်အတွင်းမှာ တည်ငြိမ်မှု၊ စည်းလုံးမှုတို့ ရှိကြပါသေးရဲ့။ ဒါပေမဲ့ ဆင်ဖြူရှင်မင်း နတ်ရွာစံပြီးတဲ့ အချိန်ကစပြီး နောက်ဆုံး ဗြိတိသျှ နယ်ချဲ့သမားတွေရဲ့ လက်တွင်းသို့ မြန်မာနိုင်ငံတော်ကြီး ကျရောက်ရတဲ့နေ့အထိ မြန်မာနိုင်ငံတော် စည်းလုံးခြင်းလည်း မရှိဘူး။ တည်ငြိမ်ခြင်းလည်း မရှိဘူး။ အာဏာကို လက်နက်အားကိုးနဲ့ အပြန်အလှန် လုနေကြရင်း အလောင်းဘုရား တည်ထောင်ခဲ့တဲ့ နိုင်ငံတော်ကြီးဟာ လုံးပါး ပါးသွားတာကိုသာ ကျွန်တော်တို့ တွေ့ခဲ့ကြရပါတယ်။

ဤဗမာရာဇဝင်ရဲ့ သက်သေ သာဓကကြီးများကို ကြည့်ခြင်းအားဖြင့် လက်နက်အားကိုးနဲ့ သိမ်းခဲ့တဲ့ အာဏာဟာ သိမ်းတဲ့လူရဲ့ တစ်လက်ထက်၊ အလွန်ဆုံး သားတော်ရဲ့ လက်ထက်အထိ နှစ်လက်ထက်လောက်သာ ခံတယ်။ တာရှည်မခံဘူး။ အာဏာသိမ်းတဲ့ ပုဂ္ဂိုလ် အနိစ္စရောက်တာနဲ့ တစ်ပြိုင်နက် နိုင်ငံတွင်းမှာ လက်နက်အားကိုးနဲ့ အာဏာလုမှုတွေ မှိုလိုပေါက်လာပြီး နိုင်ငံတော်ကြီးဟာ လုံးပါး ပါးသွားရတယ် ဆိုတာတွေကို အင်မတန် ထင်ထင်ရှားရှားကြီး တွေ့နိုင်ကြပါတယ်။

ယခု ပြောခဲ့တဲ့ စကားတွေဟာ ရှေးအခါကထက် အခုနေအခါ

mgyoe.com

မှာ ပိုပြီး မှန်မယ်ဆိုတာကို ဥက္ကဋ္ဌကြီးရဲ့ အခွင့်အရ ဤလွှတ်တော်ကြီးကို ကျွန်တော် ရှင်းပြပါရစေ။

အခု ပြည်ထောင်စုကြီးအတွင်းမှာ သေနတ်အားကိုးနဲ့ အာဏာသိမ်းဖို့ ကြိုးပမ်းနေကြတဲ့ လူတွေဟာ ပြည်သူ့ရဲဘော်ဖြူတွေ၊ ကွန်မြူနစ်တွေ၊ ကေအင်ဒီအို၊ အမ်အင်ဒီအိုတွေ ဖြစ်ကြတယ်။ ဒီအဖွဲ့တွေဟာ အချင်းချင်း ဗိုလ်လုချင်တဲ့စိတ်တွေ ရှိနေကြတာက တစ်ကြောင်း၊ အတွေးအခေါ် အယူအဆချင်းကလည်း ကွဲလွဲနေကြတာက တစ်ကြောင်း၊ တစ်ဦးအပေါ်ကို တစ်ဦး မယုံကြည်ကြသည်ကလည်း တစ်ကြောင်း၊ ဒီအကြောင်းတွေကြောင့် ဘယ်မူတွေနဲ့ပဲဖြစ်ဖြစ်၊ ဘယ်လုပ်ငန်းစဉ်တွေနဲ့ပဲဖြစ်ဖြစ်၊ ဘယ်နည်း ပရိယာယ်တွေနဲ့ပဲဖြစ်ဖြစ် စေ့စပ်ကြပေမဲ့ ညီညွတ်အောင် စေ့စပ်ဖို့ ဘယ်နည်းနဲ့မှ မရပါဘူး။ ဒီတစ်နေရာမှာ ညီညွတ်ရင် ဟိုတစ်နေရာမှာ ကွဲမှာပဲ။ အခုညီညွတ်ကြရင် တော်တော်ကြာ ကွဲမှာပဲ။

ဒီတော့ ကွန်မြူနစ်၊ ပြည်သူ့ ရဲဘော်ဖြူ၊ ကေအင်ဒီအို၊ အမ်အင်ဒီအိုတွေရှိတဲ့အနက် တစ်ဦးဦးက စကားဥပမာအားဖြင့် အာဏာသိမ်းလိုက်တယ်ဆိုကြပါစို့။ ကျန်တဲ့ သုံးဦးက လက်ပိုက်ကြည့်နေမှာတဲ့လား။ ဒါက ဆူပူသောင်းကျန်းနေတဲ့ အဖွဲ့တွေအတွက်ကိုသာ ပြောသေးတာ၊ ဒီမိုကရေစီ စည်းဝိုင်းအတွင်းမှာ ယနေ့ထက်တိုင် ရှိနေသေးတဲ့ အဖွဲ့အစည်းတွေကိုလည်း ကျွန်တော်တို့ ထည့်တွက်ကြရဦးမယ်။ ဒီအဖွဲ့အစည်းတွေက ဆူပူသောင်းကျန်းခြင်း မလုပ်ကြတာနဲ့ ဒီလူတွေဟာ ဘာမှ မတတ်နိုင်ပါဘူးလို့ မထင်ကြနဲ့။ ထင်ရင် မှားလိမ့်မယ်။ လက်ရုံးရည်မှာရော၊ နှလုံးရည်မှာရော၊ လူအင်အား၊ လက်နက် အင်အားမှာရော ဒီလူတွေဟာ ဆူပူသောင်းကျန်းနေတဲ့ မောင်သောင်းကျန်းတွေထက် မသာရင်သာ ရှိရမယ် ဘယ်နည်းနဲ့ မလျော့ဘူး။ ဥပမာ–ဆိုရှယ်လစ်တွေရှိတယ်။ မောင်သောင်းကျန်းတွေထဲက တစ်ဦးဦးက အာဏာသိမ်းတယ်ဆိုရင် သူတို့ကရော လက်ပိုက်ကြည့်နေမှာတဲ့လား။ ကရင်နီ (ကယား) တွေ၊ ရှမ်းတွေ၊ ကချင်တွေ၊ ချင်းတွေကရော လက်ပိုက်ကြည့်နေမှာတဲ့လား။ အဖွဲ့အစည်းရယ်၊ ဘာရယ်၊ ညာရယ်တော့ မရှိသေးပေမဲ့ ဒီမိုကရေစီကို နှစ်နှစ်ကာကာ သက်ဝင်ယုံကြည်နေတဲ့ လူထုကကော လက်ပိုက်ကြည့်နေမှာတဲ့လား။

mgyoe.com

mgyoe.com

နောက်ပြီးတော့ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုကြီးအတွင်းမှာ နိုင်ငံရေးအရ အားဖြင့်လည်းကောင်း၊ လူမျိုးရေးအရ အားဖြင့်လည်းကောင်း အမျိုးမျိုးအဖုံဖုံ ရှိနေတဲ့အတွက်ကြောင့်လည်း တစ်ကမ္ဘာလုံးမှာ ဒီမိုကရေစီ ကွယ်ပျောက်သွားရင်တောင်မှ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုထဲမှာ ဒီမိုကရေစီ တည်ရမှာယ်။ တည်အောင် လုပ်ရမယ်။ ကျွန်တော်တို့ ပြည်ထောင်စုကြီးရဲ့ အခြေအနေအရ ကျွန်တော်တို့ရဲ့ ပြဿနာတွေကို သေနတ်နဲ့ ဖြေရှင်းရင် မှားမယ်။ သေနတ်အားကိုးနဲ့ ဖြေရှင်းသ၍ ကျွန်တော်တို့ရဲ့ ပြဿနာတွေဟာ ပြေရှင်းခြင်းမရှိဘဲ ကျွန်ပြန်ဖြစ်ကြရတဲ့အထိ ပိုမိုရှုပ်ထွေး သွားလိမ့်မယ်။ ဒါကြောင့် "ဒီမိုကရေစီ၊ ဒီမိုကရေစီ" လို့ အမြဲတမ်း အော်ဟစ်နေရတာဟာ သူများအော်လို့ ရမ်းအော်နေရာ မဟုတ်ဘူး။ ဒီ အကြောင်းတွေကြောင့် ဖြစ်တယ်ဆိုတာကို ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ဤလွှတ်တော်ကို ကျွန်တော် ရှင်းပြရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ဤလွှတ်တော်မှ တစ်ဆင့် ပြည်ထောင်စုအတွင်းမှာရှိတဲ့ လူထုကြီးတစ်ရပ်လုံးကို ကျွန်တော် သတိပေးပါရစေ။

အခုတိုက်နေကြတာဟာ နိုင်ငံရေးသမားအချင်းချင်း အာဏာလုနေ ကြတာ လူထုက ကျွဲနှစ်ကောင် စပ်ကြားက မြေဇာပင်လို ဖြစ်နေတယ် ဆိုတဲ့ အသံကို တိုင်းပြည်မှာ တော်တော်ကြီး လွှင့်နေကြတယ်။ တချို့ ကလည်း ဒီအသံကို အဟုတ်ကြီးထင်ပြီး သံယောင်လိုက်နေကြတယ်။ အမှန်စင်စစ် ပြောရရင် ပြည်ထောင်စုကြီးရဲ့ သေရေး၊ ရှင်ရေးဟာ အခု တိုက်ပွဲကြီးရဲ့ အဖြေပေါ်မှာ တည်နေတယ်။ အကယ်၍ သေနတ်အားကိုး နဲ့ အာဏာသိမ်းတဲ့ စနစ်ကြီးက အောင်မြင်သွားမယ်ဆိုရင် ကလေးတွေ ပျင်းတိုင်း စိန်ပြေးတမ်းထပြီး ကစားကြတာလို၊ ပြည်ထောင်စုထဲမှာ နိုင်ငံ ရေးသမားတွေဟာ အလုပ်မရှိတိုင်း သေနတ်အားကိုးနဲ့ အာဏာလုတမ်း ကစားနေကြမှာပဲ။

ဒီလို အခါမျိုးမှာဆိုရင် လူတွေဟာ သွားလည်း သေနတ်ကြီးတွေ ကိုင်လို့၊ စားလည်း သေနတ်ကြီးတွေ ကိုင်လို့၊ အိပ်လည်း သေနတ်ကြီး တွေကိုင်လို့ ဒီလို လောကကြီးမျိုးထက် ပိုပြီး စက်ဆုပ်စရာကောင်းတဲ့ လောကကြီးမျိုးရှိနိုင်ပါဦးတော့မလား။ ဒီလို စက်ဆုပ်စရာကောင်းတဲ့

mgyoe.com

လောကကြီးထဲမှာ ဘတပြန်၊ ကျားတပြန် မင်းမူကြရင်း ပြည်ထောင်စုကြီး လည်း တဖြည်းဖြည်း လုံးပါး ပါးပြီး နောက်ဆုံးမှာ ကျွန်ပြန်ဖြစ်ရမှာပဲ။

ဒီအဖြစ်အပျက်မျိုးတွေ မဖြစ်ကြရအောင် ကျွန်တော်တို့ဟာ ဓွဲ ကောင်းကောင်းနဲ့ တိုက်နေကြရတာပါ။ နှစ်ပေါင်း နှစ်ထောင်ကျော်မျှ ရှည်လျားတဲ့ ဗမာ့ရာဇဝင် တစ်လျှောက်လုံးမှာ မြန်မာနိုင်ငံတော်ကြီးဟာ အစိတ်စိတ်အမြွှာမြွှာကွဲ၊ ဖရိုဖရဲဖြစ် နောက်ဆုံး ကျွန်ပွဲဝင်ပြီး ဇာတ်သိမ်း ခဲ့ရသလို ပြည်ထောင်စုကြီးဟာလည်း ကျွန်ပွဲဝင်ပြီး ဇာတ်သိမ်းခြင်း မဖြစ် ရလေအောင် ကျွန်တော်တို့ သဲသဲမဲမဲ ဓွဲကောင်းကောင်းနဲ့ တိုက်နေကြရ တာပါ။

ဘာမှ အဓိပ္ပာယ်မရှိတဲ့ အာဏာတွေအတွက် တိုက်ရပါတယ်ဆိုရင် နွားနဲ့ အရူးတို့သာ မက်လိုတဲ့ ရာထူးတွေအတွက် တိုက်ရပါတယ်ဆိုရင် တစ်လနေလို့မှ တစ်ခါ စိတ်ချမ်းသာရာ မရတဲ့ ဒီဇာတ်ရုပ်ကြီးနဲ့ သွား လည်း သေနတ်ကြီးတွေ တစ်ကိုင်ကိုင်၊ စားလည်း သေနတ်ကြီးတွေ တစ်ကိုင်ကိုင်၊ အိပ်လည်း သေနတ်ကြီးတွေ တစ်ကိုင်ကိုင် ဖြစ်နေရတဲ့ ဘဝဆိုးကြီးမျိုးကို ကျွန်တော်တို့ဟာ တစ်နာရီတောင် သည်းခံနိုင်ကြမယ် မဟုတ်ပါဘူး။ လွတ်ရာ၊ ကျွတ်ရာကို ထွက်သွားတာ ကြာလှပါပြီ။

ဒါကြောင့်မို့လို လူထုကြီး တစ်ရပ်လုံးကလည်း လူများယောင်တိုင်း သံယောင် မလိုက်ကြဘဲ နောင်လာ နောက်သားတွေရဲ့ သေရေး၊ ရှင်ရေး ကြီးကို ဆုံးဖြတ်ပေးမဲ့ ဤတိုက်ပွဲကြီးမှာ ဒီမိုကရေစီ အနိုင်ရအောင် ဝိုင်းဝန်း ကူညီကြရန် လေးနက်စွာ တိုက်တွန်းလိုက်ပါတယ်။

❐

mgyoe.com

mgyoe.com

## ၈။ တစ်နှစ်အတွင်း ငြိမ်းချမ်းရေး

### ၁၉၄၉ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်၊ အာဇာနည်နေ့ မိန့်ခွန်း

ဒီနေ့ဟာ ကျွန်တော်တို့ရဲ့ ဗိုလ်ချုပ်နဲ့ ခေါင်းဆောင်ကြီးအချို့ ကျဆုံးကြတဲ့ ဒုတိယ နှစ်ပတ်လည်နေ့ ဖြစ်ပါတယ်။ ဒီနေ့မှာ အခြားအရာများထက် အချက်ကြီး သုံးချက်ဟာ ကျွန်တော်တို့ ရှေ့မှာ မားမားမတ်မတ်ကြီး ပေါ်ပေါက်နေပါတယ်။ ဒီအချက်ကြီး သုံးချက်ဟာ (၁) တိုင်းရင်းသား စည်းလုံးရေး၊ (၂) တိုင်းရင်းသား အူမတောင့်တင်းရေး၊ (၃) တိုင်းရင်းသား သန့်ရှင်းစင်ကြယ်ရေးတို့ပင် ဖြစ်ကြသည်။

ပထမအချက်ဖြစ်တဲ့ တိုင်းရင်းသား စည်းလုံးရေးနဲ့ ပတ်သက်ပြီး ဘယ်လောက် အရေးကြီးတယ်ဆိုတာကို ကျွန်တော်တို့ ကြိမ်ဖန်များစွာ ပြောပြခဲ့ပြီးပါပြီ။ အခုအခါ အခွင့်ကောင်းတစ်ခု ရရှိတဲ့အတွက် တိုင်းရင်းသား စည်းလုံးရေးရဲ့ အရေးကြီးပုံကို ထပ်ပြီး ပြောလိုပါသေးတယ်။

အခုအခါ ပြည်ထောင်စုအတွင်းမှာ ကျရောက်နေတဲ့ ပြည်ဖျက်ရောဂါဆိုးကြီးဟာ ကျွန်တော်တို့ရဲ့ နှစ်ပေါင်း နှစ်ထောင်ကျော် ရာဇဝင်အတွင်းမှာ အကြီးဆုံး ရောဂါဆိုးကြီးတစ်ရပ် ဖြစ်တယ်လို့ဆိုရင် မမှားနိုင်ဘူး။ ဒီလောက် ကြောက်မက်ဖွယ်ကောင်းတဲ့ ရောဂါဆိုးကြီး ကျရောက်နေတဲ့အထဲက အခုလက်ငင်း အခြေအနေအထိ ပြည်ထောင်စုကြီး နာလန်ထူလာနိုင်တဲ့ အကြောင်းကြီးသုံးလေးခုထဲမှာ တိုင်းရင်းသား စည်းလုံးရေးဟာ မားမားမတ်မတ်ကြီး ပါဝင်ခဲ့ပါတယ်။

mgyoe.com

mgyoe.com


ကျွန်တော်ပြောတဲ့စကား မှန်မမှန်ကို ချိန်ထိုးကြည့်ရအောင်။ ယခု လက်ငင်း ဖြစ်ပျက်နေတဲ့ အခြေအနေမျိုးမှာ ရှမ်းတွေ၊ ချင်းတွေ၊ ကချင်တွေ၊ ကရင်နီ (ကယား) တွေ ပြည်ထောင်စုကြီးနဲ့ ဖက်ပြီး လိုက်နေကြလို့သာ ဒီလောက်ကြီးကျယ်တဲ့ ဘေးအန္တရာယ်တွေကို ကြံ့ကြံ့ကြီး တွန်းလှန်နိုင်ခဲ့ခြင်း ဖြစ်တယ်။

ပင်လယ်ထဲမှာ လှိုင်းလေတွေ တစ်ဝုန်းဝုန်း တစ်ဒိုင်းဒိုင်း တိုက်နေတုန်း ဝါးဖောင်ထဲက ဝါးလုံးတွေကို ဖွဲ့ထုတ်ရင် ဘယ်လိုနေမလဲ။ အသည်းအသန် ဖျားနေတဲ့ လူမမာမှာ ကျောက်ကပ်ရောဂါကလည်း ထပြန်၊ အဆုတ်ကလည်း ရောင်ပြန်ဆိုရင် ဘယ်လိုနေမလဲ။

တောင်တန်းသားတွေဟာ အင်မတန် ရိုးတယ်။ အေးအေးဆေးဆေး နေချင်ကြတယ်။ ဗမာတွေထက် အနောက်နိုင်ငံသားတွေနဲ့ပိုပြီး ပေါင်းသင်းဆက်ဆံခဲ့ဖူးကြတယ်ဆိုတဲ့ အချက်တွေကို ကျွန်တော်တို့ မေ့ပစ်လို့ မဖြစ်ဘူး။ ဒါတွေတင်မကသေးဘူး တောင်တန်းဒေသတွေမှာ မတူးဖော်ရသေးတဲ့ အဖိုးအနဂ္ဃထိုက်တန်တဲ့ သတ္တုတွင်းတွေ၊ မထွန်မယက်ရသေးတဲ့ မြေရိုင်းတွေ၊ သစ်တောတွေ အမြောက်အမြား ရှိတယ်။ အရေးဆိုရင် တကယ်အားကိုးရတဲ့၊ လက်ရုံးရည်နဲ့ ပြည့်စုံကြတဲ့ အင်အားစုတွေ အမြောက်အမြား ရှိတယ်ဆိုတာတွေကိုလည်း ကျွန်တော်တို့ မေ့ပစ်လို့ မဖြစ်နိုင်ဘူး။ ဒီအချက်တွေထက် ပိုပြီး အရေးတကြီး မှတ်ထားရမယ့် အချက်တစ်ခုကတော့ တခြားဟာ မဟုတ်ဘူး။ ပြည်ထောင်စုသားများ စည်းလုံးနေသရွေ့ ကာလပတ်လုံး ပြည်ထောင်စုကြီးဟာ တည်မြဲနေမယ်။ ဒီကနေ့ ကွဲကြအက်ကြပြီး ခွဲထွက်ကြလျှင် ဒီကနေ့ပဲ လွတ်လပ်ရေးကြီး ဆုံးရှုံးဖို့ စလုံးရေ စလိုက်တဲ့ နေ့ပဲလို့ဆိုတဲ့ အချက်ပင် ဖြစ်တယ်။

ဒီအချက်တွေကို ကျွန်တော်တို့ ခင်ဗျားတို့တစ်တွေကသာ အမှုမဲ့၊ အမှတ်မဲ့နေကြတာ ကျွန်တော်တို့ လွတ်လပ်ရေးရဲ့ ရန်သူကြီးငယ်တွေကတော့ စားလည်း ဒီအချက်ကိုပဲ တွေးပြီး စားနေကြတယ်။ သွားလည်း ဒီအချက်တွေကိုပဲ တွေးပြီး သွားနေကြတယ်။ အိပ်လည်း ဒီအချက်တွေကိုပဲ တွေးပြီး အိပ်နေကြတယ်။

*-----------------------------------

mgyoe.com

mgyoe.com

ဒီတော့ တောင်တန်းသားတွေ ပြည်ထောင်စုက ခွဲမထွက်နိုင်ပါဘူး ဆိုတဲ့ စကားကိုတော့ မပြောကြနဲ့။ လူကိုယ်တိုင်က မတတ်နိုင်ဘူးဆိုဦး လက်ဖက်ထုပ်က တတ်တယ်။

ဒီအချက်တွေထဲမှာ တော်တော်အရေးကြီးတဲ့ အချက်တစ်ချက်ကတော့ တခြားဟာမဟုတ်ဘူး။ ဗမာတွေနဲ့ ပေါင်းတဲ့နေ့ကစပြီး အေးအေးဆေးဆေးနေချင်ကြတဲ့ တောင်တန်းသားတွေဟာ တစ်ခါမှ အေးအေးမနေခဲ့ကြရဘူး။ တရုတ်ပြဇာတ်ကို ကြည့်ရသလို ပြည်ထောင်စုကြီး ပျက်စီးအောင် လုပ်တဲ့နေရာမှာ သူထက်သူ လူစွမ်းကောင်းတွေကိုသာ တောင်တန်းသားတွေက တွေ့နေရတယ်။

ဒီလို တစ်ဖက်က စိတ်ပျက်စရာတွေ အခြားတစ်ဖက်က လက်ယပ် ခေါ်နေတာတွေနဲ့ ရင်ဆိုင်တွေ့နေပေမယ့်လည်း ပြည်ထောင်စုကြီး ရေတိမ်နစ်မလို ဖြစ်နေတဲ့အခါမှာ ချင်းတွေ၊ ကချင်တွေ၊ ရှမ်းတွေ၊ ကရင်နီ (ကယား) တွေဟာ ငုတ်မိသဲတိုင် တက်နိုင်ဖျားရောက် ဆိုတဲ့ခွဲနဲ့၊ ကျောက်စာတိုင်ကဲ့သို့ ခိုင်ခံ့တဲ့သစ္စာနဲ့ ပြည်ထောင်စုကြီးကို ဖက်ထားခဲ့ကြတယ်။ သောင်းကျန်းသူတွေ နိုင်မလိုလို ဖြစ်နေတဲ့အခါ သောင်းကျန်းတဲ့ဘက်ကို ပြေးကပ်၊ အစိုးရ နိုင်မလိုလို ဖြစ်နေတဲ့အခါ အစိုးရဘက်ကို ပြေးကပ်တဲ့ မှောက်ချည်လှန်ချည်သမားတွေ၊ အချောင်သမားတွေ၊ ဖိုးလင်းနို့တွေ မှိုပေါက်သလိုပေါတဲ့ အချိန်အခါမျိုးမှာ ဒီ ချင်းတွေ၊ ကချင်တွေ၊ ရှမ်းတွေ၊ ကရင်နီ (ကယား) တွေဟာ လက်ဖဝါးလို မကျင့်ဘဲ ခြေဖဝါးလို ဖြောင့်မှန်တည့်မတ်စွာ ကျင့်ခဲ့တာကို ကျွန်တော်တို့ တွေ့ခဲ့ကြရတယ်။

တိုင်းရင်းသား စည်းလုံးရေးဆိုတာ တခြားဟာမဟုတ်ဘူး။ -- ဒီတိုင်းရင်းသား စည်းလုံးရေးကို တည်ဆောက်ခဲ့တဲ့ အုတ်မြစ်ကြီးကို ကျွန်တော်တို့ရဲ့ ဗိုလ်ချုပ်ဟာ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ ကျင်းပခဲ့တဲ့ ပင်လုံညီလာခံပွဲမှာ အုတ်မြစ်ချခဲ့တယ်။

ကမ္ဘာ့ရာဇဝင် တစ်ခုလုံးကို ကြည့်မယ်ဆိုရင် တိုင်းရင်းသား စည်းလုံးရေးကို ဒီလို သွေးထွက်သံယို မရှိဘဲ ရခဲ့တဲ့အဖြစ်အပျက်မျိုးဟာ မရှိသလောက်ဘဲ ရှားပါတယ်။ ဒီလို မရှိသလောက်ရှားတဲ့ အဖြစ်အပျက်မျိုးကို ဖြစ်အောင် လုပ်ခဲ့နိုင်တာဟာ တခြားကြောင့် မဟုတ်ပါဘူး။

mgyoe.com

mgwee.com


ဗိုလ်ချုပ်ရဲ့တိုးလျှိုးပေါက် မြင်နေရလောက်အောင် ကြည်လင်နေတဲ့စေတနာ၊ ပြည်ထောင်စုတစ်ခုလုံးကို ခြုံနိုင်အောင် ကြီးမားတဲ့သဘောထား၊ နှစ်ပေါင်းများစွာ ကြိုပြီးလှမ်းကြည့်နိုင်တဲ့ အမြော်အမြင်တွေကြောင့်ပဲ ဖြစ်တယ်။

ယခုလို အခွင့်ရတဲ့အခါမျိုးမှာ ဗိုလ်ချုပ်ရဲ့ ဒီစေတနာ၊ ဒီသဘောထား၊ ဒီအမြော်အမြင်ဆိုတဲ့ ဂုဏ်ထူး ဝိသေသတွေကို ကျွန်တော်တို့ လေးစားစွာ ဦးညွတ်လိုက်ပါတယ်။ ဗိုလ်ချုပ်ကို လေးစားတဲ့လူတွေ အနေနဲ့ ဗိုလ်ချုပ်တည်ဆောက်သွားခဲ့တဲ့ တိုင်းရင်းသားစည်းလုံးရေး အုတ်မြစ်ကြီးကို ခိုင်ခဲ့သည်ထက် ခိုင်ခဲ့အောင် ကြိုးပမ်းရပါမယ်။ ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကရင်နီ (ကယား)၊ မွန်၊ ဗမာ၊ ရခိုင် အစရှိတဲ့ တိုင်းရင်းသူ၊ တိုင်းရင်းသားအားလုံးရဲ့ ယုံကြည်အားကိုးမှု ရရှိနိုင်ရေးအတွက် ကျွန်တော်တို့ရဲ့ စေတနာတွေကိုလည်း ဗိုလ်ချုပ်ရဲ့စေတနာလို တိုးလျှိုးပေါက်မြင်နိုင်အောင် ကြိုးပမ်းကြရမယ်။ ကျွန်တော်တို့ရဲ့ သဘောထားတွေကလည်း ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကရင်နီ (ကယား)၊ မွန်၊ ဗမာ၊ ရခိုင်အစရှိတဲ့ တိုင်းရင်းသူ၊ တိုင်းရင်းသားအားလုံးကို ခြုံမိအောင် ကြီးမားဖို့ ကြိုးပမ်းကြရလိမ့်မယ်။ နောက်ကို ပြန်ပြန်ကြည့်မနေကြဘဲ ရှေ့ကိုသာ နှစ်ပေါင်းတစ်ရာ၊ နှစ်ရာ မျှော်ကြည့်နိုင်အောင် ကျွန်တော်တို့ရဲ့ အမြော်အမြင်တွေ ကြီးမားလာဖို့ ကြိုးပမ်းကြရမယ်။

ဒီနေ့မှာ တခြားအရာတွေထက် မားမားမတ်မတ် ပိုမိုပေါ်လွင်နေတဲ့ အချက်ကြီးသုံးချက်အနက်၊ ဒုတိယအချက်ကတော့ တိုင်းရင်းသား အူမ တောင့်တင်းရေး ဖြစ်တယ်။ အူမတောင့်မှ သီလစောင့်နိုင်မယ်။ ဒီတော့ အူမတောင့်ဖို့ ကိစ္စဟာ လူတိုင်းရဲ့ အရေးအကြီးဆုံးကိစ္စပဲ။ ဒါကြောင့် ဗိုလ်ချုပ်ကိုယ်တိုင် ဒီကိစ္စကို လေးလေးနက်နက် ဆောင်ရွက်ခဲ့ပါတယ်။

ဆိုရှယ်လစ်လာ စီမံကိန်းတွေဆိုရင် ပြည်ထောင်စုအတွင်းမှာ စီးပွားရေး လိုက်စားတဲ့ လူတိုင်း ကောင်းကောင်း သိပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုကြီးဟာ လယ်ယာဘက်မှာရော၊ သစ်ဝါးဘက်မှာရော၊ သတ္တုဘက်မှာရော ကုံလုံကြွယ်ဝချမ်းသာတဲ့ နိုင်ငံဖြစ်တဲ့အတွက် ငြိမ်းချမ်းရေးကိုသာရလို့ ဒီပစ္စည်းတွေကို ဒီစီမံကိန်းတွေနဲ့ စီမံခန့်ခွဲလိုက်ရရင် ပြည်

mgwee.com

mgyoe.com


ထောင်စုအတွင်းမှာ ပဒေသာပင်ကြီး အပုတ်ကို ပေါက်လာနိုင်ပါတယ်။ ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေတယ်လို့ စွပ်စွဲရင်လည်း ခံရတော့မယ်။ ကျွန်တော်တို့နိုင်ငံလို နိုင်ငံမျိုး ကမ္ဘာပေါ်မှာ အင်မတန် ရှားပါတယ်။ တချို့နိုင်ငံမှာ သဘာဝပစ္စည်းတွေ ပေါများပါရဲ့၊ ဒါပေမဲ့ နိုင်ငံသူ နိုင်ငံသားတွေအတွက် အင်မတန် များနေတတ်တယ်။ တချို့နိုင်ငံကျတော့လည်း သဘာဝပစ္စည်းဆိုလို့ တယ်မရှိရှာဘူး။ မရှိတဲ့အပြင် နိုင်ငံသူနိုင်ငံသားတွေကလည်း အဆမတန် များနေတတ်တယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုမှာတော့ နိုင်ငံကြီးကလည်း ကျယ်တယ်။ သဘာဝပစ္စည်းတွေကလည်း ပေါတယ်။ လူဦးရေကျပြန်တော့ အဆမတန် နည်းနေတယ်။ ဒါကြောင့် ဆူပူသောင်းကျန်းမှုတွေ မရှိဘဲ အေးအေးချမ်းချမ်းနဲ့သာ အလုပ်လုပ်ရတယ်ဆိုရင် ပြည်ထောင်စုတွင်းမှာ ပဒေသာပင်ပေါက်ရမယ်။

ကျွန်တော်တို့ နိုင်ငံသူ၊ နိုင်ငံသားတွေ အူမတောင့်ဖို့အတွက် ဟိုနိုင်ငံ၊ ဒီနိုင်ငံကနည်းတွေကို ယူလာဖို့ မလိုပါဘူး။ စတာလင်ရဲ့နည်းဟာ ဆိုဗီယက်ရုရှားမှာကောင်းပေမဲ့ ကျွန်တော်တို့ ပြည်ထောင်စုမှာ ကောင်းချင်မှ ကောင်းမယ်။ မော်စီတုန်းရဲ့နည်းဟာ တရုတ်ပြည်မှာ ကောင်းပေမယ့်၊ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုမှာ ကောင်းချင်မှကောင်းမယ်။ ဆိုဗီယက်ရုရှားမှာ သူ့အခြေအနေကို ကြည့်ပြီးတော့ စတာလင်က ပရိုလီတေးရီးယက်အာဏာရှင်စနစ်ကို သုံးတယ်။ တရုတ်ပြည်မှာ သူ့အခြေအနေကို ကြည့်ပြီးတော့ မော်စီတုန်းက ဒီမိုကရေစီသစ်စနစ်ကို သုံးတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုမှာလည်း ကျွန်တော်တို့ရဲ့အခြေအနေကို ကြည့်ပြီး ပြည်ထောင်စု ဒီမိုကရေစီစနစ်ကိုပဲ သုံးရမယ်။

ဒါပေမဲ့ ဗမာနိုင်ငံမှာရှိတဲ့ လက်ဝဲ သွေဖီရေးသမားတွေကတော့ ကိုယ့်နိုင်ငံရဲ့ အခြေအနေကို ဘာမှ မဆင်မခြင် မသုံးသပ်ကြဘူး။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက အမေရိကန် ကွန်မြူနစ် ဘရောင်းဒါးရဲ့ "ငြိမ်းချမ်းစွာ တိုးတက်ရေးဝါဒ" ကို မျက်စိမှိတ် လက်ခံပြီး၊ ကိုလိုနီနိုင်ငံများမှာ ရှိတဲ့ ကွန်မြူနစ်တွေဟာ အင်္ဂလိပ်၊ အမေရိကန်တွေဘက်က စစ်ကူတိုက်ကြတယ်။ စစ်ကြီးပြီးတော့ ဒီဝါဒဟာ မှားတယ်လို့ ကွန်မြူနစ်တွေကပဲ လူသိနတ်ကြား ဝေဖန်ကြပြီး ပရိုလီတေးရီးယက် အာဏာရှင်ဝါဒကို ပြန်သုံးကြတယ်။ မကြာမီ မော်စီတုန်းက ဒီမိုကရေစီသစ်ဝါဒကို ထုတ်တဲ့

mgyoe.com

mgyoe.com

အခါမှာ ဒီလက်ဝဲသွေဖီရေးသမားတွေဟာ ဒီမိုကရေစီသစ်ဝါဒကို လက်ခံကြပြီး၊ ဒီမိုကရေစီသစ် တပ်ပေါင်းစုဆိုတဲ့ ကြွေးကြော်သံတွေကို တွင်တွင်ကြီး အော်ဟစ်ကြပြန်တယ်။

ဒီလက်ဝဲသွေဖီရေးသမားတွေဟာက ဘာမှ မဟုတ်ဘူး။ စာအုပ်သစ် တစ်အုပ်ကို ဖတ်ပြီးတိုင်း နည်းသစ် တစ်မျိုးပြီးတစ်မျိုး တိုးနေတာပဲ။ ကိုယ့်နိုင်ငံရဲ့ အခြေအနေကိုတော့ မသုံးသပ်ကြဘူး။ သူတို့ဖတ်တဲ့စာအုပ်တွေထဲမှာ ပါတဲ့ နည်းသစ်တွေရဲ့ သဘောကိုလည်း ဂဃနဏ မလေ့လာဘူး။ စာအုပ်သစ်တွေ ဖတ်ပြီးတိုင်း လူထုကို လက်တည့်စမ်းနေရင်တော့ လူထု ဒုက္ခတွေ့မှာပဲ။

ဒီလက်ဝဲသွေဖီရေးသမားတွေရဲ့ အကြောင်းကိုပြောလို့၊ ရှေးစာတစ်ပုဒ်ထဲမှာပါတဲ့ အဓိပ္ပာယ်ကို ဂဃနဏ မသုံးသပ်ဘဲ အဂ္ဂိရတ် အရမ်းထိုးကြတဲ့ အဂ္ဂိရတ် အရူးတွေရဲ့အကြောင်းကို ကျွန်တော် ပြေးပြီး သတိရမိတယ်။

ရှေးရှေးတုန်းက အဂ္ဂိရတ်ရူး တစ်စုဟာ "ကြွက်များစွာ၊ နာနာဟိုင်းနှင့်ပျိုး၊ ကြွက်ပျော့ကော၊ ကေသရာ၊ ပဉ္စာနှုန်းသင့်တိုး၊ နဂါးဝန်းရံ၊ ပတ်ပြီးပြန်၊ ထပ်မံစွယ်စုံတိုး၊ ဟိုင်းမင်းပြန်ကြွ၊ ကုန်လေက၊ မူလဓာတ်ဖြစ်ရိုး၊ လှုလေတန်းလေ၊ ငါဆရာအမျှဝေ" ဆိုတဲ့ စာပုဒ်ကို တွေ့တယ်။ အဲဒီတော့ ဒီအဂ္ဂိရတ်ရူးတွေက ဒီစာကို ရွှေဖြစ်တဲ့ အဂ္ဂိရတ်စာလို့ ထင်ပြီး အဂ္ဂိရတ်ထိုးလိုက်ကြတာ အကုန်လုံး မွဲကုန်ကြတာပဲ။ အမှန်စင်စစ်ကတော့ ဒါဟာ ရွှေဖြစ်တဲ့ အဂ္ဂိရတ်စာ မဟုတ်ဘူး။ "ကြွက်များစွာ၊ နာနာဟိုင်းနှင့်ပျိုး" ဆိုတာက တခြားမဟုတ်ဘူး ကြွက်က ကြာသပတေးနံပဲကိုဆိုတာ၊ ဟိုင်းက ဗုဒ္ဓဟူးနံ ရေကိုဆိုတာ။ ဒီတော့ ကြွက်များစွာ နာနာဟိုင်းနှင်ပျိုးဆိုတာက ပဲများများကို ရေနဲ့စိမ်ပါလို့ဆိုတာ။ ကြွက်ပျော့ကော၊ ကေသရာ၊ ပဉ္စာနှုန်းသင့်တိုး" ဆိုတာမှာ၊ ကေသရာက ခြင်္သေ့၊ ခြင်္သေ့က အင်္ဂါနံဆိုတော့ ကောက်ညှင်းကိုဆိုတာ၊ ဒီတော့ "ကြွက်ပျော့ကော၊ ကေသရာ၊ ပဉ္စနှုန်းသင့်တိုး" ဆိုတာကပဲ ပျော့လာတဲ့အခါပဲက **တစ်ဆ** ကောက်ညှင်းကငါးဆ ရောပါတဲ့။ "နဂါးဝန်းရံ၊ ပတ်ပြီးပြန်၊ ထပ်မံစွယ်စုံတိုး" ဆိုတာမှာ နဂါးက စနေနံဆိုတော့ ထန်းရွက်ကို ယူ

mgyoe.com


တယ်၊ စွယ်စုံက ဆင်၊ ဆင်က ဗုဒ္ဓဟူးနံဆိုတော့ ဝါး (သို့မဟုတ်) နှီး ကို ယူတယ်။ ဒီတော့ နဂါးဝန်းရံ၊ ပတ်ပြီးပြန်၊ ထပ်မံစွယ်စုံတိုးဆိုတာ ပဲတစ်ဆ ကောက်ညှင်းငါးဆကို ထန်းရွက်နဲ့ပတ်ပြီး နှီးနဲ့ချည်ပါလို့ဆိုတာ။ "ဟိုင်းမင်းပြန်ကြွ၊ ကုန်လေကာ၊ မူလဓာတ်ဖြစ်ရိုး"ဆိုတာမှာ ဟိုင်းကဆင်။ ဆင်က ဗုဒ္ဓဟူးနံဆိုတော့ ရေကိုယူ၊ ဒီတော့ ဟိုင်းမြင်းပြန်ကြွ၊ ကုန်လေကာ၊ မူလဓာတ်ဖြစ်ရိုးဆိုတာ တခြားမဟုတ်ဘူး ရေခန်းရင် ဒီကောက်ညှင်း ထုပ်ဟာ ကျက်ပြီတဲ့။ ဒီအခါမှာ ဒီကောက်ညှင်း ထုပ်ကို လှူပြီး ဒီစာကို ရေးတဲ့ ဆရာကိုလည်း အမျှအတန်းဝေပါတဲ့။

အဲဒီလို ကောက်ညှင်းထုပ်လုပ်နည်း ရေးထားတဲ့စာကို အဓိပ္ပာယ် မကောက်တတ်ဘဲ ရွှေဖြစ်၊ငွေဖြစ် အဂ္ဂိရတ်စာထင်ပြီး ထိုးကြတဲ့ အဂ္ဂိရတ် ရူးတွေဟာ ရှိသမျှ ဖြုန်းခါပြာခါကျပြီး မွဲကြသလို လက်ဝဲသွေဖီရေးသမား တွေဟာလည်း သူတို့ဖတ်တဲ့ စာအုပ်တွေထဲက နည်းပရိယာယ်တွေကို အဓိပ္ပာယ်ကောင်းကောင်း ပေါ်အောင်လည်း မလေ့လာ၊ ကိုယ့်တိုင်းပြည်ရဲ့ အခြေအနေကိုလည်း မသုံးသပ်ဘဲ စာအုပ်သစ်တစ်အုပ် ဖတ်ပြီးတိုင်း လူထုကို ထထပြီး လက်တည့်စမ်းနေကြတဲ့အတွက် အခုအခါမှာ တိုင်းပြည် နဲ့လူထုမှာ ဖွတ်ဖွတ်ကြေနေပြီ။ အဲဒါ ရပ်တန်းက မရပ်ကြဘဲ ရှေ့ကိုတိုးပြီး လက်တည့်စမ်းနေကြဦးမယ်၊ မိုက်နေကြဦးမယ်ဆိုရင်တော့ ပြည်ထောင်စု ကြီးဟာ ကျွန်ဝဲသြဃကြီးထဲမှာ စုံးစုံးမြုပ်မှာပဲ။

ဒီနေ့ ပြည်ထောင်စုသားတိုင်းအတွက် အရေးအကြီးဆုံး ကိစ္စက ကိုယ့်ကိုယ်ကိုယ် အူမတောင့်အောင် လုပ်ဖို့ပဲ။ တခြားကိစ္စတွေက ဘာပဲ ဖြစ်ဖြစ် ဒီကိစ္စလောက် အရေးမကြီးပါဘူး။ တစ်ကမ္ဘာလုံးမှာ ရှိတဲ့ နိုင်ငံ တွေကို ပြန်ကြည့်ပါ။ ဘယ်လောက်ကြီးတဲ့ နိုင်ငံပဲဖြစ်ဖြစ် တခြားကိစ္စ တွေထက် ကိုယ့်အူမတောင့်ဖို့ကိစ္စကို ရှေးဦးပထမ ထားပြီး လုပ်ကြတာပဲ။ ကမ္ဘာပေါ်မှာ အချမ်းသာဆုံးဆိုတဲ့ အမေရိကန်ပြည်ထောင်စုမှာ အဲဒီအတိုင်း ပဲ။ အင်္ဂလန်မှာလည်း ဒီအတိုင်းပဲ၊ ပြင်သစ်မှာလည်း ဒီအတိုင်းပဲ။ လက်ဝဲ သမားတွေ အမြတ်တနိုးထားကြတဲ့ ဆိုဗီယက် ရုရှားမှာလည်း ဒီအတိုင်းပဲ။

ဆိုဗီယက်၊ ရုရှားက ကိုယ့်အူမတောင့်အောင် လုပ်တဲ့နေရာမှာ အင်မတန် စိတ်ဝင်စားဖွယ်ကောင်းတဲ့ သင်ခန်းစာတွေကို တွေ့ရတယ်။

mgyoe.com

mgyoe.com


ရုရှားတော်လှန်ရေးကြီး ဖြစ်ပြီးတဲ့နောက် ထရော့စကီက တစ်ကမ္ဘာလုံးမှာလည်း တော်လှန်ရေးတွေ ပေါ်လာအောင် လုပ်ပေးချင်တယ်။ စတာလင်က ကိုယ့်အူမကို တောင့်တင်းအောင် အရင်လုပ်ချင်တယ်။ ကိုယ့်အူမမတောင့်ခင် အမေကျော် ဒွေးတော်လွမ်းတာကို သဘောမကျဘူး။ နောက်ဆုံး စတာလင်အနိုင်ရပြီး ထရော့စကီ ပြေးရတာပဲ။ ယနေ့အဖို့မှာဆိုရင် ရာဇဝင် အရ စတာလင်ရဲ့ တွက်ကိန်းဟာ မှန်တာကို တွေ့ရတယ်။

ဒါတင်မကသေးဘူး။ ကိုယ့်အူမတောင့်တင်းအောင် လုပ်တဲ့နေရာမှာ အကူအညီရဖို့အတွက် အင်္ဂလိပ်၊ အမေရိကန် အစရှိတဲ့ နိုင်ငံကြီးတွေကို ဆိုဗီယက်တို့ဟာ အခွင့်အရေးတွေ အတော်အတန် ပေးခဲ့ရတယ်။ “ဘာမှမပေးရင် ဘာမှမရဘူး” ဆိုတာကို ကျွန်တော်တို့ဆီက ကွန်မြူနစ်တွေက မသိပေမဲ့ ဆိုဗီယက်၊ ကွန်မြူနစ်တွေကတော့ ကောင်းကောင်းသိခဲ့ကြတယ်။ ဒါတင်မကသေးဘူး ကိုယ့်အူမ တောင့်တင်းဖို့အတွက် ဆိုဗီယက် ပြည်ထောင်စုသားတွေဟာ အဆင်းရဲအမျိုးမျိုးခံပြီး နေ့မနား၊ ညမနား၊ အဆောက်လုပ်ငန်းတွေကို တတ်နိုင်တဲ့ဘက်မှ တတ်စွမ်းသရွေ့ ဝိုင်းဝန်းပြီး လုပ်ကြတယ်။ ဆိုဗီယက်၊ ရုရှားရဲ့ ရာဇဝင်ကို ပြန်ပြီး ဖတ်ကြည့်ရင် ဒီသင်ခန်းစာကြီးတွေကို အထင်အရှား တွေ့နိုင်ကြပါတယ်။

အခုတော့ ဗမာနိုင်ငံမှာရှိတဲ့ လက်ဝဲသွေဖီရေးသမားတွေဟာ ကိုယ့်အူမ တောင့်တင်းအောင် ရှေးဦးစွာ မလုပ်သေးဘဲ အမေကျော် ဒွေးတော်လွမ်းနေကြတာကိုသာ တွေ့ရတယ်။ ဒီလူတွေကို စဉ်းစားလိုက်တိုင်း စစ်ဘုရင်ကစားပွဲကို ပြေးပြေးပြီး ကျွန်တော် မြင်မိတယ်။ စစ်ဘုရင် ခုံပေါ်မှာရှိတဲ့ မြင်းတို့၊ ဆင်တို့၊ ရထားတို့ ဆိုတာတွေဟာ ကိုယ်ဟာကိုယ် လှုပ်လို့မရဘူး။ သူတို့ကို ကစားနေတဲ့လူက လှုပ်ပေးမှ လှုပ်နိုင်ကြတယ်။ ကစားတဲ့လူတွေက သူလိုချင်တဲ့ အကွက်ကောင်းတစ်ခုရှိလို့ ထိုးကျွေးလိုက်ရင် ဒီအရုပ်တွေက အစားခံကြရတယ်။ မြန်မာနိုင်ငံ ကွန်မြူနစ် အမည်ခံ လက်ဝဲသွေဖီရေးသမားတွေဟာလည်း ဒီစစ်ဘုရင်ရုပ်တွေနဲ့ ဘာမှ မခြားဘူး။ သူတို့ရဲ့ ဒွေးတော်တွေက လှုပ်ဆိုမှ လှုပ်ကြတယ်။ ထိုးကျွေးဖို့ အကွက်ပေါ်လာရင်လည်း သူတို့ကိုယ်သူတို့ ဓားစာခံတွေ လုပ်လိုက်ကြတာပဲ။

mgyoe.com

mgyoe.com


ကွန်မြူနစ်ဝါဒကို အဟုတ်တကယ်သိပြီး ယုံကြည်ချင်ကြတယ် ဆိုရင် ယုံကြည်ကြပါ ကျွန်တော်တို့က လူတစ်ယောက်ရဲ့ လွတ်လပ်စွာ ယုံကြည်မှုကို မပိတ်ပင်လိုပါဘူး။ ဒါပေမဲ့ သူများယောင်လို့သာ ယောင် ရတယ် အမောင်တောင်မှန်း မြောက်မှန်း မသိတဲ့ဟာမျိုးကိုတော့ မကြိုက် ဘူး။ အင်မတန်မုန်းတယ်။ လူရင့်မကြီး ဖြစ်လျက်သားနဲ့ စစ်ဘုရင်ရုပ် ဖြစ်ရတာမျိုးကိုတော့ မကြိုက်ဘူး။ အင်မတန် ရွံ့တယ်။ ဒွေးတော်ချမ်းသာ ဖို့ အမေတစ်ယောက်လုံးကို သတ်ပြီး ကျွေးတာမျိုးကိုတော့ မကြိုက်ဘူး။ ပြင်းပြင်းထန်ထန်ကြီး စက်ဆုပ်တယ်။

နောက်တစ်ချက်ကတော့ တိုင်းရင်းသား သန့်ရှင်းရေးဆိုတဲ့ တတိယ အချက်ကြီးပင် ဖြစ်ပါတယ်။

ပြည်ထောင်စုအတွင်းမှာ ကျွန်တော်တို့ ဗိုလ်ချုပ်ရဲ့ ရန်သူလည်း ရှိပါတယ်။ မိတ်ဆွေလည်း ရှိပါတယ်။ ရန်သူပဲ ဖြစ်ဖြစ်၊ မိတ်ဆွေပဲ ဖြစ်ဖြစ်၊ ဗိုလ်ချုပ်ရဲ့ သန့်ရှင်းစင်ကြယ်မှုအပေါ်မှာ ဘယ်သူမှ သံသယ မရှိကြဘူးဆိုတာ ကျွန်တော် ပြောရဲတယ်။ ၁၉၃၄ ခုနှစ်လောက်ကစပြီး ကောလိပ်ကျောင်းမှာ ဗိုလ်ချုပ်ကို ကျွန်တော်သိခဲ့တယ်။

ကျောင်းသားလည်း ကျောင်းသားအလျောက် မသန့်ရှင်းတာတွေကို လုပ်ချင်ရင် လုပ်နိုင်တာပဲ။ အခု သူပုန်တွေဘက်မှာ လူတွင်ကျယ်လုပ်နေ ကြတဲ့ ခေါင်းဆောင်တချို့ဟာ ကျောင်းသားခေါင်းဆောင်ဘဝတုန်းက ကျောင်းသားရန်ပုံငွေတွေ အလွဲသုံးစား လုပ်ခဲ့ကြတာကို ကျောင်းသား ခပ်များများက အသိကြသားပဲ။ ပြီးတော့ ဂျပန်ခေတ်မှာ ဆိုရင်လည်း အာဏာရှိတဲ့ လူမသမာတွေအတွက် ရတနာပုံကြီး ဆိုက်တာပဲ။ ဘယ်သူ တွေဟာ ဘယ်လို ရတနာပုံဆိုက်ကြတယ်ဆိုတာကို ရပ်သိ၊ ရွာသိ တစ်ပြည် ထောင်လုံး အသိဖြစ်နေလို့ ကျွန်တော်အထူးပြောဖို့ မလိုပါဘူး။

ဗိုလ်ချုပ်ဟာ ကျောင်းသားခေါင်းဆောင်အနေနဲ့လည်း မှဲ့တစ်ပေါက် မစွန်းခဲ့ဘူး။ ဂျပန်လက်ထက်မှာ စစ်ခေါင်းဆောင်အဖြစ်နဲ့လည်း တစ်ပေါက် မစွန်းခဲ့ဘူး။ အင်္ဂလိပ်တွေ ပြန်ဝင်လာပြီး သူကျဆုံးတဲ့နေ့အထိ နိုင်ငံရေး ခေါင်းဆောင်းအဖြစ်နဲ့လည်း မှဲ့တစ်ပေါက် မစွန်းခဲ့ဘူး။ ဒီတော့ ဗိုလ်ချုပ် ကို တကယ်လေးစားကြတယ်ဆိုရင် ကျွန်တော်တို့တစ်တွေဟာ ဗိုလ်ချုပ်လို

mgyoe.com

သန့်ရှင်းအောင်နေနိုင်ကြဖို့ အထူးကြိုးစားကြရမယ်။ ယခုအခါ အစိုးရဘက်မှာဆိုရင် အုပ်ချုပ်ရေး အဖွဲ့တွေထဲမှာလည်း အပုပ်နံ့တွေ တစ်ထောင်းထောင်း၊ လက်နက်ကိုင် အဖွဲ့တွေမှာလည်း အပုပ်နံ့တွေတစ်ထောင်းထောင်း၊ နိုင်ငံရေးဘက်မှာဆိုရင်လည်း အဖွဲ့အစည်းတွေထဲမှာအပုပ်နံ့တွေတစ်ထောင်းထောင်း။

ယနေ့ ဗိုလ်ချုပ်သော အသက်ရှင်နေဦးမယ်ဆိုရင် ဒီအပုပ်နံ့ တစ်ထောင်းထောင်းနဲ့ ပြည့်နေတဲ့ အစိုးရဘက်မှာ ခေါင်းဆောင် လုပ်ရမှာ အင်မတန် ရှက်မှာပဲ။ အပုပ်နံ့ တစ်ထောင်းထောင်း ထနေတဲ့ နိုင်ငံရေးဘက်မှာ ခေါင်းဆောင်လုပ်ရမှာလည်း အင်မတန် ရှက်မှာပဲ။

ဒီတော့ ကျွန်တော်တို့ရဲ့ ကျေးဇူးရှင်၊ ကျွန်တော်တို့ရဲ့ ခေါင်းဆောင်၊ ကျွန်တော်တို့ရဲ့ ရဲဘော်ကြီးကို အဟုတ်တကယ် လေးစားကြတယ်ဆိုရင် အုပ်ချုပ်ရေးဘက်မှာရော၊ လက်နက်ကိုင် အဖွဲ့အစည်းတွေဘက်မှာရော၊ နိုင်ငံရေးဘက်မှာရော တစ်ထောင်းထောင်း ထနေတဲ့ ဒီအပုပ်နံ့ကြီးတွေကို နေ့ချင်းညချင်း ရှင်းလင်းသုတ်သင် ပစ်နိုင်အောင် ကျွန်တော်တို့ ကြိုးပမ်းကြရမယ်။

အခု ကျွန်တော်ပြောခဲ့တဲ့ တိုင်းရင်းသား စည်းလုံးရေး၊ တိုင်းရင်းသား အရှုမတောင့်တင်းရေး၊ တိုင်းရင်းသား သန့်ရှင်းရေးဆိုတဲ့ အချက်ကြီး သုံးချက်ကို ထိထိရောက်ရောက် လုပ်နိုင်ဖို့အတွက် ပြည်ထောင်စုအတွင်းမှာ ငြိမ်းချမ်းရေးကို အခြားအရာများထက် ပိုပြီးလိုတယ်။ တိုင်းရင်းသား စည်းလုံးရေးကို ထိထိရောက်ရောက် လုပ်နိုင်ဖို့ ဆိုရင်လည်း ငြိမ်းချမ်းရေးကို လိုတာပဲ။ တိုင်းရင်းသား အရှုမတောင့်တင်းရေးကို ထိထိရောက်ရောက် လုပ်နိုင်ဖို့ ဆိုရင်လည်း ငြိမ်းချမ်းရေးကို လိုတာပဲ။ တိုင်းရင်းသား သန့်ရှင်းရေးကို ထိထိရောက်ရောက် လုပ်နိုင်ဖို့ဆိုရင်လည်း ငြိမ်းချမ်းရေးကို လိုတာပဲ။ ငြိမ်းချမ်းရေးဟာ အရေးဟူသမျှတို့ရဲ့ ရေသောက်မြစ်ကြီး ဖြစ်တယ်။

*-----------------------------------

ကျွန်တော်တို့အတွက်ကတော့ အားလုံး အရေးတွေရဲ့ ရေသောက်မြစ်ကြီးဖြစ်တဲ့ ငြိမ်းချမ်းရေးကို တစ်နှစ်အတွင်းရဖို့ သန္နိဋ္ဌာန် ချပြီးပြီ။

mgyoe.com

mgyoe.com

တပြည်ထောင်စလုံးမှာ ရှိကြတဲ့ လှည်းနေ လှေအောင်း မြင်းဇောင်းမကျန် ရဟန်းရှင်လူ နိုင်ငံသူနိုင်ငံသား မှန်သမျှကလည်း "တစ်နှစ်အတွင်း ငြိမ်းချမ်းရေး ရရမယ်" လို့ သန္နိဋ္ဌာန်ချပြီး အပြင်းအထန် ကြိုးပမ်းကြဖို့ ကျွန်တော် လေးနက်စွာ တိုက်တွန်းလိုက်ပါတယ်။

❐

mgyoe.com

mgyoe.com

## ၉။ ငြိမ်းချမ်းရေးမှ တည်တံ့ ခိုင်မြဲရေးသို့

### ၁၉၅၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၉ ရက်၊ အာဇာနည်နေ့ မိန့်ခွန်း

မနှစ်က ဒီနေ့မှာ ဒီနေရာကနေပြီး "တစ်နှစ်အတွင်း ငြိမ်းချမ်းရေး ရရမယ်" လို့ ဖ၊ ဆ၊ ပ၊ လ အဖွဲ့ချုပ်နဲ့ နိုင်ငံတော်အစိုးရ အဖွဲ့တို့ရဲ့ ကိုယ်စား ကျွန်တော် ကြေညာခဲ့တယ်။ တစ်နှစ်စေ့တဲ့ ဒီကနေ့မှာ ဒီကြေညာချက်ကို ပြန်လည်သုံးသပ်ကြည့်လိုက်ရင် ရာခိုင်နှုန်းအပြည့် အမှန်သေးသည့်တိုင်အောင် ငြိမ်းချမ်း သာယာစွာ နေလိုကြတဲ့ ပြည်ထောင်စု နိုင်ငံသားတွေ အထူးကျေနပ်လောက်အောင် တစ်နှစ်အတွင်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကြီးဟာ ထမြောက် အောင်မြင်ခဲ့ကြတယ်ဆိုတာကို စိတ်ကောင်းရှိသူတိုင်း ဝန်ခံကြရလိမ့်မယ်။

ဒီကြေညာချက်ကို ကြေညာစဉ်အခါက လူတော်တော် ခပ်များများက ပျက်လုံးကောင်း တစ်ခုအနေနဲ့ ယူဆပြီး သရော်တော်တော် ပြောင်တောင်တောင် လုပ်ခဲ့ကြတယ်။ အမှန်စင်စစ် ပြောရရင် ဒီလို သရော်တော်တော် ပြောင်တောင်တောင် လုပ်တဲ့သူတွေကို ကျွန်တော်တို့က စိတ်ဆိုးစရာ မရှိပါဘူး။ ဟိုအချိန်အခါက ပြည်ထောင်စုအတွင်းမှာ ဖြစ်ပျက်နေတဲ့ အဖြစ်အပျက်တွေကို ကြည့်ပြီး "တစ်နှစ်အတွင်း ငြိမ်းချမ်းရေး ရရမယ်" ဆိုတဲ့ ကျွန်တော်တို့ရဲ့ ကြေညာချက်ကို ကြားရရင် ရယ်စလို ဖြစ်နေမှာ အမှန်ပဲ။ ဒါပေမဲ့ ပြည်ထောင်စုကြီးအတွက် အသက်ပေးပြီး စွန့်စားခဲ့ကြတဲ့ တပ်ပေါင်းစုံ လက်နက်အဖွဲ့သားတွေ၊ နေ့မအား၊ ညမအား

mgyoe.com

ကြိုးစားခဲ့ကြတဲ့ တစ်နှစ်အတွင်း ငြိမ်းချမ်းရေး အဖွဲ့ဝင်တွေ၊ သစ္စာရှိကြတဲ့ အစိုးရအမှုထမ်းတွေ၊ သောင်းကျန်းမှုမှန်ရင် ထောက်ထားခြင်းမရှိဘဲ ကလောင်နဲ့ ချေမှုန်းပစ်နေကြတဲ့ သတင်းစာ ဆရာတွေ၊ ဆူပူသောင်းကျန်းမှုတွေရဲ့ အမှားကိုမြင်ပြီး လက်နက်ချလာကြတဲ့ ဆူပူ သောင်းကျန်းသူတွေ အဲဒီလူတွေအားလုံးရဲ့ ကျေးဇူးကြောင့် တစ်နှစ်လောက်တုန်းက ရယ်စလို ဖြစ်ခဲ့ရတဲ့ "တစ်နှစ်အတွင်း ငြိမ်းချမ်းရေး ရရမယ်" ဆိုတဲ့ ကျွန်တော်တို့ရဲ့ ကြေညာချက်ဟာ ဒီနေ့မှာပင် ပြည်ထောင်စု နိုင်ငံသားများ ကျေနပ် အားရလောက်အောင်ကို အကောင်အထည် ပေါ်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒါကြောင့် အခုလို အခွင့်ရတဲ့အခါမှာ ဤလူထု အစည်းအဝေးကြီးက ငြိမ်းချမ်းရေးအတွက် စွန့်စားဆောင်ရွက်ခဲ့ကြတဲ့ ဤပုဂ္ဂိုလ်တွေကို ကျေးဇူးအထူးတင်ရှိကြောင်း မှတ်တမ်းတင်ထားဖို့ ကျွန်တော် တိုက်တွန်းလိုပါတယ်။

တစ်နှစ်အတွင်း ငြိမ်းချမ်းရေး ရရမယ်လို့ဆိုခဲ့တော့ ဒီကနေ့မှာ တစ်နှစ်တော့ စေ့သွားပြီ။ ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး ရှေ့ကို လုပ်စရာ အလုပ် မရှိတော့ဘူးလို့ တချို့ကလည်း ယူဆနေကြတယ်။ ဒီယူဆချက်ဟာ အင်မတန် အမြင်တိုတဲ့ ယူဆချက် ဖြစ်တယ်။ "တစ်နှစ်အတွင်း ငြိမ်းချမ်းရေး ရရမယ်" ဆိုတာဟာ တစ်နှစ်အတွင်းသာ ငြိမ်းချမ်းရေး လုပ်ငန်းကို လုပ်ရမယ်။ တစ်နှစ်ကျော်ရင် ငြိမ်းချမ်းရေးလုပ်ငန်း လုပ်စရာ မရှိတော့ဘူးလို့ ဆိုလိုတာမဟုတ်ဘူး။ ပြည်ထောင်စုကြီးအတွက် အင်မတန် အရေးကြီးနေတဲ့ ငြိမ်းချမ်းရေးကြီးကို အမြန်ဆုံးနည်းနဲ့ ရနိုင်အောင် အားသွန်ပြီး ကြိုးပမ်းဆောင်ရွက်ကြဖို့ ပြည်ထောင်စုသားတွေကို တပ်လှန့်ပြီး နှိုးတဲ့ အနေနဲ့သာ သုံးလိုက်ခြင်းဖြစ်တယ်။ မညီမျှမှုတွေ၊ လောဘတွေ၊ ဒေါသတွေ တင်းကျမ်းပြည့်နေတဲ့ ဒီကမ္ဘာကြီးထဲမှာ အင်မတန် ပြည့်စုံတဲ့ ငြိမ်းချမ်းရေးမျိုးတွေ၊ နောက်ထပ် ကြိုးပမ်းဖို့ရန် မလိုတော့တဲ့ ငြိမ်းချမ်းရေး မျိုးတွေဟာ ဘယ်တော့မှ မရရှိနိုင်ဘူး ဆိုတာကို ခေါင်းထဲမှာ သံမှို စွဲထားသလို စွဲစွဲမြဲမြဲကြီး မှတ်ထားလိုက်ကြပါ။

မညီမျှမှုတွေ၊ လောဘတွေ၊ ဒေါသတွေနဲ့ တင်းကျမ်း ပြည့်နေတဲ့ ဒီကမ္ဘာကြီးထဲမှာ နေရတာဟာ လေ့ပေါက်ကြီးကို စီးနေရတာနဲ့ အတူတူ

mgyoe.com

mgyee.com


ပဲ။ လှေပေါက်ကို စီးနေတဲ့ လူတွေဟာ ရေမနစ်ရအောင် အမြဲတမ်း ရေခပ်ပစ်နေရသလို မညီမျှမှုတွေ၊ လောဘတွေ၊ ဒေါသတွေ၊ တင်းကျမ်းပြည့်နေတဲ့ ဒီကမ္ဘာကြီးထဲမှာလည်း ကမ္ဘာသူ ကမ္ဘာသားတွေကို လူမျိုးရေးအဓိကရုဏ်း ဘေးဆိုးကြီးတွေ၊ လူအချင်းချင်း လူညွန့် ခူးစားခံရတဲ့ ဘေးဆိုးကြီးတွေ၊ လူတစ်စုက အာဏာအတင်းသိမ်းပြီး လူထုကြီး တစ်ရပ်လုံးကို သင်းထားတဲ့ နွားတွေ နဖားကြိုး တပ်ပြီး ညှဉ်းဆဲသလို ညှဉ်းဆဲနေတဲ့ ဘေးဆိုးကြီးတွေ ဒီဘေးဆိုးကြီးတွေက လွတ်မြောက်အောင် နေ့စဉ်နဲ့အမျှ၊ နာရီနဲ့အမျှ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေကို ဒီကမ္ဘာသူ ကမ္ဘာသားတွေကပဲ ကြိုးပမ်းရမှာပဲ။ တစ်နှစ်အတွင်းသာ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းကြ၊ တစ်နှစ်ကုန်ရင် ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဖို့ မလိုတော့ဘူးဆိုတဲ့ အယူအဆတွေဟာ မှားတဲ့အယူအဆတွေပဲ။ အခု ကျွန်တော်ပြောခဲ့တဲ့ လူမျိုးရေး အဓိကရုဏ်း ဘေးဆိုးကြီးတွေ၊ လူလူချင်း အညွန့်ခူးစားတဲ့ ဘေးဆိုးကြီးတွေ၊ လူတစ်စုက အာဏာသိမ်းပြီး လူထုကြီးတစ်ရပ်လုံးကို သင်းထားတဲ့ နွား နဖားကြိုးတပ်ပြီး ညှဉ်းဆဲသလို ညှဉ်းဆဲနေတဲ့ ဘေးဆိုးကြီးတွေမှ တကယ်တမ်း လွတ်မြောက်ချင်ကြတယ်ဆိုရင်တော့ ပြည်ထောင်စုသားတွေဟာ နောက်ဆုံးသေသည့်နေ့အထိ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဖို့တာဝန်ဟာ မိမိတို့ရဲ့တာဝန် ဖြစ်တယ်လို့ အတိအလင်း မှတ်ထား ကြရလိမ့်မယ်။

မနှစ်ကဆိုရင် ပြည်ထောင်စုအတွင်းမှာ ဟိုအခါက ဖြစ်ပျက်နေတဲ့ အခြေအနေအရ "တစ်နှစ်အတွင်း ငြိမ်းချမ်းရေး ရရမယ်" ဆိုတဲ့ ကြွေးကြော်သံနဲ့ ပြည်ထောင်စုသားတွေကို တပ်လှန့်ပြီး နှိုးခဲ့တယ်။ ဒီနှစ်ဆိုရင်တော့ ဒီနှစ် ဖြစ်ပျက်လာတဲ့ အခြေအနေအရ "ငြိမ်းချမ်းရေးမှ တည်တံ့ခိုင်မြဲရေးသို့" ဆိုတဲ့ ကြွေးကြော်သံနဲ့ တစ်ကြိမ်ထပ်ပြီး တည်တံ့ခိုင်မြဲရေးသို့" ဆိုတဲ့ ကြွေးကြော်သံနဲ့ တစ်ကြိမ်ထပ်ပြီး ပြည်ထောင်စုသားတွေကို တပ်လှန့်ပြီး နှိုးရလိမ့်ဦးမယ်။

တည်တံ့ခိုင်မြဲရေးဆိုတာဟာ ဘာလဲ။ ဒီစကားကို ကျွန်တော် ကြိုးစားပြီး ရှင်းပြချင်ပါတယ်။ အခု ကျွန်တော်တို့ ပြည်ထောင်စုကြီးဟာ ရေမျက်နှာပြင်နဲ့ တူနေပါတယ်။ ရေမျက်နှာပြင်ကနေပြီး မြေမျက်နှာပြင်

mgyee.com

mgyoe.com

လို ဖြစ်လာအောင် လုပ်ပေးတာဟာ တည်တံ့ခိုင်မြဲရေးပဲ ဖြစ်ပါတယ်။ ရေမျက်နှာပြင်ဆိုတာဟာ ဘာလဲ။ မြေမျက်နှာပြင်ဆိုတာဟာ ဘာလဲ။ ရေမျက်နှာပြင်ဆိုတာဟာ ငှက်မွေးကလေးတစ်ပင် ကျရင်လည်း လှိုင်းဂယက် ထတာပဲ။ ကျောက်တုံး၊ ကျောက်ခဲတွေ ကျရင်လည်း လှိုင်းဂယက်တွေ ထတာပဲ။ လေပြည်လေညင်း တိုက်ခတ်ရင်လည်း လှိုင်းဂယက်တွေ ထတာပဲ။ လေပြင်းမုန်တိုင်း တိုက်ခတ်ရင်လည်း လှိုင်းဂယက်တွေ ထတာပဲ။ မြေမျက်နှာပြင်ဆိုတာကတော့ ငှက်မွေး၊ ငှက်တောင် ကျရင်လည်း မတုန်လှုပ်ဘူး။ ကျောက်တုံး၊ ကျောက်ခဲတွေ ကျရင်လည်း မတုန်လှုပ်ဘူး။ လေပြည်လေညင်း တိုက်ခတ်ရင်လည်း မတုန်လှုပ်ဘူး။ လေပြင်းမုန်တိုင်း တိုက်ခတ်ရင်လည်း မတုန်လှုပ်ဘူး။

ခင်ဗျားတို့၊ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုကြီးကို ကြည့်စမ်းပါ။ ချောက်ထဲကျဖို့ လက်နှစ်လုံးလောက်သာ လိုတဲ့ နေရာက ကျွန်တော်တို့ ဆွဲပြီး တင်လာရတယ်ဆိုရင်လည်း ပြည်ထောင်စုကြီးဟာ ချောက်ကြီးနဲ့ ဘယ်လောက်များ ဝေးသွားသေးလို့လဲ။ သိပ်ပြီးမဝေးသေးပါဘူး။ ပြည်တွင်း သူပုန်တွေရဲ့ ခါးဆစ်ကို ကျွန်တော်တို့ ရိုက်ပြီး ချိုးမိပြီ ဆိုပေမဲ့ ဒီရန်သူတွေဟာ ခါးဆစ်သာ ကျိုးသေးတယ်။ အသက် မသေသေးဘူး ဆိုတာကို ကျွန်တော်တို့ မေ့ပစ်လို့ မဖြစ်ဘူး။ ဒီတော့ ဒီလူတွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ခြေလှမ်း အချက်မှားရင် တစ်ခါတုန်းက ပြည်ထောင်စုကြီး ရောက်ခဲ့တဲ့ ချောက်နဲ့ လက်နှစ်လုံးလောက် လိုတဲ့နေရာကို ပြန်ရောက်သွားနိုင်သေးတယ်။

ဒါကြောင့် ပြည်တွင်း ငြိမ်းချမ်းရေးမှာသာ မကသေးဘူး၊ နိုင်ငံရေးနဲ့ စီးပွားရေးတွေမှာလည်း ပြည်ထောင်စုကြီးဟာ ခပ်တဲတဲကလေးပဲ ရှိသေးတယ်။ နိုင်ငံရေးမှာ ဆိုရင် တောခိုတဲ့ လူတွေဟာ တောခို သွားကြပေမဲ့ တောမခိုဘဲ နေရစ်ခဲ့ကြပြီး တောခိုသွားတဲ့ လူတွေလောက် ဆိုးတဲ့၊ ဖောက်ပြန်နေတဲ့ နိုင်ငံရေးသမားတွေ အများကြီး ရှိနေသေးတယ်။ ဒီ နိုင်ငံရေးသမားတွေဟာ နိုင်ငံရေးမှာ အမျိုးမျိုး လက်တည့်စမ်းနေတဲ့ အတွက် ပြည်ထောင်စုကြီး တစ်ခုလုံးဟာ တထိတ်ထိတ် တလန့်လန့်နဲ့ ကျိုးလန့်စာစား ဖြစ်နေကြရတယ်။

mgyoe.com

စီးပွားရေးနဲ့ ပတ်သက်ပြီးတော့လည်း ခင်ဗျားတို့ရဲ့ ပြည်ထောင်စုနိုင်ငံကြီးဟာ ခပ်တဲတဲကလေးပဲ ရှိနေသေးတယ်။ ဘယ်လောက်အထိ တဲတဲကလေး ဖြစ်နေတယ်ဆိုတာကို ကျွန်တော် အကျဉ်းချုပ် ဥပမာနဲ့ပဲ ပြောပြပါရစေ၊ သူပုန်တွေရန်ကြောင့် ပြည်ထောင်စုကြီးဟာ ချောက်ထဲကို ကျဖို့ လက်နှစ်လုံးလောက် လိုတဲ့အထိသာ ရောက်သွားခဲ့တယ်။ စီးပွားရေးပျက်ပြားမှုကြောင့် ချောက်ထဲ ထိုးဆင်းတော့မလို ဖြစ်လိုက်တာဟာ လက်သန်း တစ်ဝက်လောက်သာ လိုတဲ့အထိ ရောက်ခဲ့ရတယ်။ အခုအခြေအနေမှာဆိုရင် အတော်ကလေး ကောင်းလာတယ်လို့ ဆိုရတာတောင် စိတ်ချလက်ချ ကောင်းသေးတာမဟုတ်ဘူး။ ချောက်ထဲကျဖို့ လက်သန်းတစ်ဝက်သာ လိုတဲ့ နေရာကနေပြီး၊ ချောက်နဲ့ လက်နှစ်လုံးလောက်ကွာတဲ့ အထိသာ တိုးတက်လာရုံပဲ ရှိသေးတယ်။ ဒီတော့ စီးပွားရေးမှာလည်း ပြည်ထောင်စုကြီးဟာ ခပ်တဲတဲပဲလို့ မှတ်ထားကြရလိမ့်မယ်။

ဒီတော့ ပြည်တွင်းငြိမ်းချမ်းရေးမှာလည်း ခပ်တဲတဲ၊ နိုင်ငံရေးမှာလည်း ခပ်တဲတဲ၊ စီးပွားရေးမှာလည်း ခပ်တဲတဲ ဖြစ်နေတဲ့ နိုင်ငံဟာ ရေမျက်နှာနဲ့ တူနေတယ်လို့ဆိုရင် မှားမလား။ မမှားပါဘူး။ ပြည်တွင်းငြိမ်းချမ်းရေးမှာရော၊ နိုင်ငံရေးမှာရော၊ စီးပွားရေးမှာရော ခပ်တဲတဲကလေးဖြစ်နေတဲ့ ရေမျက်နှာပြင်လို ဘဝကနေပြီး တည်ငြိမ်တဲ့ မြေမျက်နှာပြင်လို ဘဝကို ရောက်အောင် ဘယ်လိုလုပ်မလဲ။ ကျွန်တော် တစ်ခုစီ ရှင်းပြပါမယ်။

ပြည်တွင်း ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး အဓိက လက်နက်ကြီးငါးခုကို ကျွန်တော်တို့ သုံးစွဲဆောင်ရွက်မယ်။ ဒီလက်နက်တွေကတော့ တခြားဟာမဟုတ်ဘူး။ (၁) ကျွန်တော်တို့ ကြေညာထားတဲ့အတိုင်း လွတ်ငြိမ်းချမ်းသာခွင့် ပေးမယ်။ (၂) လက်နက်ချပြီး လွတ်ငြိမ်းချမ်းသာခွင့်ယူတဲ့ လူတွေကို လွတ်လပ်စွာ ဟောပြောရေးသားခွင့်၊ လွတ်လပ်စွာစည်းရုံးခွင့် အစရှိတဲ့ ဒီမိုကရေစီ စည်းဝိုင်းအတွင်းမှာ ရနိုင်တဲ့ အခွင့်အရေးတွေ အားလုံးကို တင်းပြည့် ကျပ်ပြည့် ပေးမယ်။ (၃) နိုင်ငံရေးကို မလိုက်စားလိုဘဲ ပြန်လည်ထူထောင်ရေးကိုသာ လိုက်စားလိုတဲ့ လူတွေကို ပြန်လည်ထူထောင်ရေး တပ်တွေထဲကို သွင်းပေးမယ်။ (၄) သီးခြားပြည်နယ်

mgyoe.com

mgyoe.com

နှင့် ပတ်သက်၍ အစိုးရက ကတိပြုထားတဲ့ အချက်တွေအားလုံးကိုလည်း ပေးမယ်။ (၅) ဘာတွေကိုပဲ ပေးပေး အစိုးရကို လက်နက်စွဲကိုင်ပြီး တိုက်ရမှ လမ်းမှန်တယ်လို့ ထင်နေတဲ့ လူစားတွေကိုတော့ အစိုးရရဲ့ ငြိမ်းချမ်းရေး တပ်တွေကို အားအင်တိုးချဲ့သင့်သလောက် တိုးချဲ့ပြီး အပြီးတိုင် တိုက်ပစ်မယ်။

ပြည်တွင်း ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး ရေမျက်နှာပြင်လို ဖြစ်နေသေးတဲ့ ပြည်ထောင်စုကြီးကို မြေမျက်နှာပြင်လို ဖြစ်လာအောင် အခု ကျွန်တော် ပြောခဲ့တဲ့ လက်နက်ကြီး ငါးခုကို ကိုင်ပြီး အစွမ်းကုန် တည်ဆောက်ကြဖို့ ကျွန်တော်တို့ သန္နိဋ္ဌာန် ချထားပြီးကြပြီ။

နိုင်ငံရေးနဲ့ ပတ်သက်ပြီး ရေမျက်နှာပြင်လို ဖြစ်နေသေးတဲ့ ပြည်ထောင်စုကြီးကို မြေမျက်နှာပြင်လို ဖြစ်လာအောင် လုပ်ပေးဖို့အတွက်လည်း ကျွန်တော်တို့ သန္နိဋ္ဌာန် ချထားပြီးပါပြီ။ ဒီအရေးနဲ့ ပတ်သက်ပြီး ကျွန်တော်တို့မှာ ခပ်ရှင်းရှင်း ဝန်ခံစရာတစ်ခု ရှိပါတယ်။ နိုင်ငံရေးမှာ ကျွန်တော်တို့ ပြည်ထောင်စုကြီးဟာ ရေမျက်နှာပြင်လို ဖြစ်နေတဲ့အပြစ်အတွက် ကျွန်တော်တို့လည်း အပြစ်မကင်းဘူး။ ကျွန်တော်တို့အတိအလင်း ယုံကြည်နေတဲ့ နိုင်ငံရေးလမ်းစဉ်တစ်ခုကို ချမှတ်ဖို့ အခွင့်အခါ ပေါ်လာတိုင်း ဖ၊ ဆ၊ ပ၊ လ ကြီး ပြိုလဲသွားမှာ စိုးရိမ်ရတယ်။ ယခု အချိန်မရောက်သေးဘူး၊ တစ်ဖက်က ရန်သူတွေကို စိုးရိမ်ရသေးတယ်။ အစရှိတဲ့ ဆင်ခြေ အမျိုးမျိုးကို လက်ညှိုးထိုးပြီး ကျွန်တော်တို့ဟာ ကျွန်တော်တို့ ယုံကြည်နေတဲ့ နိုင်ငံရေးလမ်းစဉ် ချမှတ်ရေးကို နေ့ရွှေ့၊ ညရွှေ့ ရွှေ့ခဲ့ကြတယ်။

ဒီလို ရေစုန်မျှောပြီး လိုက်နေကြဦးမယ်ဆိုရင် နောင်ရေးနဲ့ ပတ်သက်ပြီး အနှစ် နှစ်ဆယ်၊ အစိတ်ကို မျှော်ကြည့်ဖို့မပြောနဲ့ နောက်တစ်နေ့ အိပ်ရာက နိုးလာရင် ဘာဖြစ်မယ်ဆိုတာကို မှန်းကြည့်လို့ မရနိုင်လောက်အောင်အထိ တဲတဲကလေး ဖြစ်နေတဲ့ အခြေအနေကို ကျွန်တော်တို့ တွေ့ရလိမ့်မယ်။ ဒီလိုအတိုင်းသာဆိုရင် မုဆိုးမတစ်ယောက်ရဲ့ ငါ့စကော၊ ငါ့စကောလို့ အော်ဟစ်လိုက်တဲ့ အသံကလေးကြောင့် ပြည်ပျက်သွားရတဲ့ သရေခေတ္တရာလို ကျွန်တော်တို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးလည်း

mgyoe.com

သရေခေတ္တရာရဲ့ အခြေအနေမျိုးအထိ မကြာခင် ရောက်သွားဦးမလားလို့ တောင် ကျွန်တော် အမှန်အတိုင်း မကြာခဏ စိုးရိမ်မိပါသေးတယ်။ ဒီလို တစ်နေ့တခြား ဆုတ်ယုတ်နေတဲ့ အခြေအနေဆိုးကို ဟန့်တားဖို့ အတွက် တခြားဟာတွေထက် ကျွန်တော်တို့ရဲ့ နိုင်ငံရေး လမ်းစဉ်ကို အတိအလင်း သတ်မှတ်ဖို့က ပိုပြီး အရေးကြီးတယ်လို့ ကျွန်တော်တို့ ယူဆတယ်။

နိုင်ငံရေးလမ်းစဉ်ကို သတ်မှတ်ဖို့ကိစ္စဟာ တယ်ပြီး မလွယ်လှဘူး။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် နိုင်ငံရေးလမ်းစဉ်ကိုတော့ ဒီကနေ့စပြီး သတ်မှတ် ရမှာပဲ။ ဒီလို သတ်မှတ်လိုက်တဲ့ လမ်းစဉ်ဟာ နိုင်ငံရေးအားဖြင့် ရေ မျက်နှာပြင်လို ဖြစ်နေတဲ့ ပြည်ထောင်စုကြီးကို မြေမျက်နှာပြင်လို ဖြစ်လာ အောင် အုတ်မြစ်ချလိုက်တာပဲလို့ ကျွန်တော်တို့ ယူဆတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ နိုင်ငံရေးလမ်းစဉ်ကို အတိုချုပ်အားဖြင့် ကျွန်တော် ဖော် ပြပါမယ်။

၁။ ။ ကျွန်တော်တို့ရဲ့ နိုင်ငံရေး ပန်းတိုင်ဟာ ဆိုရှယ်လစ်နိုင်ငံ တည်ဆောက်ရေး ဖြစ်တယ်။

၂။ ။ ဒီနိုင်ငံရေး ပန်းတိုင်သို့ ရောက်အောင် လက်နက်ကိုင် လွှမ်းမိုး သော တစ်ပါတီ အာဏာရှင်စနစ်ကို မယုံကြည်၊ ဒီမိုကရေစီ စနစ်ကိုသာ ယုံကြည်တယ်။

၃။ ။ နိုင်ငံခြား ဆက်သွယ်ရေးမှာ နိုင်ငံအုပ်စု တစ်ခုနဲ့ ပေါင်းပြီး တခြားဆန့်ကျင်ဘက် အုပ်စုတွေနဲ့ ခိုက်ရန် ဖြစ်ပွားတာကို အလိုမရှိ၊ ဘယ်အုပ်စုထဲကိုမှမပါဘဲ ကျွန်တော်တို့ ပြည်ထောင် စုကြီးနဲ့ နှစ်ဦး နှစ်ဝ အကျိုးကျေးဇူးတွေကို ဖန်တီးပေးနိုင်တဲ့ နိုင်ငံတိုင်းနဲ့ ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံ တာကိုသာ ကျွန်တော်တို့ ယုံကြည်တယ်။

အခု ကျွန်တော် ဖော်ပြလိုက်တဲ့ ကိစ္စကြီး သုံးခုဟာ ကျွန်တော် တို့ ယုံကြည်တဲ့ဝါဒနဲ့ နိုင်ငံရေးလမ်းစဉ်ကို အကျဉ်းချုပ် ဖော်ပြလိုက်တဲ့ အဓိက ကိစ္စကြီးများဖြစ်တယ်။ ဒီကိစ္စကြီးသုံးခုဟာ ဘာ့ကြောင့် ကျွန်တော် တို့ရဲ့ နိုင်ငံရေးလမ်းစဉ် ဖြစ်ရတယ်ဆိုတာကို ကျွန်တော် တစ်ခုစီ အကျဉ်း ချုပ် ရှင်းပြချင်ပါတယ်။

mgyoe.com

mgyoe.com

ဆိုရှယ်လစ်နိုင်ငံကို ကျွန်တော်တို့ ဘာကြောင့် ထူထောင်ချင်ရတာလဲ။ ဆိုရှယ်လစ်နိုင်ငံကို ဘာကြောင့် ထူထောင်ချင်တယ်ဆိုတာကို မပြောခင်၊ ဆိုရှယ်လစ်ဝါဒကို အတိုချုပ် ရှင်းပြဖို့ လိုလိမ့်မယ်။ ဆိုရှယ်လစ်ဝါဒနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ပြည်ထောင်စုထဲမှာ အတော်ပဲ အထင်အမြင် မှားနေကြတယ်။ ဒီလို မှားနေကြတဲ့ အကြောင်းတွေထဲမှာ ဆိုရှယ်လစ်ဝါဒ ဖြန့်ဖြူးတဲ့ လူတချို့ရဲ့ အသိဉာဏ် ခေါင်းပါးမှု၊ ကိုယ်ကျင့်တရား ပျက်ပြားမှု၊ ဘဝင်မြင့်မှု၊ ပေါင်းသင်းဆက်ဆံရေး ညံ့ဖျင်းမှုတွေလည်း ပါတယ်ဆိုတာကို ကျွန်တော်တို့ အတိအလင်း ဝန်ခံရမယ်။

ပြည်ထောင်စုထဲမှာ လူအတော်ခပ်များများဟာ ဓနရှင်ပစ္စည်းကို သိမ်းပြီး ပြည်သူ့ပိုင်လုပ်တဲ့ ဝါဒဟာ ဆိုရှယ်လစ်ဝါဒပဲလို့ ဒီလောက်ပဲ သိနေကြတယ်။ ပြည်သူ့ပိုင်လုပ်တဲ့ ကိစ္စဟာ ဆိုရှယ်လစ်ဝါဒရဲ့ လမ်းဆုံး မဟုတ်ဘူး။ လမ်းဆုံးကို ရောက်အောင်ပို့ပေးတဲ့ ကိစ္စတစ်ရပ်ပဲ ဖြစ်တယ်။ ဒါဖြစ်ရင် ဆိုရှယ်လစ်ဝါဒရဲ့ လမ်းဆုံးဟာ ဘာလဲ။ ဒီကမ္ဘာကြီးထဲမှာ တစ်ဦးကို တစ်ဦး အကြီးအကျယ် သတ်ဖြတ် ဖျက်ဆီးကြတဲ့ သွေးချောင်းစီးကပ်၊ ငတ်မွတ်ခေါင်းပါးပြီး သေကျေပျက်စီးရတဲ့ အငတ်ကပ်၊ ရောဂါဝေဒနာထူပေါ်ပြီး သေကျေပျက်စီးရတဲ့ ရောဂါဆိုးကပ်ဆိုတဲ့ ကပ်ကြီးသုံးပါးဆိုတာ ရှိတယ်။ ဆိုရှယ်လစ်ဝါဒရဲ့လမ်းဆုံးဟာတခြားဟာ မဟုတ်ဘူး။ အဲဒီကပ်သုံးပါးကို အမြစ်ကနေ သုတ်သင်လိုက်ပြီး လူတိုင်း လူတန်းစေ့ နေနိုင်အောင် လုပ်ပေးတာဟာ ဆိုရှယ်လစ်ဝါဒရဲ့ လမ်းဆုံးပဲ။ ဒီတော့ ဒီကပ်ကြီးသုံးပါးကို ဘယ်လို သုတ်သင်ရမလဲဆိုတဲ့ မေးခွန်း ပေါ်လာတယ်။ ကျွန်တော် ခပ်တိုတိုပဲ ဖြေပါမယ်။

တလောကလုံးမှာ ဘယ်အရာမှာမဆို အကြောင်းတရားနဲ့ အကျိုးတရားဆိုတာ ရှိတယ်။ ကပ်ကြီးသုံးပါးဆိုတာဟာ အကြောင်းတရား မဟုတ်ဘူး။ အကျိုးတရားတွေသာ ဖြစ်တယ်။ သူတို့ရဲ့ အကြောင်းတရားကတော့ အခြားမဟုတ်ဘူး။ ပုဂ္ဂလိကပိုင်ပစ္စည်းကို အကြောင်းပြုပြီး လူလူချင်း လူညွန့်ခူးစားတဲ့ စနစ်ကြီး ဖြစ်တယ်။ ဒီစနစ်ကြီး ပေါ်လာတာနဲ့ တစ်ပြိုင်နက် ပစ္စည်းနဲ့ပတ်သက်ပြီး လူတွေမှာရှိရမယ့် အမြင်မှန်ဟာ ကွယ်ပျောက်သွားတာပဲ။ ပစ္စည်းဆိုတာဟာ စုထားဖို့ မဟုတ်ဘူး။

mgyoe.com

mgyoe.com


ဒီပစ္စည်းကို အရင်းတည်ပြီး လူလူချင်းလူညွှန့်ခူးစားဖို့ မဟုတ်ဘူး။ ပစ္စည်းဆိုတာဟာ မသေခင် လူတွေ သုံးစွဲသွားကြဖို့ပဲ။ ပုဂ္ဂလိကပိုင်စနစ်ကြီး ပေါ်လာတာနဲ့ တစ်ပြိုင်နက် ဒီအမြင်မဟန် မရှိတော့ဘူး။ ပျောက်ကွယ်သွားတာပဲ။ ဒီ အမြင်မှန် ကွယ်ပျောက်သွားတာနဲ့တစ်ပြိုင်နက် လူတွေဟာ ပစ္စည်းနဲ့ပတ်သက်ပြီး လောဘ၊ ဒေါသနယ်တွေ ချဲ့လာကြပါရော။လောဘ၊ ဒေါသနယ်တွေ ကျယ်လာလေလေ၊ ဘဝကူးကောင်းအောင် လုပ်ဖို့ဆိုတဲ့ လူတွေရဲ့ အဓိကရည်ရွယ်ချက်ကြီးကို မေ့သွားလေလေပဲ။ ဒီအဓိကရည်ရွယ်ချက်ကြီးကို မေ့လေလေ၊ လူလူချင်း လူညွှန့်ခူးစားတဲ့ စနစ်ကြီးဟာ ဆိုးဝါးလာလေလေ ဖြစ်တာပဲ။

နောက်ဆုံးမှာ လောဘ၊ ဒေါသနယ်တွေဟာ အကျယ်ကြီး ကျယ်လာကြပြီး သွေးချောင်းစီး ကပ်တွေ၊ အငတ်ကပ်တွေ၊ ရောဂါဆိုးကပ်တွေ ပေါ်လာကြတာပဲ။ ဒါကြောင် ဒီကပ်ဆိုးကြီးတွေ ဒီကမ္ဘာကြီးထဲက ပပျောက်သွားအောင် ကပ်ကြီးသုံးပါးရဲ့ အကြောင်းရင်းဖြစ်တဲ့ ပုဂ္ဂလိကပိုင် ပစ္စည်းကို အကြောင်းပြုပြီး လူလူချင်း လူညွှန့်ခူးစားတဲ့ စနစ်ဆိုးကြီးကို ဖျက်ဆီးပစ်မဲ့ ဝါဒပဲ ဖြစ်တယ်။

လူတိုင်း လူတန်းစေ့ နေခဲ့ရတဲ့ ပဒေသာပင်ခေတ် ဆိုတာကို ခင်ဗျားတို့ ကြားဖူးကြပါလိမ့်မယ်။ ဒီခေတ်တုန်းက ပုဂ္ဂလိကပိုင်စနစ် မရှိဘူး။ ရှိတဲ့ ပစ္စည်းတွေကို ကမ္ဘာသူ၊ ကမ္ဘာသားတွေက သူတို့ အလိုရှိသလောက်သာယူပြီး သုံးစွဲကြတာပဲ။ ဒီခေတ်တုန်းက ကမ္ဘာကြီးထဲမှာ ကပ်ကြီးသုံးပါး မရှိဘူး။ ဒါပေမဲ့ ခုတင်ကပြောခဲ့တဲ့ ပစ္စည်းကို အကြောင်းပြုပြီး လူလူချင်း လူညွှန့်ခူးစားတဲ့ စနစ်ဆိုးကြီး ပေါ်လာတဲ့ အချိန်က စပြီး ပဒေသာပင်ကြီးလဲကွယ် ကပ်ကြီးသုံးပါးလည်း ရောက်လာတာဟာ ဒီကနေ့ အထိပဲ မဟုတ်လား။ ဒီတော့ ဆိုရှယ်လစ်ဝါဒဆိုတာဟာ အတိုချုပ် ပြောရမယ်ဆိုရင် လန့်စရာဝါဒလည်း မဟုတ်၊ မုန်းတီးစရာ ရွံစရာ ဝါဒလည်းမဟုတ်။ ကျွန်တော်တို့ ပြည်ထောင်စု နိုင်ငံသားတွေကို ပဒေသာပင်ခေတ်သို့ ပြန်ရောက်အောင်ပို့ပေးမဲ့ ဝါဒကြီးပဲ ဖြစ်တယ်ဆိုတာ မှတ်ထားကြစေချင်ပါတယ်။ အခု ကျွန်တော် ပြောတာလောက်နဲ့တော့ ဒီဆိုရှယ်လစ်နိုင်ငံကို ဘာကြောင့် ကျွန်တော်တို့ ထူထောင်ချင်တယ်ဆိုတာကို အကြမ်း

mgyoe.com

လောက်တော့ သိနိုင်ကြပါပြီ။ နောက်အစည်းအဝေးတွေကျမှပဲ ကျွန်တော် ခပ်ကျယ်ကျယ် ရှင်းပြပါဦးမယ်။

ဒါပေမဲ့ ဒီနေရာမှာ ကျွန်တော် တစ်ခု သတိပေးပါရစေ။ ဆိုရှယ်လစ် ပန်းတိုင်ဆိုတာဟာ လွယ်လွယ်နဲ့ ရောက်နိုင်တဲ့ ပန်းတိုင်မျိုး မဟုတ်ဘူး။ ဒီကနေ့ ဆုံးဖြတ်ချက်ချ မနက်ဖြန် ရောက်နိုင်တဲ့ ပန်းတိုင်မျိုးလည်း မဟုတ်ဘူး။ အနှစ် ငါးဆယ်၊ တစ်ရာ ဒါမှမဟုတ်ရင်လည်း ဘယ်နှစ်နှစ်အတွင်း ရောက်မယ်လို့ ဘယ်ဆိုရှယ်လစ်ကမှ ပြောနိုင်တဲ့ ပန်းတိုင်မျိုးလည်း မဟုတ်ဘူး။

ဘာဖြစ်လို့လဲ ဆိုတော့ ဆိုရှယ်လစ်တွေ ယုံကြည်နေတဲ့လူတိုင်း လူတန်းစေ့ နေနိုင်ဖို့ဆိုတဲ့ မျှော်မှန်းချက်ကို အကောင်အထည် ဖော်ပေးရတာဟာ လွယ်တာမဟုတ်ဘူး။ လူတိုင်း လူတန်းစေ့ နေနိုင်ရမယ်ဆိုရင် နေရေး၊ ဝတ်ရေး၊ စားရေး၊ ကျန်းမာရေး၊ ပညာရေး အစရှိတဲ့ လူ့အရေးတွေအတွက် လူသုံးပစ္စည်းတွေ တောင်ပုံ၊ ရာပုံ ရှိနေရလိမ့်မယ်။ ဒီလူသုံးပစ္စည်းတွေဟာ မိုးပေါ်က အလိုအလျောက် ကျလာနိုင်တာ မဟုတ်ဘူး။ မြေကြီးထဲက အလိုအလျောက် ထွက်လာနိုင်တာလည်း မဟုတ်ဘူး။ ဒီပစ္စည်းတွေ ဖြစ်လာအောင် လုပ်ယူကြရတယ်။

ဒီတော့ ဒီလူသုံးပစ္စည်းတွေ ဖြစ်လာဖို့အတွက် စက်ရုံတွေ လိုတယ်။ စက်မှုပညာသည်တွေ လိုတယ်။ လုပ်ငန်းတွေကို စီမံအုပ်ချုပ်တဲ့ လူတွေလိုတယ်။ စနစ်တကျ နည်းဖြစ်တဲ့ သိပ္ပံနည်းနဲ့ ထွန်ယက်တဲ့ လယ်တွေ၊ ယာတွေ လိုတယ်။ အခု ကျွန်တော် ပြောတာတွေဟာ ခပ်လွယ်လွယ်နဲ့ သဘောပေါက်နိုင်အောင် အပေါ်ယံ လျှောက်ပြီး ပြောသွားတာပဲ ဖြစ်သေးတယ်။ ဒါကြောင့် ဆိုရှယ်လစ်နိုင်ငံ ထူထောင်တယ်ဆိုတာဟာ အပြောမဟုတ်ဘူး အလုပ်သက်သက် ဖြစ်တယ်ဆိုတာရယ်၊ ဆုံးဖြတ်ချက် ချရတာလောက် ဆိုရှယ်လစ်ကြွေးကြော်သံတွေကို လျှောက်ပြီး အော်ရတာလောက် မလွယ်ဘူးဆိုတာရယ် ကောင်းကောင်း သဘောပေါက်ထားကြဖို့ ကျွန်တော် သတိပေးချင်တယ်။

ဒုတိယ ကိစ္စကတော့ ဒီဆိုရှယ်လစ်နိုင်ငံကို ကျွန်တော်တို့ ဘယ်နည်း၊ ဘယ်စနစ်နဲ့ ထူထောင်မယ်။ လက်နက်နဲ့ လွှမ်းမိုးတဲ့ ပါတီ

mgyoe.com

အာဏာရှင်စနစ်နဲ့ ထူထောင်မလား၊ လက်နက်နဲ့ လွှမ်းမိုးတဲ့ တစ်ပါတီ အာဏာရှင်စနစ်ကိုတော့ ကျွန်တော်တို့ မယုံကြည်ဘူး။ တခြားနိုင်ငံတွေမှာ သူတို့ရဲ့ အခြေအနေအရ တစ်ပါတီ အာဏာရှင်စနစ်ဟာ ကောင်းချင်ကောင်းမယ် ဒါပေမဲ့ ကျွန်တော်တို့ ပြည်ထောင်စုရဲ့ အခြေအနေနဲ့တော့ ဒီ တစ်ပါတီ အာဏာရှင်စနစ်ဟာ ဘယ်နည်းနဲ့မှ မတော်ဘူး။ ဒီတော့ "သူများ ယောင်လို့ ယောင်ရတယ်၊ အမောင် တောင်မှန်း မြောက်မှန်း မသိ" ဆိုတဲ့ စကားလို သူများ နိုင်ငံတွေမှာ လုပ်နေတာကိုကြည့်ပြီး အရမ်းမလုပ်နိုင်ဘူး။ ကျွန်တော်တို့ရဲ့ နိုင်ငံနဲ့တော်တဲ့စနစ်ကိုမှ ကျွန်တော်တို့ လက်ခံနိုင်လိမ့်မယ်။

လက်နက်နဲ့ လွှမ်းမိုးတဲ့ တစ်ပါတီ အာဏာရှင် စနစ်ကို ကျွန်တော်တို့ရဲ့ နိုင်ငံမှာ ထူထောင်ချင်တယ်ဆိုရင် ထူထောင်နိုင်မဲ့လမ်းကတော့ တစ်လမ်းတည်း ရှိတာကို ကျွန်တော် မြင်နေရတယ်။ ဒီလမ်းဟာ တခြားမဟုတ်ဘူး။ လူထုကြီးတစ်ရပ်လုံးကို နွားတွေကို သင်းသလိုသင်း၊ နွားတွေကို နဖားကြိုး တပ်သလို တပ်ပြီး တစ်ပါတီ အာဏာရှင်တစ်စုက အပေါ်ကနေပြီး အုပ်ချုပ်တဲ့လမ်းပဲ ဖြစ်တယ်။ အာဏာကို အာဏာပိုင်လူထုဆီက ရွေးကောက်ပွဲလို့ခေါ်တဲ့ ဒီမိုကရေစီနည်းနဲ့ မတောင်းဘဲ လက်နက်အားကိုးနဲ့ အတင်းသိမ်းပြီး အုပ်စိုးတဲ့ လူတွေဟာ လူထုကို ဘယ်မှာ လွတ်လပ်ရေး ပေးနိုင်ပါတော့မလဲ။ သူတို့ရဲ့ လက်ထဲက အာဏာကို သူတို့လိုပဲ ပြန်လုမှာ စိုးနေရတာနဲ့ လူထုကြီးကို ပါးစပ်တွေပိတ်၊ ခြေတွေ လက်တွေချုပ်၊ ထစ်ခနဲဆိုသတ်၊ အဲဒီလို ရမ်းချင်တိုင်းရမ်း၊ ကြမ်းချင်တိုင်း ကြမ်းနေကြတဲ့အတွက် အမှန်စင်စစ်ဆိုရင် လူရင့်မကြီးဖြစ်ရဲ့သားနဲ့ နဖားကြိုးတပ်ပြီး အသင်းခံနေရတဲ့ နွားတွေထက်တောင် ကျဉ်းကျဉ်းကျပ်ကျပ် ထိတ်ထိတ်လန့်လန့် ဆင်းဆင်းရဲရဲ နေကြရသေးတယ်။ ဒီလို အပေါ်က လူတစ်စုစီက အာဏာဆင်းသက်လာမဲ့ စနစ်ဆိုးကြီးရဲ့ အောက်က ကျွန်တော်တို့ လွတ်မြောက်လာတာ နှစ်နှစ်ကျော်ကျော်ကလေးပဲ ရှိသေးတယ်မဟုတ်လား။ ဒီတော့ ဒီနည်းကို ကျွန်တော်တို့ မယုံကြည်ရုံသာ မဟုတ်ဘူး။ အူထဲ၊ အသည်းထဲကပါ ရွံတယ်။ ဒါကြောင့်

mgyoe.com

ဒီလို တစ်ပါတီ အာဏာရှင် စနစ်အောက်ကိုတော့ ဘယ်နည်းနဲ့မှ ပြန် အရောက် မခံဘူးလို့ ကျွန်တော်တို့ သန္နိဋ္ဌာန် ချထားပြီးကြပြီ။

နောက်ပြီးတော့ ကျွန်တော်တို့အတွက် ဘာသာရေးဟာ လူတွေ အဖို့ အကြီးဆုံးသော အရေးပဲလို့ ယူဆတယ်။ ဒါကြောင့် ကိုးကွယ်တဲ့ ဘာသာရေး မှန်သမျှကို ပယ်တဲ့သဘောတရားအားလုံးကို လုံးဝလက်မခံ ဘူးလို့လည်း ကျွန်တော်တို့ သန္နိဋ္ဌာန် ချထားပြီးကြပြီ။

ကျွန်တော်တို့ ယုံကြည်တဲ့ စနစ်ကတော့ တခြား မဟုတ်ဘူး။ ပြည်ထောင်စု အုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၃ မှာ ပါတဲ့အတိုင်း အချုပ် အချာ အာဏာဟာ အပေါ်က အာဏာရှင် လူတစ်စုရဲ့ လက်ထဲမှာ မတည်ဘဲ၊ လူထုကြီးတစ်ရပ်လုံးရဲ့ လက်ထဲမှာတည်ပြီး အဲဒီ အချုပ်အခြာ အာဏာဟာ လူထုလက်ထဲက အစိုးရရဲ့ လက်ထဲကို ဒီမိုကရေစီနည်းနဲ့ သက်ဆင်းလာတဲ့စနစ်ကိုသာ ယုံကြည်တယ်။ ကျွန်တော်တို့ရဲ့ နဂိုဝါသနာ ကိုက ဒီစနစ်မျိုးကို ကြိုက်နှစ်သက်ရုံမက၊ ဒီစနစ်မျိုး အရှည်တည်မြဲမှ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုကြီးလည်း နိုင်ငံရေးအရရော စီးပွားရေး အရပါ တည်တံ့ခိုင်မြဲမယ်လို့ ကျွန်တော်တို့တစ်တွေ စွဲစွဲမြဲမြဲ သဲသဲမဲမဲကြီး ယုံကြည်နေကြတယ်။ ဒါကြောင့် ပြည်ထောင်စုထဲမှာ ဒီစနစ်မျိုး အရှည် တည်မြဲအောင် ကျွန်တော်တို့တစ်တွေ အစွမ်းကုန် ကြိုးစားပေးကြရမယ်။

ကျွန်တော်တို့ရဲ့ နိုင်ငံရေးလမ်းစဉ်ထဲမှာ ကိစ္စကြီးသုံးခုရှိတဲ့အနက် (၁) ဆိုရှယ်လစ်နိုင်ငံတည်ဆောက်ရေးနဲ့ (၂) ဒီမိုကရေစီစနစ်ဆိုတဲ့ ကိစ္စ နှစ်ခုကို ကျွန်တော် ရှင်းပြခဲ့ပြီးပြီ။ နိုင်ငံခြားဆက်သွယ်ရေး ဆိုတဲ့ တတိယ ကိစ္စကို ကျွန်တော် ရှင်းပြဦးမယ်။

ကျွန်တော်တို့ ပြည်ထောင်စုရဲ့လက်ရှိ အခြေအနေအရ နိုင်ငံအုပ်စု တစ်ခုခုကို ဝင်ပြီး အခြား နိုင်ငံအုပ်စုကို ထောင်တိုက်ဖို့ဆိုတာ ဘယ်နည်း နဲ့မှ မဖြစ်နိုင်ဘူး။ ဘယ်သူနဲ့မှ မပေါင်းဘဲ တစ်နိုင်ငံတည်းနေဖို့ဆိုတာ လည်း အခုလို နိုင်ရာစား လောကကြီးထဲမှာ မဖြစ်နိုင်ဘူး။ မကြာသေးခင် ကမှ ပြန်ပြီးရထားတဲ့ လွတ်လပ်ရေးကို အချောင်ဝင်ပြီး အုပ်သွားမှာစိုးရ သေးတယ်။

mgyoe.com

mgyoe.com


ဒီတော့ (၁) ကမ္ဘာ့ကုလသမဂ္ဂဟာ ကျူးကျော်စော်ကားမှုကို ဆန့်ကျင်တဲ့အဖွဲ့ကြီး ဖြစ်နေသ၍ ဒီအဖွဲ့ အထဲမှာနေ။ (၂) နိုင်ငံတိုင်းနဲ့ သင့်သင့်မြတ်မြတ် ရှိအောင် စွမ်းအားရှိသ၍ ကြိုးစား။ (၃) နိုင်ငံခွဲခြားမှု မရှိဘဲ ကိုယ့်ပြည်ထောင်စုနဲ့ သင့်တော်မယ့် နိုင်ငံခြား အကူအညီကို လက်ခံဆိုတဲ့ ဒီအချက်ကြီးသုံးချက်ဟာ နိုင်ငံတာကာနဲ့ ဆက်ဆံတဲ့နေရာမှာ ကျွန်တော်တို့ ကျင့်သုံးမယ့် လမ်းစဉ် ဖြစ်တယ်။

တခြား စကားမပြောခင် ဒီအချက် သုံးချက်ကို ကျွန်တော် နည်းနည်း ထပ်ပြီး ရှင်းပြချင်သေးတယ်။ ကမ္ဘာ့ကုလသမဂ္ဂထဲကို ဝင်တာဟာ ကိုယ့်အတွက် အမြတ်ထုတ်ဖို့ချည်းပဲ မဟုတ်ဘူး။ အသင်းသားအဖြစ်နဲ့ ရွက်ဆောင်ဖို့ တာဝန်လည်း ရှိသေးတယ်ဆိုတာကို ကျွန်တော်တို့ ကောင်းကောင်း သတိချပ်ကြရမယ်။ အမှန်အတိုင်း ခပ်ရှင်းရှင်း ပြောပါ့မယ်။ ကုလသမဂ္ဂထဲကို ကျွန်တော်တို့ ဝင်တာဟာ ဟိုအကူအညီ၊ ဒီအကူအညီတွေကို ဒါလောက်လိုချင်လှလို့ မဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ လွတ်လပ်ရေးကို နိုင်ငံတစ်ခုခုက အချောင်ဝင်လုရင် ကျွန်တော်တို့ဘက်က ဝင်ပြီး ကုလသမဂ္ဂက ကာကွယ်ပေးဖို့ပဲ။ ဒီတော့ ကျွန်တော်တို့ သိထားရမှာက အကယ်၍ ကျွန်တော်တို့ရဲ့ လွတ်လပ်ရေးဟာ အချောင်ဝင်ပြီး အလုခံရလို့ ကျွန်တော်တို့ဘက်က ကုလသမဂ္ဂက ဝင်ပြီး ကာကွယ်ပေးစေချင်ရင် ကုလသမဂ္ဂအသင်းသား တစ်ဦးဦးရဲ့ လွတ်လပ်ရေးဟာ အချောင်ဝင်ပြီး အလုခံရတဲ့အခါမှာ ကျွန်တော်တို့ကလည်း အသင်းသား တစ်ဦးအနေနဲ့ အလုခံရတဲ့ဘက်ကနေပြီး လက်ရုံးရည်နဲ့ တတ်နိုင်လျှင် လက်ရုံးရည်နဲ့၊ နှလုံးရည်နဲ့ တတ်နိုင်လျှင် နှလုံးရည်နဲ့ စွမ်းအားရှိသ၍ ဝင်ရောက်ကာကွယ်ပေးဖို့ တာဝန်ရှိတယ်ဆိုတာကိုလည်း အမြဲတမ်း သတိချပ်ထားကြစေချင်တယ်။ ကိုယ့်ထိရင်တော့ ကူစေချင်တယ်။ သူများထိရင်တော့ ကိုယ်က လက်ပိုက်ကြည့်နေမယ်ဆိုတာမျိုးကတော့ အချောင်သမားတွေ လုပ်တာမျိုးပဲ။

ပထမကမ္ဘာစစ်ကြီး အပြီးမှာ ထူထောင်ခဲ့တဲ့ နိုင်ငံပေါင်းချုပ်အသင်းကြီးဟာ စကားအချေအတင်ပြောတဲ့ အသင်းကြီးဖြစ်ပြီး ဘာမှမလုပ်နိုင်ဘဲ ပျက်သွားခဲ့ရတာဟာ အခြားကြောင့် မဟုတ်ဘူး။ ကျူးကျော်စော်ကား

mgyoe.com

mgyoe.com


တာကို တကယ်တမ်း တိုက်ဖျက်ပစ်နိုင်တဲ့ နိုင်ငံကြီးတွေကိုယ်တိုင် အခု ကျွန်တော်ပြောခဲ့တဲ့အတိုင်း အချောင်သမားတွေ ဖြစ်ခဲ့ကြလို့ပဲ။ ကုလသမဂ္ဂ ထဲကို မဝင်ချင်ရင် ခပ်ရှင်းရှင်း ထွက်နေ။ အသင်းသားဖြစ်ပြီးမှ အချောင် သမား လုပ်တာမျိုးကတော့ မကောင်းဘူး။ ကုလသမဂ္ဂထဲမှာ အချောင် သမားဝါဒ ပြန့်ပွားခြင်းဟာ ကျူးကျော်စော်ကားချင်တဲ့ နိုင်ငံတွေကို သွယ် ဝိုက်တဲ့နည်းနဲ့ အားပေးနေသလို ဖြစ်တဲ့အတွက် ကျူးကျော် စော်ကားချင် တဲ့ လူတွေကို ခေါင်းထောင်မထနိုင်အောင် လုပ်ပေးချင်ရင် ကျူးကျော် စော်ကားမှုပေါ်တိုင်း ကုလသမဂ္ဂ အသင်းသားတိုင်းဟာ မိမိတို့ရဲ့တာဝန် ကို စွမ်းအားရှိသ၍ ထမ်းရွက်ကြရမယ်။

နိုင်ငံတိုင်းနဲ့ သင့်သင့်မြတ်မြတ်ဖြစ်အောင် စွမ်းအားရှိသ၍ ကြိုးစား ဆိုတဲ့ အချက်ကိုလည်း ကျွန်တော်တို့ လေးလေးနက်နက် စဉ်းစားကြရ မယ်။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ဆက်သွယ်တဲ့နေရာမှာ ကိုယ့်နိုင်ငံရဲ့ အကျိုး ကို ကြည့်ပြီး ဆက်သွယ်တာတော့ အမှန်ပဲ။ ဒါပေမဲ့ ဒီလို ဆက်သွယ် တိုင်း ကိုယ်ကချည်းပဲ အမြတ်ရဖို့ဆိုတာတော့ ဘယ်နည်းနဲ့မှ မဖြစ်ဘူး။ ကိုယ်က အမြတ်လိုချင်ရင် သူလည်း အမြတ်ရနိုင်အောင် လုပ်ပေးရလိမ့် မယ်။ ဒါကလေးတွေက အင်မတန်လွယ်တဲ့နည်းတွေ ဖြစ်နေပေမဲ့ တကယ် တမ်း လက်တွေ့လုပ်တဲ့အခါမှာ အချို့ပုဂ္ဂိုလ်တွေဟာ ဒီလွယ်တဲ့ အချက် ကလေးတွေကို မကြာခဏ မေ့နေတတ်ကြတယ်။ တစ်ခါတလေလည်း နှစ်နိုင်ငံဆက်ဆံတဲ့နေရာမှာ ကိုယ့်ဘက်က မှန်နေတိုင်း အနိုင်မယူဘဲ အရှည် ပေါင်းသင်းဆက်ဆံရမဲ့ အရေးကို ကြည့်ပြီး လျှော့ပေးသင့်တာ တွေကို လျှော့ပေးရတာပဲ။ ဒီလို အပေးအယူ ဆက်ဆံမှုတွေ၊ အရှည် မျှော်ကြည့်တတ်တဲ့ သဘောထားကြီးမှုတွေဟာ ကျွန်တော်တို့နဲ့တကွ ကျွန်တော်တို့နဲ့ ဆက်ဆံတဲ့ နိုင်ငံတွေမှာ ရှိကြမယ်ဆိုရင် နိုင်ငံတကာနဲ့ သင့်သင့်မြတ်မြတ် မပေါင်းသင်း မဆက်ဆံနိုင်စရာအကြောင်းကို ကျွန်တော် မမြင်ဘူး။

နိုင်ငံခွဲခြားခြင်း မရှိဘဲ ကိုယ့်ပြည်ထောင်စုနဲ့ သင့်တော်မယ့်နိုင်ငံခြား အကူအညီကို လက်ခံဆိုတဲ့အချက်ကို ကျွန်တော် ခပ်ရှင်းရှင်း ပြောပြချင် တယ်။ နိုင်ငံခြားအကူအညီကို ကျွန်တော်တို့ တောင်းရတာဟာ တခြား

mgyoe.com

mgyoe.com

ကြောင့် မဟုတ်ပါဘူး။ အဟုတ်ကို လိုနေလို့ပါပဲ။ ဒုတိယကမ္ဘာစစ်ပွဲကြီး ကြောင့် တစ်ပြည်လုံး လောင်စာနဲ့ ပြာပုံအတိ ဖြစ်သွားရတဲ့ အထဲမှာ သောင်းကျန်းသူတွေက ထပ်ပြီး ဖျက်ဆီးလိုက်ပြန်တော့ ပြည်ထောင်စုကြီး တစ်ခုလုံးဟာ ဘယ်မှာ ရစရာ ရှိတော့သလဲ။ ဒီတော့ ကာယ၊ ဉာဏ၊ စာရိတ္တ၊ ဘောဂဆိုတဲ့ ပြည်ထောင်စုရဲ့ အင်အားစုတွေကို ပြန်လည် ထူ ထောင်ရေးအတွက် ကျွန်တော်တို့ဟာ နိုင်ငံခြားအကူအညီကို လိုတယ်။ ဒီအကူအညီတွေကို လက်ခံသင့် မခံသင့် စဉ်းစားနေတဲ့နေရာမှာ ဘယ် နိုင်ငံက ပေးတာလည်းဆိုပြီး ပေးတဲ့နိုင်ငံကို ထည့်ပြီးစဉ်းစားနေစရာ မလိုပါဘူး။ ကျွန်တော်တို့ အရေးတကြီး လေးလေးနက်နက် စဉ်းစားဖို့ အချက်တွေကတော့ တခြားဟာတွေ မဟုတ်ဘူး။ ဒီနိုင်ငံခြား အကူအညီဟာ သန့်သန့်ရှင်းရှင်း ဟုတ်သလား၊ မဟုတ်ဘူးလား။ ဒီအကူအညီဟာ နှစ်ဦး နှစ်ဝ အကျိုးရှိစေမဲ့ အကူအညီမဟုတ်ဘဲ တစ်ဖက်စီးနင်း ဖြစ်နေတဲ့ အကူအညီမျိုး ဖြစ်နေမလား။ ကျွန်တော်တို့ရဲ့ အချုပ်အခြာအာဏာကို တစ်နည်းနည်းနဲ့ ချုပ်ချယ်မဲ့ ချုပ်ချယ်ချက်တွေ ပါနေတဲ့ အကူအညီမျိုး ဖြစ်နေမလားဆိုတဲ့ အချက်တွေပဲ ဖြစ်တယ်။

ဒီအချက်တွေကို မစဉ်းစားဘဲ ဒီအကူအညီဟာ ရုရှားကလား၊ အင်္ဂလိပ်၊ အမေရိကန်ကလားဆိုပြီး အကူအညီပေးတဲ့ နိုင်ငံကို ခေါင်း တပ်ပြီး စဉ်းစားတဲ့နည်းကတော့ နည်းမှန် မဟုတ်ဘူး။ ဒီလို အကူအညီ ပေးတဲ့ နိုင်ငံကို ခေါင်းတပ်ပြီး စဉ်းစားတဲ့နည်းမျိုးကတော့ ကိုယ့်နိုင်ငံကို အကျိုးရှိအောင် စဉ်းစားတဲ့နည်း မဟုတ်ဘူး။ အမေကျော် ဒွေးတော်လွမ်းတဲ့ စဉ်းစားနည်းမျိုး ဖြစ်တယ်။ ဒါကြောင့် အမေကျော် ဒွေးတော်လွမ်းတဲ့ နည်းမှားကို ကျွန်တော် လေးနက်စွာ ရှုတ်ချပစ်ရမယ်။

အခု ကျွန်တော် ရှင်းပြခဲ့တဲ့ (၁) နိုင်ငံရေးပန်းတိုင်၊ (၂) ဒီပန်းတိုင် ကို ရောက်အောင် ချီတက်တဲ့နေရာမှာ အသုံးပြုမယ့်စနစ်၊ (၃) နိုင်ငံခြား ဆက်သွယ်ရေးဆိုတဲ့ ကိစ္စကြီးသုံးခုပါဝင်တဲ့ နိုင်ငံရေးလမ်းစဉ်ဟာ ရေ မျက်နှာပြင်လို ဖြစ်နေတဲ့ ပြည်ထောင်စုရဲ့ နိုင်ငံရေး အခြေအနေကို မြေ မျက်နှာပြင်ကဲ့သို့ တည်မြဲ ခိုင်ခံ့လာအောင် လုပ်တဲ့နေရာမှာ ကျွန်တော်တို့ ရဲ့ အရေးအကြီးဆုံး လှမ်းမယ့်ခြေလှမ်းပဲ။ ရေမျက်နှာပြင်လို ဖြစ်နေသေး တဲ့ ကျွန်တော်တို့ရဲ့ နိုင်ငံရေး အခြေအနေကို မြေမျက်နှာပြင်လို ခိုင်မာ

mgyoe.com